# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကျွန်းသာယာ**

ထကြွလုံ့လ ဝီရိယရှိခြင်း၊ မမေ့လျော့ခြင်း (စိတ်ထက်သန်ခြင်း)၊ သီလစောင့်စည်းခြင်း၊ မျက်စိ၊ နားစသော ဣန္ဒြေကို စောင့်စည်းခြင်းတို့ဖြင့် ပညာရှိသည် (ကိလေသာ) ရေယဉ်လှိုင်းကြီး မလွှမ်းမိုး၊ မဖျက်ဆီးနိုင်ရာ(အရဟတ္တဖိုလ်တည်းဟူသော)မိမိမှီရာကျွန်းသာယာကို ပြုလုပ်ဖန်ဆင်းရမည်။ (ဓမ္မပဒ-၂၅)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက် တနင်္လာနေ့ 2, Monday May 2016 (၈၅၄၉)




# အနက်ပေ ၁၈၀၀ အထိ တူးဖော်နိုင်သည့် စက်သစ်ကြီးဖြင့် သောက်သုံးရေခက်ခဲသည့် ဘော်ဆိုင်းဒေသ၌ စတင်တူးဖော်

သတင်း-ကိုသက်၊ ချစ်မင်းမော် ❖ ဓာတ်ပုံ-ဌေးအောင်

ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်းဒေသ၌ သောက်သုံးရေရရှိမှုအခက်အခဲရှိခဲ့သည်။ ခက်ခဲမှုကို ဖြေရှင်းပေးရန်အတွက် မြေအောက်ရေကို နက်နက်တူးရသည်။ ယခုအခါ ပေအနက် ၁၈၀၀ အထိ တူးဖော်နိုင်သည့် အင်္ဂလန်နိုင်ငံထုတ် DANDO အဝီစိတွင်းတူးစက်ကြီးဖြင့် စတင် တူးဖော်ပေးနေသည်ကို တွေ့မြင်ခဲ့ရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ●


# လုပ်ငန်းခွင်ကျွမ်းကျင်မှုနဲ့ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာဖို့ လိုအပ်နေချိန်ဖြစ်

## အလုပ်ရှင်တွေအနေနဲ့ အလုပ်သမားတွေရဲ့ ဥပဒေပါအကျိုးခံစားခွင့်တွေကို ဆောင်ရွက်ပေးဖို့လို

သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)

**ရန်ကုန် မေ ၁**

မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ အားကစားကွင်း၌ ယနေ့နံနက်က စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားမစတင်မီ လှိုင်သာယာမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံ ၁၅ ရုံမှ အလုပ်သမား ၁၅၀၀ ခန့်က အဆိုပါမြို့နယ်ရှိ နဝဒေးမှတ်တိုင်၌ နံနက် ၆ နာရီခန့်မှစတင်၍ လူများစုဝေးကာ နံနက် ၈ နာရီတွင် သက်ဆိုင်ရာအလုပ်သမားသမဂ္ဂအလံများကို ကိုင်ဆောင်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကိုဂုဏ်ပြုသည့်အနေဖြင့် အခမ်းအနားကျင်းပမည့်နေရာသို့ လမ်းလျှောက်ချီတက်ခဲ့ကြသည်။


စာမျက်နှာ ၃ ကော်လံ ၂ သို့ ❖


# မန္တလေးသို့ ကမ္ဘာလှည့်ခရီးသွား လေးသိန်းကျော် ဝင်ရောက်မည်ခန့်မှန်း

**မန္တလေး မေ ၁**

ယခုနှစ်တွင် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွား လေးသိန်းကျော်ဝင်ရောက်လာမည်ဟု ခန့်မှန်းကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မန္တလေးရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။


စာမျက်နှာ ၉ ကော်လံ ၃ သို့ ✳







## ပြည်တွင်းရေးရာ

**● ရွှေဖုံးမှ**
အဆိုပါ ဘော်ဆိုင်းဒေသသည် သတ္တုတွင်းများ ရှိသည့်ဒေသဖြစ်သောကြောင့် မြေအောက်ရေရရှိရန် နည်းပါးနိုင်ကြောင်း ဘူမိဗေဒပညာရှင်များ ခန့်မှန်းထားပြီး အရပ်အဝီစိတွင်းတူးသမား လိုက်မတူးသောဒေသ လည်းဖြစ်ကြောင်း သိရသည်။


ဦးကျော်ကျော်စိုး

ထို့ကြောင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် ယင်းဒေသသို့ ယခင်နှစ်များက လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေ ၁၀၀၀ အနက် ထိတူးဖော်နိုင်သည့် အဝီစိတွင်းတူးစက်ကြီးများ၊ ဝန်ထမ်း များ၊ နည်းပညာများဖြင့် အကူအညီယူ၍ ကုန်ကျစရိတ် အားလုံး တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဖောင်ဒေးရှင်းက ကိုယ်ပိုင်ဝယ်ယူထားသော DANDO စက်သစ်ကြီးဖြင့် ဘော်ဆိုင်းဒေသ သောက်သုံးရေ ဖူလုံ စွာရရှိရန်အတွက် အားဖြည့်အထောက်အကူပြုရန် ယင်း စက်ရောက်ပြီး ရက်ပိုင်းအတွင်း လုပ်ငန်းခွင်ဝင်၍ စတင် တူးဖော်နေပြီဖြစ်သည်။

သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လုပ်ငန်းလုပ် ဆောင်ပေးနေခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇအနာဂတ် အလင်းတန်းဖောင်ဒေးရှင်းမှ ဦးကျော်ကျော်စိုးက “ဒီဘော် ဆိုင်းဒေသက သတ္တုတွေထွက်ရှိတဲ့မြေအမျိုးအစားဖြစ် တယ်။ ဒါကြောင့် မြေအောက်ရေရရှိမှုနည်းပါးတယ်လို့ ဘူမိဗေဒပညာရှင်တွေက စမ်းသပ်တွက်ချက်ပြီး ပြောကြ တယ်။ အရပ်စက်သမားတွေ မတူးဘူး။ မတူးနိုင်ဘူး။ ဒါကြောင့်ဒီဒေသက နွေရာသီရောက်ရင် သောက်သုံးရေကို အသုံးပြုရတယ်။ တချို့ တတ်နိုင်တဲ့ လူတွေကတော့ အိမ်တွေမှာ မိုးရေလှောင်ကန်တွေလုပ်ပြီး အသုံးပြုကြ တယ်။ ဆင်းရဲတဲ့မိသားစုတွေက လှောင်ကန်မရှိတဲ့ ကန်ရေ ကိုပဲသုံးရတယ်။ ကန်ရေဆိုတာကလည်း မိုးရေဆိုပေမယ့် အိမ်ကြိုအိမ်ကြားက စီးဆင်းတဲ့ရေတွေလည်း ပါတယ်။ ရေတွေကလည်းအနီတွေဖြစ်တယ်။ ရေကန်ကို သန့်ရှင်း အောင် ဘယ်လောက်လုပ်နိုင်မှာလဲ။ ဒါတောင် ဆင်းရဲတဲ့လူ တွေက အားကိုးပြီး အသုံးပြုပါတယ်ဆိုမှ ကန်ရေကခန်း တယ်။ ရေရှိတဲ့နေရာကို သွားခပ်တော့ ငါးမိုင်၊ ခြောက် မိုင်လောက်ဝေးတဲ့နေရာမှာသွားခပ်ရတယ်။ ဒါကို ကျွန်တော်တို့ဖောင်ဒေးရှင်းက နာယကကြီးမြင်ပြီး ဘယ်လို လုပ်ပေးရင်ကောင်းမလဲလို့ အမြဲစဉ်းစားတယ်။ ပထမ တော့ ရေသယ်ယာဉ်တွေနဲ့ နေ့စဉ်ရေဂါလန် ၅၀၀၀ လောက်သွားလှူတယ်။ နေ့စဉ် လှူတာတောင် တစ်အိမ်ကို ငါးဂါလန်လောက်ပဲရတယ်။ ဒါကြောင့် သောက်သုံးရေ ဘယ်လိုရရှိမလဲ စဉ်းစားပြီး ပထမတော့ လယ်/ဆည် ဝန်ကြီးဌာနရဲ့ အကူအညီနဲ့ လူနဲ့စက်ယန္တရားတွေ ရတယ်။ ဖောင်ဒေးရှင်းက ကုန်ကျစရိတ်အားလုံးကို လှူဒါန်းတယ်။ အခုဆို ကျွန်တော် ဖောင်ဒေးရှင်းမှာကိုယ်ပိုင် စက်သစ်ကြီးထပ်ဝယ်တယ်။ ရေရရှိမှုကို အားဖြည့်ပေးနိုင် အောင်လို့ပါ။ ဒီစက်ကြီးရောက်ပြီး ရက်ပိုင်းမှာဘော်ဆိုင်း ကံဦးဘုန်းကြီးကျောင်းမှာ စတင်တူးဖော်တယ်။ ဒီစက်အတွက် ကုမ္ပဏီက ကောင်းမွန်စွာ ကိုင်တွယ်နိုင်ဖို့အတွက်လည်း ပညာရှင် Mr.Stantey Kirby ကိုယ်တိုင် ၁၄ ရက်ကြာ လေ့ကျင့်သင်ကြားရင်း တူးဖော်နေတာပါ”လို့ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဖောင်ဒေးရှင်းက “အဝီစိတွင်းတွေ တူးပြီးရင် မီးမရရှိတဲ့ဒေသမှာ မီးစက်၊ ဒိုင်နမိုတွေအပြင် စက်သုံးဆီတွေကိုပါ တစ်ပါတည်း လှူဒါန်းပေးပါတယ်။ ဒီဇယ်ဆိုရင် တွင်းတူးပြီးသမျှကို လာမယ့် ဇွန်လအထိ လှူဒါန်းပေးထားပြီးဖြစ်ပါတယ်။ မီးရှိတဲ့ဒေသတွေမှာလည်း မီးပျက်ရင် အသုံးပြုနိုင်ဖို့ အရန်မီးစက်၊ ဒိုင်နမိုတွေကို လှူဒါန်းပေးထားပါတယ်။ ဒီစက်ကြီးတွေနဲ့ လှူတဲ့အခါ၊ ရေအောင်ရင် အနည်းဆုံးတစ်နာရီကို ဂါလန် ၈၀၀ မှ အများဆုံး ဂါလန် ၄၀၀၀ လောက် အသုံးပြုနိုင်လို့ လူဦးရေ ၅၀၀ ကနေ ၂၀၀၀ လောက် အသုံးပြုနိုင်တဲ့အတွက် ရေရှားပါးမှုကို တစ်စိတ်တစ်ဒေသတော့ ဖြေရှင်းပေး နိုင်တာပါ”ဟု ဆက်လက်ပြောကြားသည်။

“ကျွန်တော့်ဖောင်ဒေးရှင်းအနေနဲ့ အဝီစိတွင်းတူးဖော် ပေးတာ အခုဆိုတွင်း ၁၁၀ ရှိပြီး ၇၃ တွင်းရေအောင် ပါတယ်။ မိုးရာသီတောင် စက်ကြီးတွေနားမှာ မဟုတ်ဘဲ ဆက်လက်တူးဖော်လှူဒါန်းသွားမှာပါ။ တရားစခန်းတွေ၊ ဘုန်းကြီးကျောင်းတွေကိုပါ လှူဒါန်းပေးပါတယ်။ အခုဆို ရှမ်းပြည်နယ်တောင်ပိုင်းမှာ တူးပေးဖို့ဖောင်ဒေးရှင်းကို တောင်းဆိုထားတာ ၄၃ တွင်းရှိပြီး ရုံးချုပ်မှာတော့ ၁၅၀ လောက်ရှိမယ်လို့ကြားရပါတယ်။ ဒါတွေကို အမှန်တကယ် ရေရှားပါးခက်ခဲတဲ့ ဒေသတွေကို အဓိကဦးစားပေးလုပ် ဆောင်သွားမှာပါ”ဟု ဦးကျော်ကျော်စိုးက ပြောကြား သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင် ဒေးရှင်းအနေဖြင့် ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှစတင်၍ ဘော်ဆိုင်း၊ ဟဲဟိုး၊ ကလော၊ အောင်ပန်း၊ ပင်းတယ၊ တောင်ကြီး၊ ဟိုပုံး၊ နမ့်စန်နှင့် ညောင်ဦးခရိုင် စက်စက်ယို ကျေးရွာ၊ ချောက်မြို့ ကျောက်တန်းကျေးရွာတို့၌ စက်ရေ တွင်းများ တူးဖော်ပေးပြီးဖြစ်ရာ ဆက်လက်၍လည်း သောက်သုံးရေရှားပါးခက်ခဲသော ဒေသများလည်း ဖောင်ဒေးရှင်းသို့ အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အပါအဝင် နိုင်ငံတကာ လူမှုအသိုက်အဝန်းနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် မေ ၁**
လုပ်ငန်းခွင်ရပိုင်ခွင့်များ ပိုမိုတိုးမြှင့်ခြင်း၊ ကောင်းမွန်သင့်တော်သော အလုပ်အကိုင် အခွင့်အလမ်းများအတွက် အားပေးခြင်း၊ လူမှုရေးအကာအကွယ်ပေးမှု တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် အလုပ်နှင့်ဆက်နွယ်သော အကြောင်း အရာများအပေါ် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းများ ပိုမိုခိုင်မာအားကောင်းလာစေရေးတို့အတွက် အားလုံး သော လက်တွဲဆောင်ရွက်ဖော်များကို ဖိတ်ခေါ်အပ်ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနက ယနေ့ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၁၆)ဖြင့် သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရသည် အလုပ်သမားရပိုင်ခွင့်နှင့် စပ်လျဉ်းသော ပြည်တွင်း ဥပဒေများကို နိုင်ငံတကာစံနှုန်းများ၊ ကျင့်သုံးမှုများနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အခြားသော မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံသည် အဓမ္မခိုင်းစေမှု ပပျောက်ရေးနှင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှု တိုးမြှင့်ဆောင် ရွက်ရေးနယ်ပယ်များတွင် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ထို့ပြင် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ရရှိစေရေးအစီအစဉ်ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပိုမိုခိုင်မာသော ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းရန်နှင့် အဓမ္မခိုင်းစေ မှုကို နယ်ပယ်အားလုံးတွင် အဆုံးသတ်နိုင်ရေးအပါအဝင် အလုပ်သမားရပိုင်ခွင့်များ ပိုမိုတိုးမြှင့်ရရှိစေရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် မိတ်ဖက်၊လက်တွဲဆောင်ရွက်ဖော်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ အပါအဝင် နိုင်ငံတကာလူမှုအသိုက်အဝန်း၊ သက်ဆိုင်သူများအားလုံးနှင့်အတူ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဟု ကတိကဝတ်ပြုကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

**❖ လုပ်ငန်းခွင်ကျွမ်းကျင်မှုမှ**
ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၊ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ် သမားနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသည့်ဧည့်သည်တော်များ၊ အလုပ်ရှင်များနှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ အလုပ်သမားသမဂ္ဂ များမှ အလုပ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက (မေဒေးနေ့) အခမ်းအနားအတွက် ပေးပို့သော သဝဏ်လွှာကို အလုပ်ရုံ နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဝင်းရှိန်က ဖတ်ကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက “လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိဖို့နဲ့ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာဖို့ဟာ အရေးတကြီး လိုအပ်နေတဲ့အချိန် ဖြစ်ပါတယ်။ လုပ်သား ထုအနေနဲ့ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးမှာ ကျွမ်းကျင်မှုရှိဖို့ ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ အလုပ်သမား တွေသာမက အလုပ်ရှင်တွေအနေနဲ့လည်း မိမိတို့ရဲ့ အကျိုး စီးပွားတွေကို ဆောင်ရွက်ရင်း အလုပ်သမားတွေရဲ့ ဥပဒေ ပါ အကျိုးခံစားခွင့်တွေကို အထူးအလေးထား ဆောင်ရွက်ပေးဖို့လိုပါတယ်”ဟု အမှာစကားပြောကြား သည်။

ထို့ပြင် အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးနေ သူများနှင့် အဖွဲ့အစည်းများအနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးစေဖို့ ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် မကြာမီ အချိန်အတွင်း အာဆီယံလူမှုအသိုက်အဝန်း အလုပ်သမား များအတွက် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိရန်၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေး ရန်၊ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေး စီမံကိန်းအကောင်အထည်ဖော်ပေးရန်၊ အစိုးရ၊အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေအရ သာမက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ “စံ” များနှင့်အညီ ရရှိခံစားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားနှင့် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင် တို့က မေဒေးနေ့အတွက် အမှာစကား ပြောကြားခဲ့သည့် အပြင် အမေရိကန် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ သွေးစည်းညီညွတ်ရေးဗဟိုဌာနမှ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Brother Jamie Davis က သွေးစည်း ညီညွတ်ရေး အမှာစကား ပြောကြားသည်။

အခမ်းအနားနှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ် ရှိ ချားမင်းအထည်ချုပ်စက်ရုံမှ အလုပ်သမား မဇာဇာက “ဒီပွဲက အလုပ်သမားနေ့ အထိမ်းအမှတ်ပွဲဆိုတဲ့အတိုင်း အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတ တွေ အများကြီးရတယ်။ နှစ်တိုင်းလည်း လာဖြစ်တယ်။ ပျော်ပွဲရွှင်ပွဲတွေအပြင် ဖျော်ဖြေရေးအစီအစဉ်တွေပါ ပါတော့ပျော်ဖို့ကောင်းတယ်။ အခုလို အလုပ်သမားနေ့ ပွဲမှာ အစိုးရနဲ့ အလုပ်ရှင်တွေ အတူတကွပါဝင်လာတာက လည်း နောင်လာမယ့်အနာဂတ်အတွက် ကောင်းတဲ့ လက္ခဏာပါပဲ”ဟုက ပြောသည်။

ထို့အပြင် အခမ်းအနားသို့လမ်းလျှောက်ချီတက် လာမှုနှင့်ပတ်သက်၍ “ကျွန်တော်တို့ အလုပ်သမားတွေ အနေနဲ့ အလုပ်သမားနေ့ အထိမ်းအမှတ်အနေနဲ့ လမ်းလျှောက်လာခဲ့ကြတယ်။ အခုလိုလုပ်တဲ့အတွက် အလုပ်သမားဘဝတူတွေ အချင်းချင်း ထိစပ်မှုတွေပိုရှိလာ သလို ပိုပြီးရင်းနှီးမှုတွေရရှိစေပါတယ်။ အလုပ်သမားနေ့မှာ လမ်းလျှောက်ချီတက်ခွင့်ရတဲ့အတွက် ပျော်ရွှင်ဖို့ကောင်း သလို ဂုဏ်ယူဖို့လည်း ကောင်းပါတယ်။ လမ်းလျှောက် ချီတက်ဖို့အတွက်ကိုလည်း သက်ဆိုင်ရာကို အသိပေးခဲ့ ပါတယ်”ဟု (Yess -1 စက်ရုံ အခြေခံအလုပ်သမား အဖွဲ့အစည်းမှ အလုပ်အမှုဆောင် ဘဏ္ဍာရေးမှူး) ကိုဝေယံရှိုင်းက ဆိုသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (CTUM) က လေးကြိမ်မြောက်အဖြစ် ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားတွင် အနုပညာ ရှင်များနှင့်အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များက သီဆိုဖျော် ဖြေကြသည်။

ထို့အပြင် အမျိုးသမီး အကြမ်းဖက်မှုကာကွယ်ရေး၊ အမျိုးသမီးများအား ကာကွယ်သည့် ဥပဒေ၊ အမျိုးသမီး ကျန်းမာရေး၊ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင် (Decent Work)၊ အဓမ္မလုပ်အားခိုင်းစေမှုပပျောက်ရေး (Forced Labour elimination) နှင့် လူမှုဖူလုံရေး (Social Security) စသည့် ပညာပေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များနှင့် စာအုပ်များကိုလည်း တက်ရောက်လာသူများအား အခမဲ့ ပေးဝေခဲ့ကြောင်း သိရသည်။



# အလုပ်သမားနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ၊ ကမ္ဘာ့မြို့ကြီးများ၌ စုဝေးချီတက်ပွဲများနှင့် ဆန္ဒပြပွဲများ ပြုလုပ်



ခွင့်ပြုပေးထားမှုနှင့်ပတ်သက်၍ အလုပ်သမားများက ကန့်ကွက်ဆန္ဒပြကြသည်။

အာရှဒေသရှိနိုင်ငံများ၏ မြို့ကြီးများ၌ အလုပ်သမား အခွင့်အရေးများနှင့် လုပ်ခလစာ တိုးတက်ရရှိရေးအတွက် အလုပ်သမားများက တောင်းဆိုဆန္ဒပြခဲ့ကြသည်။

**ဆိုးလ် မေ ၁**

ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံများ၌ အလုပ်သမားနေ့ (မေဒေး) အထိမ်းအမှတ် အခမ်းအနားများ၊ စုဝေးချီတက်ပွဲများနှင့် ကန့်ကွက်ဆန္ဒပြပွဲများကို မေ ၁ ရက်က ပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ ဘော်ဒေါက်မြို့၌ မေဒေးနေ့ အထိမ်းအမှတ် လူထုစည်းဝေးပွဲကို ကျင်းပခဲ့ရာတွင် အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲရေး အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကန့်ကွက်ဆန္ဒပြမှု ပြုလုပ်ခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၌ အလုပ်လက်မဲ့ ဖြစ်မှုနှုန်းကို လျှော့ချနိုင်ရန် ရည်ရွယ်လျက် အစိုးရအဖွဲ့က ပြုပြင်ပြောင်းလဲရေး အစီအစဉ်ချမှတ်ဆောင်ရွက်နေသော်လည်း အလုပ်သမားဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်အချို့နှင့်ပတ်သက်၍ အလုပ်သမားများက မကျေမနပ်ဖြစ်လျက် ရှိကြသည်။

ဂျာမနီနိုင်ငံရှိ ဘာလင်မြို့နှင့် ဟမ်းဘတ်မြို့များ၌ မေဒေးနေ့ အထိမ်းအမှတ် စုဝေးချီတက်ပွဲများတွင် အလုပ်သမားထောင်ပေါင်းများစွာ ပါဝင်ခဲ့ကြသည်။

ဟမ်းဘတ်မြို့၌ အကြမ်းဖက်မှုများ ကြိုးကြား ကြိုးကြား ဖြစ်ပေါ်ခဲ့သည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။

တူရကီနိုင်ငံ အစ္စတန်ဘူမြို့ရှိ တက်ဆင်ရင်ပြင်၌ မေဒေးနေ့အထိမ်းအမှတ်အခမ်းအနား မပြုလုပ်ရန် အစိုးရ၏ တားမြစ်ပိတ်ပင်ချက်ကို ဆန့်ကျင်သူအလုပ်သမားထောင်ပေါင်းများစွာကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံး အသုံးပြုကာ လူစုခွဲခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု ဆီယက်တယ်မြို့၌ အဓိကရုဏ်းများ မဖြစ်ပွားစေရန် ရဲတပ်ဖွဲ့က လုံခြုံရေး အစီအမံများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ မေဒေးနေ့ လူထုစည်းဝေးပွဲတွင် အလုပ်သမား သိန်းနှင့်ချီကာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အစိုးရအဖွဲ့က ဆောင်ရွက်နေသော အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ကန့်ကွက်မှုများ ပြုလုပ်ခဲ့ကြသည်။

သမ္မတ ပတ်ကွန်ဟေး၏ အလုပ်သမားပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းအရ အလုပ်သမားများအား အလုပ်မှ ရပ်နားမှုကို ကုမ္ပဏီများက အလွယ်တကူ ပြုလုပ်နိုင်စေရန် ခွင့်ပြုပေးထားမှုနှင့်ပတ်သက်၍ အလုပ်သမားများက ကန့်ကွက်ဆန္ဒပြကြသည်။

အာရှဒေသရှိနိုင်ငံများ၏ မြို့ကြီးများ၌ အလုပ်သမား အခွင့်အရေးများနှင့် လုပ်ခလစာ တိုးတက်ရရှိရေးအတွက် အလုပ်သမားများက တောင်းဆိုဆန္ဒပြခဲ့ကြသည်။

**ရိုက်တာ။**



# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဥရောပနိုင်ငံများနှင့် ရုရှားနိုင်ငံသို့ ခရီးထွက်ခွာ

**ကျိုတို မေ ၁**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ယခုလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံ အီ-ရှီမာဒေသ၌ ဂျီ-၇ ထိပ်သီးအစည်းအဝေးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ဥရောပခေါင်းဆောင်များနှင့် ကြိုတင်တွေ့ဆုံရန် ဥရောပနိုင်ငံများနှင့် ရုရှားနိုင်ငံသို့ ယနေ့ထွက်ခွာသွားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းအနေဖြင့် ဂျီ-၇ နိုင်ငံ့ခေါင်းဆောင်များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးရန် မျှော်လင့်ထားကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

အခက်အခဲအကျပ်အတည်းများအကြား ကမ္ဘာ့စီးပွားရေးကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဂျီ-၇ ခေါင်းဆောင်များက ဆွေးနွေးကြမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဥရောပနိုင်ငံများအကြား ရင်ဆိုင်ဖြေရှင်းနေရသည့် ရွှေ့ပြောင်းလုပ်သားပြဿနာများနှင့်ပတ်သတ်ပြီး ဂျီ-၇ ခေါင်းဆောင်များက အစည်းအဝေးတွင် ပေါင်းစပ်ညှိနှိုင်းအဖြေရှာမည်ဖြစ်သည်။

ဝန်ကြီးချုပ်သည် အီတလီနိုင်ငံတွင် ပထမဆုံးခရီးတစ်ထောက်နားမည်ဖြစ်ပြီး ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံများသို့ ခရီးဆက်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပနိုင်ငံများသို့သွားရောက်ပြီးနောက် ရုရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ယင်းအစည်းအဝေးပွဲတွင် ခေါင်းဆောင်နှစ်ဦးက ဆီးရီးယား၊ ယူကရိန်းအရေးကိစ္စရပ်များအပါအဝင် ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု ကြေညာထားပြီး ရုရှားနိုင်ငံက ထိန်းချုပ်ထားသော ကျွန်းလေးကျွန်းနှင့်ပတ်သက်သည့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။ ယူကရိန်းအရေးပြီးနောက် အေးစက်သွားသည့် အထက်ပါကိစ္စရပ်များဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးမှုကို ပြန်လည်အသက်ဝင်လာရန် ဝန်ကြီးချုပ် အာဘေးက ဆန္ဒရှိကြောင်းပြောကြားသည်။

ဂျပန်အစိုးရအနေဖြင့် အဆိုပါကျွန်းလေးကျွန်းကို ဂျပန်နိုင်ငံ၏ ရှေးအမွေအနှစ် တစ်ခုဖြစ်သည်ဟု အခိုင်အမာပြောကြားလျက်ရှိသည်။ ၎င်းတို့ကို ဒုတိယကမ္ဘာစစ်ပြီးနောက် တရားမဝင်ကျူးကျော်ခြင်းခံခဲ့ရသည်ဟု ဂျပန်အစိုးရက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# အရပ်ဘက်သုံး အဏုမြူ စွမ်းအင်လုပ်ငန်းအတွက် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနှင့် အမေရိကန်ဆွေးနွေး

**ဝါရှင်တန် မေ ၁**

အရပ်ဘက်သုံး အဏုမြူစွမ်းအင်လုပ်ငန်းအတွက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကြိုးပမ်းသွားကြရန် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ ဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနှင့် အမေရိကန်အကြား နယ်ပယ်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်နိုင်ရန် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဂျေရှန်နှင့် အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အရပ်ဘက်သုံး နျူကလီးယား နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်း အမေရိကန် ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ရာသီဥတုပြောင်းလဲခြင်း ပြဿနာလျော့ပါးစေရေးနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနှင့်အတူ အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို အမေရိကန်အစိုးရအဖွဲ့က ချီးကျူးကြောင်း၊ သမိုင်းဝင် ပါရီ သဘောတူညီချက်တွင် အိန္ဒိယနိုင်ငံရော အမေရိကန်ပါ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

**ပီတီအိုင်။**

# ပါကစ္စတန် တိုက်ချင်းပစ်ဒုံးကျည် နည်းပညာအတွက် တရုတ်နိုင်ငံ အကူအညီပေးနေဟု အမေရိကန်အမတ်စွပ်စွဲ

**ဝါရှင်တန် မေ ၁**

တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည် နည်းပညာအတွက် တရုတ်နိုင်ငံက ပါကစ္စတန်နိုင်ငံကို အကူအညီပေးလျက်ရှိသည်ဟု အမေရိကန် ကွန်ဂရက်လွှတ်တော်၏ အာရှဒေသဆိုင်ရာ ကြားနာပွဲတစ်ရပ်တွင် အမတ်တစ်ဦးက စွပ်စွဲပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ချိုးဖောက်မှုများရှိနေပြီး ကွန်ပျူတာကွန်ရက် တိုက်ခိုက်မှုများ ပြုလုပ်ခြင်းအတွက် တာဝန်ယူရမည်ဖြစ်ကြောင်း၊ တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားဖွယ်ရာ ပိုင်နက်နယ်မြေ တောင်းဆိုမှုများရှိနေကြောင်း ကွန်ဂရက် အမတ်တစ်ဦးဖြစ်သူ တက်ဒ်ပိုးက ပြောကြားသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံ၏ ဒုံးကျည် အစီအစဉ်အတွက် အကူအညီပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသို့ ဒုံးကျည်နည်းပညာ လွှဲပြောင်းပေးခြင်းမှ တရုတ်နိုင်ငံအား တားဆီးနိုင်ရေးအတွက် အမေရိကန်အစိုးရက ဆောင်ရွက်ပေးရန် ၎င်းကတိုက်တွန်းခဲ့သည်။

**ပီတီအိုင်။**



# ကျူးဘားနှင့် ဗြိတိန် ပညာရေးနှင့် စွမ်းအင်ကဏ္ဍများ ဆွေးနွေး

**ဟာဗားနား မေ ၁**

ကျူးဘားနှင့် ဗြိတိန်နိုင်ငံတို့သည် ပညာရေး၊ စွမ်းအင်၊ ယဉ်ကျေးမှုနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများ၌ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော လုပ်ငန်းကဏ္ဍများအား မိမိတို့နှစ်နိုင်ငံ ပူးတွဲလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍတွင် ကမ္ဘာ့ဦးဆောင်မှု ကဏ္ဍ၌ရှိနေပြီး ကျူးဘားနိုင်ငံ၏ ပညာရေးစနစ်မှာ ခိုင်မာအားကောင်းနေကြောင်း၊ လက်ရှိကာလတွင် ယင်းလုပ်ငန်းနယ်ပယ်များ၌ ဗြိတိန်နှင့် ကျူးဘားတို့ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ကျွန်ုပ်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ဟာမွန်က ကျူးဘားနိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ဟာမွန်သည် ကျူးဘားနိုင်ငံသို့ ဧပြီ ၂၈ ရက်တွင် အလည်အပတ်ရောက်ရှိခဲ့ပြီး ယင်း၏ ခရီးစဉ်မှာ ၁၉၅၉ နှစ် နောက်ပိုင်းကာလများအတွင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး တစ်ဦးအနေဖြင့် ကျူးဘားနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးသည် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ရိုဒရီ ဂွက်ဇ်နှင့် တွေ့ဆုံရာတွင် ကျူးဘားနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အပါအဝင် အရေးကိစ္စ အများအပြားနှင့် ဇီကာဗိုင်းရပ်ရောဂါ ကာကွယ်ရေးကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ကိစ္စများပါ ဆွေးနွေးခဲ့သည်။**ဆင်ဟွာ။**

# နိုင်ငံတကာမြင်ကွင်း



ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်

**ဘရာဇီးအောက်လွှတ်တော်က ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်ကိုစွပ်စွဲပြစ်တင်ဖို့ အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။ ဧပြီ ၁၇ ရက်က ဆုံးဖြတ်ခဲ့တာပါ။ သမ္မတကိုစွပ်စွဲအပြစ်တင်နိုင်ဖို့ဆိုရင် အောက်လွှတ်တော်ရဲ့ သုံးပုံနှစ်ပုံက သဘောတူညီဖို့လိုပါတယ်။ အောက်လွှတ်တော်မှာ အမတ် ၅၁၃ ဦးရှိတဲ့အတွက် အနည်းဆုံးအမတ် ၃၄၂ ဦးက စွပ်စွဲအပြစ်တင်ဖို့ လက်ခံရပါမယ်။ ဧပြီ ၁၇ ရက် အောက်လွှတ်တော်မှာ မဲခွဲဆုံးဖြတ်တဲ့အခါ ၃၆၇ ဦးက စွပ်စွဲအပြစ်တင်ဖို့ ထောက်ခံခဲ့ပြီး ၁၃၇ ဦးက ကန့်ကွက်ဆန့်ကျင်ခဲ့ပါတယ်။ ပျက်ကွက်မဲက ခုနစ်ဦးရှိပြီး ဆန္ဒမဲမပေးခဲ့တာက နှစ်ဦးပါ။ အောက်လွှတ်တော်ရဲ့ သမ္မတအပေါ် စွပ်စွဲပြစ်တင်ရေးဆုံးဖြတ်ချက်ကို အထက်လွှတ်တော်မှာပြန်ဆွေးနွေးဆုံးဖြတ်ကြမှာပါ။ အထက်လွှတ်တော်မှာ ဆုံးဖြတ်တဲ့အခါ မဲတစ်မဲသာရင်ကိုပဲ ဆုံးဖြတ်ချက်က အတည်ဖြစ်သွားမှာပါ။**

## ရဲရင့်လင်းလက်

ထွက်ပေါ်နေတဲ့ သတင်းတွေအရ အမတ် ၈၁ဦး ရှိတဲ့ အထက်လွှတ်တော်မှာ ၄၅ ဦးက စွပ်စွဲပြစ်တင်ဖို့ကို ထောက်ခံပြီး ၁၉ ဦးက ဆန့်ကျင်ပါတယ်။ ၁၇ ဦးက မဆုံးဖြတ်ရသေးပါဘူး။ ပြောရရင်အထက်လွှတ်တော်က စွပ်စွဲပြစ်တင်ရေးကို အတည်ပြုဖို့က သေချာသလောက် ဖြစ်နေပါပြီ။ ဒီတော့ အထက်လွှတ်တော်က စွပ်စွဲပြစ်တင်ရေးကို အတည်ပြုခဲ့ရင် သမ္မတ ဒီလ်မာရူးဆက်ဖ်ရဲ့ အနာဂတ်ဘယ်လိုဖြစ်မှာလဲ။ သမ္မတ ဒီလ်ဟရူးဆက်ဖ်က ရာထူးကနေ ယာယီဆင်းပေးရမှာဖြစ်ပြီး အထက်လွှတ်တော်က ခုံရုံးဖွဲ့စစ်ဆေးမှာပါ။ ဒီလိုသမ္မတ ဒီလ်မာရူးဆက်ဖ်ကို ခုံရုံးဖွဲ့စစ်ဆေးနေချိန်မှာ ဒုတိယသမ္မတ မိုက်ကယ်တီးမားက ယာယီသမ္မတအဖြစ်တာဝန်ယူရမှာဖြစ်ပြီး ယာယီသမ္မတရဲ့ သက်တမ်းဟာ အများဆုံး ရက်ပေါင်း ၁၈၀ ပါ။ ခုံရုံးအဖွဲ့ကို တရားရုံးချုပ်တရားသူကြီးက ဦးဆောင်မှာပါ။ ခုံရုံးအဖွဲ့ရဲ့ တွေ့ရှိချက်အပေါ်မူတည်ပြီး အထက်လွှတ်တော်ရဲ့ သုံးပုံနှစ်ပုံ ၅၄ ဦးက စွပ်စွဲအပြစ်တင်ဖို့ အတည်ပြုခဲ့ရင် သမ္မတ ဒီလ်မာရူးဆက်ဖ်က ရာထူးကနေ အပြီးဖယ်ရှားခံရမှာပါ။

ဘရာဇီးကွန်ဂရက်က သမ္မတဒီလ်မာရူးဆက်ဖ်ကို စွပ်စွဲပြစ်တင်ခဲ့တဲ့ဖြစ်ရပ်ကို နားလည်ဖို့ဆိုရင် ဘရာဇီးနိုင်ငံရဲ့ နောက်ခံဖြစ်ရပ်တွေကို သိဖို့လိုပါတယ်။ ဘရာဇီးနိုင်ငံဟာ လက်တင်အမေရိကမှာ အကြီးမားဆုံး စီးပွားရေးကို ပိုင်ဆိုင်ထားပြီး လူဦးရေအရလည်း အများဆုံးပါ။ လူဦးရေ ၂၀၂ သန်းကျော်ရှိပါတယ်။ သမိုင်းကိုပြန်ကြည့်ရင် ဘရာဇီးနိုင်ငံမှာရှိခဲ့တဲ့ လူမည်းကျွန်အရေအတွက်က အမေရိကန်နိုင်ငံထက် ဆယ်ဆလောက်များပါတယ်။ အာဖရိကတိုက်ပြင်ပမှာ လူမည်းလူဦးရေအများဆုံး နိုင်ငံက ဘရာဇီးနိုင်ငံပါ။ ပြောရရင် ဘရာဇီးနိုင်ငံမှာ လူမည်းတွေတင်သာမဟုတ်ပါဘူး၊ လူမျိုးတော်တော်များများ စုစည်းနေထိုင်ကြတာပါ။ ဘရာဇီးနိုင်ငံလူဦးရေရဲ့ ၄၈ ရာခိုင်နှုန်းဟာ လူဖြူတွေပါ။ လူမည်းတွေက ရှစ်ရာခိုင်နှုန်း နီးပါးရှိပါတယ်။ လူမည်းလူဖြူသွေးနှောက ၄၃ ရာခိုင်နှုန်းပါ။ အာရှမျိုးနွယ်တွေက တစ်ရာခိုင်နှုန်းလောက်ရှိပြီး ဌာနေအင်ဒီယန်းတွေက သုည ဒသမ ၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဘရာဇီးနိုင်ငံမှာ အသားအရောင်နဲ့ ပိုင်ဆိုင်ကြွယ်ဝမှုကို ယှဉ်တွဲကြည့်ရတယ်လို့ ပြောလေ့ရှိပါတယ်။ ချမ်းသာကြွယ်ဝသူတွေက လူဖြူတွေဖြစ်ပြီး လူမည်း၊ လူညို၊ လူဝါတွေနဲ့ ဌာနေအင်ဒီယန်းတွေက သာမန်ပြည်သူတွေပါ။

ဘရာဇီးနိုင်ငံကို ဆယ်စုနှစ်ငါးစု ကျော်ကျော်လောက် စစ်အာဏာရှင်တွေကပဲ အုပ်ချုပ်ခဲ့ပြီး ဒီမိုကရေစီစနစ်ကို ၁၉၈၅ ခုနှစ်ကျမှ စတင်ကျင့်သုံးခဲ့တာပါ။ ဘရာဇီးနိုင်ငံရဲ့ လက်ရှိအနေအထားကိုပြောရရင် ဘရာဇီးနိုင်ငံကို အလုပ်သမားပါတီက အုပ်ချုပ်နေတာ ၁၄ နှစ်ထဲရောက်နေပါပြီ။ အလုပ်သမားပါတီကို စတင်ထူထောင်ခဲ့တဲ့ လူလာဒါဆီလီမာက ဘရာဇီးသမ္မတအဖြစ် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ဆောင်ရွက်ခဲ့ပါတယ်။ သမ္မတဒီလ်မာရူးဆက်ဖ်က ဘရာဇီးနိုင်ငံရဲ့ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ စတင်တာဝန်ယူခဲ့ပြီး ၂၀၁၄ ခုနှစ်မှာ သမ္မတအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခံခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမှာ သမ္မတဒီလ်မာရူးဆက်ဖ်က ဆန္ဒမဲရဲ့ ၅၂ ရာခိုင်နှုန်းကိုရခဲ့ပြီး မဲအရေအတွက်အရ ဆိုရင် ၅၄ သန်းကျော်ရရှိခဲ့ပါတယ်။ သမ္မတ ဒီလ်မာရူးဆက်ဖ်ဟာ အလုပ်သမားပါတီရဲ့ ခေါင်းဆောင်တစ်ဦးပါ။

အလုပ်သမားပါတီကိုစတင်ထူထောင်ခဲ့တဲ့ ဘရာဇီး သမ္မတ လူလာဒါဆီလီမာက လက်ဝဲဝါဒီတစ်ဦးဖြစ်ပြီး ဘရာဇီးပြည်သူတွေရဲ့ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ဖို့ လူမှုဖူလုံရေးအစီအစဉ် (Fome Zero) ကို ၂၀၀၃ ခုနှစ်က စကျင့်သုံးခဲ့ပါတယ်။ ဒီလူမှုဖူလုံရေးအစီအစဉ်မှာ ဆင်းရဲချို့တဲ့သူတွေကို တိုက်ရိုက်ငွေကြေးထောက်ပံ့တဲ့ အစီအစဉ် (Bolsa Familia)တွေပါသလို လယ်သမားငယ်လေးတွေကို ထောက်ပံ့တာ၊ အသေးစားချေးငွေတွေ ထုတ်ပေးတာစတဲ့ လူမှုဖူလုံရေးအစီအစဉ် အမျိုးမျိုး ပါဝင်ပါတယ်။ ဘရာဇီးနိုင်ငံမှာ လူမှုဖူလုံရေးအစီအစဉ်တွေကို ဘယ်လောက်ထိထိရောက်ရောက် အကောင်အထည်ဖော်ခဲ့သလဲဆိုတာကို ကြည့်ရအောင်ပါ။ လူထုကျန်းမာရေး အသုံးစရိတ်ဟာ ၂၀၀၂ ခုနှစ်မှာ ဒေါ်လာ ၂၈ ဘီလီယံပဲရှိခဲ့ပေမယ့် ၂၀၁၃ ခုနှစ်မှာတော့ ဒေါ်လာ ၁၀၆ ဘီလီယံအထိ သုံးဆခွဲကျော်ကျော်၊ လေးဆနီးပါးတိုးမြှင့်သုံးစွဲခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေးမှာ အဓိကရည်ညွှန်းကိန်းဖြစ်တဲ့ အရှင်မွေးကလေးငယ် ၁၀၀၀ မှာ သေဆုံးတဲ့ကလေးငယ်က ၂၀၀၃ ခုနှစ်မှာ ၂၂ ဒသမ ၅ ဦးရှိပေမယ့် ၂၀၁၅ မှာ ၁၄ ဒသမ ၆ ဦးအထိကျဆင်းခဲ့ပါတယ်။ ပညာရေးအသုံးစရိတ်ကလည်း ၂၀၀၂ ခုနှစ်မှာ ဒေါ်လာ ၁၇ဘီလီယံ ပဲရှိပေမယ့် ၂၀၁၃ ခုနှစ်မှာ ဒေါ်လာ ၉၄ ဘီလီယံအထိ မြှင့်တက်ခဲ့ပါတယ်။ ဒီလိုကျန်းမာရေး၊ ပညာရေး အသုံးစရိတ်တွေ တိုးမြှင့်သုံးစွဲခဲ့တဲ့အတွက် ဘရာဇီးပြည်သူ ၂၂သန်းနီးပါးဟာ ဆင်းရဲမွဲတေသူထဲကနေ ရုန်းထွက်နိုင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ဆင်းရဲချို့တဲ့မှုနှုန်းက ၃၅ ဒသမ ၈ရာခိုင်နှုန်း ရှိပေမယ့် ၂၀၁၃ ခုနှစ်မှာတော့ ၁၅ ဒသမ ၇ရာခိုင်နှုန်း အထိကျဆင်းခဲ့ပါတယ်။ ဆင်းရဲမွဲတေမှုနှုန်းကလည်း ၂၀၀၃ ခုနှစ်မှာ ၁၁ ဒသမ ၅ရာခိုင်နှုန်းရှိခဲ့ပေမယ့် ၂၀၁၃ ခုနှစ်မှာ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

အလုပ်သမားပါတီရဲ့ လူမှုဖူလုံရေးအစီအစဉ်တွေကြောင့် နဂိုကအဆင်မပြေခဲ့တဲ့ ဘရာဇီးပြည်သူတွေဟာ အိုးအိမ်တွေပိုင်ဆိုင်လာတယ်။ လျှပ်စစ်မီးကို သုံးစွဲနိုင်လာတယ်။ အခြေခံလူသုံးကုန်ပစ္စည်းတွေကို ပြည့်ပြည့်စုံစုံ သုံးစွဲနိုင်လာတယ်။ တက္ကသိုလ်တွေ တက်လာနိုင်တယ်။ လုပ်ငန်းခွင်ဆိုင်ရာ နည်းပညာကျောင်းတွေကို တက်လာနိုင်တယ်။ ပြောရရင် ဘရာဇီးပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းက သိသိသာသာ မြင့်တက်လာပါတယ်။ ဒီလိုမြင့်တက်လာတဲ့အတွက် သမိုင်းစဉ်တစ်လျှောက် လူတန်းစားခွဲခြားမှုပြင်းထန်ခဲ့တဲ့ ဘရာဇီးနိုင်ငံမှာ ရေပေါ်ဆီအလွှာ လူဖြူတွေဟာ သူတို့သာ သီးသန့်ပိုင်ဆိုင်တယ်လို့ ယူဆထားတဲ့အရာတွေကို သာမန်ဘရာဇီးပြည်သူတွေက ပိုင်ဆိုင်လာတဲ့အခါ မနာလိုမျက်မုန်းကျိုးလာပါတယ်။ ဒါက ဘရာဇီးလူ့အဖွဲ့အစည်းရဲ့အခြေခံအက်ကြောင်းပါ။

ဒီအခြေခံ အက်ကြောင်းကို ပိုနက်ရှိုင်းလာအောင် ရိုက်သွင်းထိုးခွဲလိုက်တဲ့ ကိစ္စကတော့ ဘရာဇီးနိုင်ငံရဲ့ စီးပွားရေးဆုတ်ယုတ် ကျဆင်းလာတာပါ။ သမ္မတဒီလ်မာရူးဆက်ဖ်ရဲ့ နိုင်ငံရေးဦးဆောင်နိုင်စွမ်း မခိုင်မာတာနဲ့ အလွဲလွဲအချော်ချော် စီမံခန့်ခွဲမှုတွေကြောင့် ဘရာဇီး စီးပွားရေးဟာ ဆုတ်ယုတ်ကျဆင်းလာပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးလာတာနဲ့ ကမ္ဘာ့လူသုံးကုန်ပစ္စည်းတွေ ဈေးနှုန်းကျဆင်းလာတဲ့အတွက် ပြည်ပပို့ကုန်အပေါ် မှီခိုနေရတဲ့ ဘရာဇီးနိုင်ငံရဲ့ စီးပွားရေးဟာ ပိုအထိနာလာပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဘရာဇီးနိုင်ငံရဲ့ စီးပွားရေးဟာ ၃ ဒသမ ၈ရာခိုင်နှုန်း ကျုံ့သွားပါတယ်။ တိုင်းပြည်ရဲ့ ဘတ်ဂျက်လိုငွေဟာ တိုင်းပြည်ထုတ်ကုန်တန်ဖိုး (GDP) ရဲ့ ၁၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိလာပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းကလည်း ၁၁ ရာခိုင်နှုန်းအထိ ခုန်တက်လာပါတယ်။ ဒီလို ဆိုးရွားလာတဲ့စီးပွားရေး အခြေအနေတွေကြောင့် ဘရာဇီးပြည်သူတွေအကြား သမ္မတဒီလ်မာရူးဆက်ဖ်အစိုးရအပေါ် မကျေနပ်မှုတွေ တိုးပွားလာခဲ့ပါတယ်။ အခြေအနေကိုမီးလောင်ရာ လေပင့်ဖြစ်စေခဲ့တာက ဘရာဇီးလူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေတဲ့ အကျင့်ပျက်လာဘ်စားမှုပါ။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှာ ဘရာဇီးရဲတပ်ဖွဲ့ဟာ အကျင့်ပျက်လာဘ်စားသူကို စစ်ဆင်ရေးအသွင် (Operation Car Wash) နှိမ်နင်းလာပါတယ်။ နိုဝင်ဘာလ ၁၄ရက်မှာ ဘရာဇီးရဲတပ်ဖွဲ့ဟာ ဘရာဇီးနိုင်ငံရဲ့ ပြည်နယ်ခြောက်ပြည်နယ်မှာရှိတဲ့ ထင်ရှားတဲ့ နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးသမားတွေကို ထိန်းသိမ်းခဲ့ပါတယ်။ ဒီထဲမှာ နိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီ (Potrobras) ရဲ့ ဒါရိုက်တာတချို့လည်း ပါဝင်ပါတယ်။

ဒီဒါရိုက်တာတွေကို ဒေါ်လာ ၂၂ ဘီလီယံတန်ဖိုးရှိတဲ့ သံသယဖြစ်စရာ ကန်ထရိုက်ကိစ္စတွေကြောင့် ထိန်းသိမ်းတာပါ။ အကျင့်ပျက်လာဘ်စားမှုတွေကြောင့် တရားရင်ဆိုင်နေရတဲ့ ကွန်ဂရက်အမတ်တွေနဲ့ အစိုးရအရာရှိတွေက ၁၅၀ ကျော်ရှိပါတယ်။ ဒီလိုတရားရင်ဆိုင်နေရတဲ့ နိုင်ငံရေးသမားတွေထဲမှာ သမ္မတဒီလ်မာရူးဆက်ဖ်ကို စွပ်စွဲပြစ်တင်ဖို့ဦးဆောင်လုပ်ကိုင်ခဲ့တဲ့ အောက်လွှတ်တော်ဥက္ကဋ္ဌ အက်ဂွါဒိုကန်ဟားလည်း ပါဝင်ပါတယ်။ စွပ်စွဲပြစ်တင်မှုကြောင့် သမ္မတဒီလ်မာရူးဆက်ဖ်ရာထူးကနေ ယာယီဆင်းခဲ့ရရင် ယာယီသမ္မတတာဝန်ယူရမယ့် ဒုတိယသမ္မတမိုက်ကယ်တီးမားကလည်း တရားမဝင်အီသနောရောင်းဝယ်မှုတွေနဲ့ စွပ်စွဲခံထားရတာပါ။ ပြောရရင်အောက်လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယသမ္မတတို့ဟာ အတိုက်အခံပါတီဖြစ်တဲ့ ဘရာဇီးဒီမိုကရေစီလှုပ်ရှားမှုပါတီ (PMDB)ရဲ့ ခေါင်းဆောင်တွေဖြစ်ပြီး သမ္မတဒီလ်မာရူးဆက်ဖ်ရဲ့ နိုင်ငံရေးပြိုင်ဘက်တွေပါ။

အောက်လွှတ်တော်မှာ သမ္မတကို စွပ်စွဲပြစ်တင်ဖို့ မဲမခွဲခင် စုံစမ်းစစ်ဆေးရတဲ့ ကော်မတီရဲ့ အဖွဲ့ဝင် ၆၅ဦးမှာ ၃၆ ဦးဟာ အကျင့်ပျက်လာဘ်စားမှုနဲ့စွပ်စွဲခံထားရတဲ့ အမတ်တွေပါ။ သမ္မတဒီလ်မာရူးဆက်ဖ်ကို စွပ်စွဲပြစ်တင်ရတဲ့အခြေခံအကြောင်းရင်းက အကျင့်ပျက်လာဘ်စားမှု မဟုတ်ပါဘူး။ ၂၀၁၄ ရွေးကောက်ပွဲမတိုင်ခင် မဲဆွယ်ရာမှာ မျက်နှာသာရဖို့ တိုင်းပြည်ရဲ့ ဘတ်ဂျက်လိုငွေကို အမှန်တကယ်ထက် လျှော့ပြခဲ့တယ်ဆိုတဲ့ အကြောင်းပြချက်အပေါ် အခြေခံပြီး စွပ်စွဲပြစ်တင်ခဲ့တာပါ။ အတိုက်အခံ ဘရာဇီးဒီမိုကရေစီ လှုပ်ရှားမှုပါတီ (PMDB)ဟာ လူဖြူတွေကြီးစိုးတဲ့ ချမ်းသာကြွယ်ဝတဲ့ စီးပွားရေးအုပ်စုကြီး (Federation of Industries of Sao Paulo) ကိုကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီပါ။

ဒါကြောင့် ဒုတိယသမ္မတ မိုက်ကယ်တီးမားဟာ ယာယီသမ္မတသာဖြစ်ခဲ့ရင် (ဖြစ်ဖို့လည်းများနေပါတယ်) အလုပ်သမားပါတီရဲ့ လူမှုဖူလုံရေးအစီအစဉ်တွေကို မြေလှန်ပြောင်းလဲပစ်ဖို့ ကြိမ်းဝါးနေပါတယ်။ ဘတ်ဂျက်လိုငွေလျှော့ချရေးအတွက် ခြိုးခြံချွေတာရမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒီလိုမြေလှန် ပြောင်းလဲဖို့ကြိုးစားမှာပါ။ ဒီလိုသာဆိုရင် လူမှုဖူလုံရေး အစီအစဉ်တွေရဲ့ အကျိုးကျေးဇူးခံစားနေရတဲ့ ဘရာဇီးပြည်သူတွေကို ဒုက္ခတွင်းထဲ တွန်းချသလိုဖြစ်ပြီး ဘရာဇီး နိုင်ငံရဲ့ လူဖြူတွေကြီးစိုးတဲ့အပေါ်ယံရေပေါ်ဆီအလွှာနဲ့ အသားရောင်ပေါင်းစုံ ဘရာဇီးပြည်သူတွေရဲ့ အောက်ခြေလူတန်းစားတို့အကြား ပြင်းထန်တဲ့ပဋိပက္ခတွေ ဖြစ်ပွားလာနိုင်ပါတယ်။

အလုပ်သမားပါတီရဲ့ အမာခံအဖွဲ့အစည်းဖြစ်တဲ့ မြေယာမဲ့ ကျေးလက်အလုပ်သမားများ လှုပ်ရှားမှုအဖွဲ့ (MST) ရဲ့ ခေါင်းဆောင်တစ်ဦးက "အလုပ်သမားတွေဟာ သူတို့ဆန္ဒမဲကို လေးစားတယ်ဆိုတာကို ဘူဇွာတွေ သိစေရမယ်။ ဒီမိုကရေစီကို လေးစားတန်ဖိုးထားဖို့လိုတယ်ဆိုတာကို ဘူဇွာတွေ သိစေရမယ်" လို့ကြိမ်းဝါးခဲ့ပါတယ်။ သမ္မတ ဒီလ်မာရူးဆက်ဖ်ကတော့ သူ့ကို စွပ်စွဲပြစ်တင်တဲ့ လုပ်ရပ်ဟာ အာဏာသိမ်းတဲ့လုပ်ရပ်ပဲလို့ ရှုတ်ချခဲ့ပါတယ်။ ပြောရရင် သမ္မတဒီလ်မာရူးဆက်ဖ်ကို စွပ်စွဲပြစ်တင်တဲ့လုပ်ရပ်ဟာ ဘရာဇီးနိုင်ငံရဲ့ ဘူဇွာလူတန်းစားနဲ့ အခြေခံလူတန်းစားတွေကြားက အာဏာလွန်ဆွဲပွဲလို့ ပြောနိုင်ပါတယ်။ ။



# ဇာတိမြေထဲ ရွှေ့ပြောင်းနေရသူတွေ

**ခင်ဘုန်းသွယ်**

ကျူးကျော်တွေအတွက် အိမ်ရာတွေ စီမံပေးမယ်ဆိုတဲ့ သတင်း တွေ့လိုက်ရတော့ အတော်လေးကို ဝမ်းသာရပါတယ်။ ဝင်ငွေနိမ့်ပါးသူတွေ နေရေး၊ ထိုင်ရေး စိတ်အေးရတဲ့အခါ တိုင်းပြည်အတွက် စေတနာပါတဲ့ လုပ်သားတွေရှိပြီး ပေါ်ထွက်လာမှာအမှန်ပါ။ ကျူးကျော်တဲလေးတွေ ဟိုမှာ ဒီမှာ တွေ့မြင်ရတိုင်းလည်း သူတို့တွေကို ကောင်းရာမွန်ရာ နေစေလိုတဲ့စိတ် အမြဲဖြစ်မိပါတယ်။ ပြောမယ့်သာပြောတာပါ။ နေရေးဒုက္ခဆိုတာက ကျွန်မတို့ဆီမှာ အောက်ခြေလူတန်းစားတင်မက လူလတ်တန်းစားလို့ ဆိုရမလား။ အလုပ်အကိုင်၊ ဝင်ငွေ အတန်အသင့်ရှိတဲ့သူ၊ စီးပွားရေးလုပ်ငန်းကိုင်ငန်း လုပ်ကိုင်နေသူများပါ ခံစားနေကြရတဲ့ ဒုက္ခတစ်ခုဖြစ်နေပါတယ်။

လူလတ်တန်းစားဆိုတာ ဝင်ငွေဘယ်လောက်ရှိသူကို သတ်မှတ်လေသလဲ မသိပါ။ ဒါပေမယ့် နေရေး၊ ထိုင်ရေး စိတ်မအေးရသူတွေ အတော်လေးများတာကိုတော့ သတိထားမိပါတယ်။ ရန်ကုန်ဆိုတာ နယ်က လူအများ လာရောက်အလုပ်လုပ်ကိုင်ရာနေရာ၊ ဒီလို ကိုယ့်ပြည်တွင်း တစ်နေရာကနေ ပြည်တွင်းနောက်တစ်နေရာကို အလုပ်အကိုင်ရရှိရေး ရွှေ့ပြောင်းနေရသူတွေကို ပြည်တွင်းရွှေ့ပြောင်းလုပ်သားတွေလို့ပဲ ဆိုလိုက်ပါရစေ။ ပြည်တွင်းရွှေ့ပြောင်းလုပ်သားတွေ အရင်ဦးဆုံး ကြုံတွေ့ကြရတာကတော့ နေရေးပါပဲ။ တစ်ယောက်စာ အဆောင်လခကိုတောင် အနည်းဆုံး တစ်လနှစ်သောင်း၊ နှစ်သောင်းခွဲပေးရပါတယ်။ ဒါလည်း တိုက်ခန်းကျဉ်းလေးထဲမှာ အခန်းငယ်လေးတွေ ပြန်ဖွဲ့ထားတဲ့ အခန်းလေးထဲမှာမှ နှစ်ယောက်၊သုံးယောက်စုပြီး နေကြရတာပါ။ ဒီတော့ အဆင်မပြေမှုလေးတွေက အချိန်ကြာလာရင် အနည်းနဲ့အများပေါ်လာတတ်ပြီး တစ်နေရာကို ရွှေ့ကြရပြန်ပါတယ်။ ရန်ကုန်မှာ အလုပ်လာလုပ်သူ လူငယ်မိန်းကလေး၊ ယောကျ်ားလေးတွေမှာ နေရေး၊ ထိုင်ရေးအတွက်ကိုပဲ အမြဲရင်ဆိုင်ဖြေရှင်းနေကြရတယ်ဆိုရင် မမှားပါဘူး။

ဒီလိုပါပဲ နယ်ကနေ ရန်ကုန်ကိုလာပြီး အလုပ်လုပ်နေသူတွေတင်မဟုတ်ပါဘူး။ ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာ နေသူတွေတောင်မှ နေရေးအတွက် ဖြေရှင်းရခက်နေသူတွေ တစ်ပုံတစ်ပင်ပါ။ မိဘနဲ့ အတူနေတာကနေ တစ်အိုးတစ်အိမ်ထူထောင်မယ်ဆိုရင်ကိုပဲ ပူကြပန်ကြရပါပြီ။ နိုင်ငံရပ်ခြားမှာလို နှစ် ၃၀ ချေးငွေဆိုတာမျိုး ငွေကိုအရစ်ကျသွင်းသွားပြီး လူကအိမ်ပေါ်အရင်တက်နေခွင့်ရတာမျိုးက ဒီမှာ အခုမှစပြီး အကောင်အထည်ဖော်ခါစဆိုတော့ ဒီလိုအခွင့်အရေးမျိုးက လူတိုင်းနဲ့လက်လှမ်းမမီသေးတာမို့ နေထိုင်စရာရှာရတာ အတော်လေးအခက်တွေ့ရပါတယ်။ အိပ်ခန်းတစ်ခန်း ငှားရဖို့အရေးဆိုတာကလည်း ကိုယ့်အလုပ်နဲ့နီးရာ၊ ကိုယ်တတ်နိုင်တဲ့ငွေကြေးနဲ့ ငှားရမ်းခဖြစ်ဖို့ရာ၊ ပတ်ဝန်းကျင်အနေအထား ကိုယ်နဲ့ သဟဇာတဖြစ်ဖို့ရာ အတော်လေးကို ရွေးကြရပါတယ်။ အခက်ခဲဆုံးရင်ဆိုင်ကြရတာကတော့ အိမ်လခပေးရတာက တစ်လတစ်ခါ မဟုတ်ဘဲ ခြောက်လစာ၊ တစ်နှစ်စာ တစ်ခါတည်း ငွေချေကြရတာပါ။ ငွေမတတ်နိုင်လို့အိမ်ငှားပါတယ်ဆိုမှ ငွေများများရှိမှ အိမ်ငှားနေနိုင်မယ့်အဖြစ်ပါ။ တစ်ခါ အိမ်ငှားသူ အိမ်ရှင်တွေက ခြောက်လတစ်ခါဆိုသလို၊ တစ်နှစ်တစ်ခါဆိုသလို အိမ်ငှားခတွေ ဈေးတိုးတောင်းတတ်တာမို့ ဒီခေတ်ကြီးထဲ လိပ်စာအတည်တကျရှိသူတွေတောင် နည်းပါးလာပြီလို့ ဆိုရပါမယ်။ တစ်ခါတွေ့ တစ်နေရာ ပြောင်းသွားတတ်လွန်းလို့ မိတ်ဆွေတွေ အနေကြာမှတွေ့တဲ့အခါ အရင်အိမ်မှာပဲလားဆိုတာက ထည့်သွင်းနှုတ်ဆက်ရမယ့်စကားလိုဖြစ်နေပါပြီ။

ရန်ကုန်သူ ရန်ကုန်သားဖြစ်လျက် နေစရာအိမ်အတည်တကျမရှိနိုင်ဘဲ ကိုယ်နေထိုင်တဲ့ မြို့အတွင်းမှာကို ကိုယ်တိုင်ရွှေ့ပြောင်းနေသူတွေလည်း များလှပါတယ်။ ရွှေ့ပြောင်းနေရသူများ ခံစားရတဲ့ဒုက္ခဟာ အိမ်ငှားနေသူပဲဖြစ်စေ၊ အဆောင်နေသူပဲဖြစ်စေ တစ်မြို့က တစ်မြို့ကို ပြေးလွှားရွှေ့ပြောင်းရသူဖြစ်စေ၊ ခံစားချက်ချင်း ထပ်တူနီးပါးကျလို့နေပါတယ်။ ကိုယ်နေထိုင်နေကျ ပတ်ဝန်းကျင်မဟုတ်ဘဲ အမြဲလိုလို ပတ်ဝန်းကျင်အသစ်နဲ့ ထပ်ထပ်တွေ့နေတဲ့အခါ မိသားစုမှာ လုံခြုံမှုကို မခံစားရနိုင်ပါဘူး။ ခင်ရာဆွေမျိုးဆိုတာလို မိတ်ကောင်းဆွေကောင်းများနဲ့လည်း ကြာရှည်ကြာများ အတူနေထိုင်ခွင့်တွေလည်း ဆုံးရှုံးကြရပါတယ်။ အိမ်ထောင်ပရိဘောဂဆိုတာများလည်း ဟိုအိမ်နဲ့အံမဝင်၊ ဒီအိမ်နဲ့အံမကျနဲ့ အိမ်တွင်းအလှအပဆိုတာတွေနဲ့လည်း အနည်းနဲ့အများ တော့ဝေးကြရပြန်ပါတယ်။ ပိုလို့ဆိုးတာကတော့ ကလေးငယ်များအတွက်ပါ။ သူတို့တွေမှာ ငယ်သူငယ်ချင်းဆိုတာမျိုးနဲ့ဝေးကြရသလို တချို့တွေမှာ ကိုယ်စာသင်ရာကျောင်းပါ လိုက်ပြောင်းရတဲ့အခါ ရပ်ကွက်နေသူငယ်ချင်းဆိုတာလည်းမရှိ ကျောင်းနေဖက်သူငယ်ချင်းဆိုတာလည်း ရှားပါးတယ်ဆိုတာမျိုး ဖြစ်ကြရပါတယ်။

ဒါကြောင့် ရွှေ့ပြောင်းသူတို့ရဲ့ ဒုက္ခတွေအတော်များများ ထပ်တူခံစားကြရတဲ့ ပြည်တွင်းရွှေ့ပြောင်းနေရသူတွေရဲ့ အရေးဟာလည်း မသေးတဲ့ကိစ္စတစ်ရပ်ပါလို့ ဆိုချင်ပါတယ်။ အိမ်ရာအတည်တကျမရှိသူတွေ များပြားလာတဲ့အခါ သူတို့တွေရဲ့ ဒုက္ခအဖြစ်နဲ့တင် ရပ်တန့်မနေတော့ပါဘူး။ အလုပ်အကိုင် အခွင့်အလမ်းတွေက မြို့တွင်းမှာရှိနေပြီး အဲဒီအလုပ်တွေမှာ လုပ်ကိုင်သူတွေက မြို့ပြင်မှာသာ နေဖို့တတ်နိုင်တော့တဲ့အခါ အလုပ်ဆင်း အလုပ်တက်ချိန်များဟာ ကားလမ်းတွေ လိုတာထက်ပိုပြီး ပိတ်ဖို့အကြောင်းဖြစ်လာပါတော့တယ်။ ဘယ်ကိစ္စမဆို ထိခိုက်စေတဲ့ အကြောင်းရင်းတစ်ရပ်ရှိခဲ့ရင် ဆက်စပ်နေသမျှ အကြောင်းအရာအကုန်လုံးပါ ထိခိုက်တတ်တာမျိုးမဟုတ်ပါလား။ အိမ်ရာအတည်တကျမရှိသူများရဲ့အရေး ပြေလည်ဖို့ရာ မိသားစုတိုင်း အခန်းတစ်ခန်းပိုင်ဆိုင်ဖို့ရာကတော့ ဝေးနေဦးမလား မသိပါ။ ဒါပေမယ့်လည်း လတ်တလောမှာတော့ အိမ်ငှားနေကြတဲ့ ပုံစံဖြစ်တဲ့ နှစ်ချုပ်၊ လချုပ် ငှားရမ်းနေတဲ့ စနစ်တစ်ခုကို ပြောင်းလဲပေးနိုင်ရင်ကိုပဲ ရွှေ့ပြောင်းနေရသူတို့ ပြဿနာဟာ အတော်အတန် ဖြေရှင်းပြီးသားဖြစ်သွားမှာပါ။

လွှအလို နတ်မလိုက်နိုင်ပါဘူး။ ကျွန်မတို့ တိုင်းပြည်ကြီးရဲ့ များပြားလှတဲ့ လိုအပ်ချက်တွေကို အခုတက်လာတဲ့ အစိုးရသစ်မှာ အတော်ကြီးကို ကြိုးစားပြီးဖြေရှင်းနေကြရတယ်ဆိုတာလည်း အများနားလည်ပြီးသားပါ။ သို့သော်လည်း ကိုယ်ပြောလိုတာလေးတွေ၊ ကိုယ်လိုချင်တာလေးတွေကို ကိုယ်အားကိုးရသူကို အရင်ဦးဆုံး ပြောပြလိုက်ချင်တာကလည်း လူ့သဘာဝပဲ မဟုတ်ပါလား။

ကျူးကျော်များလည်း အိမ်ရာရစေ၊ ကိုယ့်ဇာတိဖြစ်လျက် ရွှေ့ပြောင်းနေထိုင်သူများလည်း အိမ်ရာရပါစေကြောင်း တောင်းဆုပြုမိပါတယ်။ ။

**ကျူးကျော်တွေအတွက် အိမ်ရာတွေ စီမံပေးမယ်ဆိုတဲ့သတင်း တွေ့လိုက်ရတော့ အတော်လေးကို ဝမ်းသာရပါတယ်။ ဝင်ငွေနိမ့်ပါးသူတွေ နေရေး၊ ထိုင်ရေး စိတ်အေးရတဲ့အခါ တိုင်းပြည်အတွက် စေတနာပါတဲ့ လုပ်သားတွေရှိပြီး ပေါ်ထွက်လာမှာအမှန်ပါ။ ကျူးကျော်တဲလေးတွေ ဟိုမှာ ဒီမှာ တွေ့မြင်ရတိုင်းလည်း သူတို့တွေကို ကောင်းရာမွန်ရာ နေစေလိုတဲ့စိတ် အမြဲဖြစ်မိပါတယ်။ ပြောမယ့်သာပြောတာပါ။ နေရေးဒုက္ခဆိုတာက ကျွန်မတို့ဆီမှာ အောက်ခြေလူတန်းစားတင်မက လူလတ်တန်းစားလို့ဆိုရမလား။ အလုပ်အကိုင်၊ ဝင်ငွေ အတန်အသင့်ရှိတဲ့သူ၊ စီးပွားရေးလုပ်ငန်းကိုင်ငန်း လုပ်ကိုင်နေသူများပါ ခံစားနေကြရတဲ့ ဒုက္ခတစ်ခုဖြစ်နေ....**

## မိုးဦးလေဦးလျှပ်စစ်အန္တရာယ် ကာကွယ်ရေးဆောင်ရွက်

**ညောင်တုန်း မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မိုးဦးလေဦးတွင် လျှပ်စစ်ဓာတ်အားလိုင်းများပေါ်သို့ သစ်ကိုင်းများကျိုးကျခြင်း၊ သစ်ပင်များလဲကျခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ကျေးရွာနေပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ဓာတ်အားပြတ်တောက်မှုနည်းပါးစေရန်အတွက် 11 KV ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော ကျေးရွာများဖြစ်သည့် တာကွေ့၊ ပေစိ၊ ကျုံတမာ၊ မြမ္မာပြာသာ၊ သောင်တန်း၊ ရှမ်းစု၊ ပဲရုံဆိပ်၊ ရိုးကြီးကျေးရွာများမှ လမ်းဘေးဝဲယာရှိ သစ်ပင်သစ်ကိုင်းများ၊ ဓာတ်အားလိုင်းနှင့်နီးစပ်သည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာဦးအောင်မြင့်ကျော် ဦးဆောင်၍ မြို့နယ်လျှပ်စစ် ဝန်ထမ်းများက ဧပြီ ၃၀ ရက် နံနက်ပိုင်းမှစ၍ လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော် (ညောင်တုန်း)**

## သဘာဝဘေးဒဏ်ကြောင့် သေဆုံးခဲ့သည့်ခိုင်းနွားများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၊ ပုန်းဟုန်ကျေးရွာအုပ်စု တောင်ဖီလာကျေးရွာ၌ ဧပြီ ၃၀ ရက်က သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးသွားခဲ့ရသော လယ်ယာသုံးခိုင်းနွားနှစ်ကောင်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက တောင်သူဦးကျော်ဆန်းဦးအား ကူညီထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ကမ္ဘောဇကောလင်းဘဏ်ခွဲတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဧပြီ ၂၇၊ ၂၈ နှင့် ၂၉ ရက်တို့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိဿလင်းကျေးရွာအုပ်စု နလယ်အင်းရွာမှ ဦးတင်စိုး၏ သေဆုံးသွားခဲ့သည့်ခိုင်းနွား သုံးကောင်အတွက် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရေသရောက်ကျေးရွာမှ ဦးအောင်သူလွင်ကို၏ ခိုင်းနွားနှစ်ကောင် ဆုံးရှုံးခဲ့သည့်အတွက် ကူညီထောက်ပံ့ငွေကျပ်သိန်း ၂၀ နှင့် ခိုင်းနွားတစ်ကောင် ဆုံးရှုံးခဲ့သည့် ဦးဖြိုးဝေအား ကူညီထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လက်ပံဆိပ်ကျေးရွာမှ ခိုင်းနွားနှစ်ကောင်ဆုံးရှုံးခဲ့သည့် ဦးတင်အောင်အား ကူညီထောက်ပံ့ငွေကျပ်သိန်း ၂၀၊ သမတန်းကျေးရွာမှ ခိုင်းနွားတစ်ကောင်စီဆုံးရှုံးခဲ့သည့် ဦးအေးလွင်နှင့်ဦးမန်းကြည်တို့အတွက် တစ်ကောင်လျှင် ကျပ် ၁၀ သိန်းနှုန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၀ နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ မြစ်သားမြို့နယ် လက်ပံဆိပ်ကျေးရွာမှ ဦးတင်အောင်အတွက် ဆေးကုသမှုထောက်ပံ့ငွေကျပ် ငါးသိန်းတို့ကိုလည်းကောင်း နီးစပ်ရာ ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်ရုံးခွဲမှ ဒုတိယအထွေထွေမန်နေဂျာ၊ ကျောက်ဆည်ဘဏ်ခွဲတာဝန်ခံနှင့်၊ အထက်မြန်မာပြည်တာဝန်ခံတို့က ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန် မြန်မာဖောင်ဒေးရှင်းသည် သဘာဝဘေးအန္တရာယ်များကြောင့် လယ်ယာသုံးခိုင်းနွားများ အမှန်တကယ်ဆုံးရှုံးခဲ့ရသည့် နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများအား ထောက်ပံ့ကူညီလျက်ရှိရာ သက်ဆိုင်ရာ မြို့မိ မြို့ဖများ၊ ရပ်မိရပ်ဖများ၏ ထောက်ခံချက်ဖြင့် ဦးတင်ထွန်း(ဖုန်း-၀၉ ၇၉၂၀၅၂၇၀၄) မန္တလေးမြို့နှင့် ဦးစိုးတင်မောင်ဇော် (ဖုန်း-၀၉ ၅၀၀၀၁၇၀) ရန်ကုန်မြို့တို့ထံတွင် ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ၂၀၁၆ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

**နေပြည်တော် မေ ၁**

**အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်း အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၁၆ ခုနှစ် ဇွန်လပထမရက်ပတ် (မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ နယုန်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ တတိယဆယ်ရက်ပတ် (မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော်ခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။

**မိုးဦးကာလခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၁၆ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိဖြစ်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ကြိမ်နှင့် ဆိုင်ကလုန်းမုန်တိုင်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်ပါသည်။

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိဖြစ်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ

## ကိုဝ

၂၀၁၅ ရွေးကောက်ပွဲကနေ ထွက်ပေါ်လာတဲ့ လူထုအစိုးရရင်ဆိုင်ရမယ့် ပြဿနာတွေ၊ စိန်ခေါ်မှုတွေအကြောင်းကို ရေးထားတဲ့ BURMA FOCUS(IV,2016) ကို ဖတ်ရပါတယ်။ ပြည်ပဂျာနယ်လစ်တွေက ရှုထောင့်အမျိုးမျိုးနဲ့ တင်ပြကြတဲ့ဆောင်းပါးတွေမှာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးက ဘုံပြဿနာတစ်ခုအဖြစ် ပါဝင်နေပါတယ်။ ဒါကလည်း ပကတိအခြေအနေကို ထင်ဟပ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိဘဲ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လိုမှမဆောင်ကြဉ်းနိုင်ပါဘူး။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့ပဲ လက်မှတ်ရေးထိုးရသေးတယ်ဆိုတဲ့ရှုထောင့်က ကြည့်ရင်တော့ ပြည်တွင်းငြိမ်းချမ်းရေးအလားအလာအပေါ် အားမလိုအားမရဖြစ်စရာပါ။ ဒါပေမယ့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်မထိုးရသေးတဲ့ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း မူအရလက်ခံထားတာကိုကြည့်ရင်တော့ အားတက်စရာအခြေအနေတွေက ရှိနေပါတယ်။ ဒီထက်ပိုအရေးကြီးတာက နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ အပြီးသတ်ရည်မှန်းချက်ဟာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံဆိုတာကို တပ်မတော်ကရော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကပါ သဘောတူလက်ခံထားတာပါ။ ဒီအပြီးသတ်ရည်မှန်းချက်ကို နိုင်ငံရေးအင်အားစုတွေကလည်း တညီတညွတ်တည်း သဘောတူထားကြပါတယ်။ ပြောလိုတာက မြန်မာနိုင်ငံရဲ့ ပြည်တွင်းစစ်ဟာ သေနတ်သံလုံးဝရပ်စဲတဲ့အခြေအနေမျိုး မရောက်သေးပေမယ့် မျှော်လင့်ချက်ထားနိုင်တဲ့ အခြေအနေတွေ ပိုင်ဆိုင်ထားတယ်ဆိုတာပါပဲ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လာမယ့်တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကို စတင်နိုင်ဖို့ ဝိုင်းဝန်းကူညီကြပါလို့ပြောတဲ့အခါ တချို့က ဖြစ်နိုင်ပါ့မလားလို့ မေးခွန်းထုတ်ကြပါတယ်။ ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် အမျိုးသားခေါင်းဆောင်တွေက ဗြိတိသျှဆီက လွတ်လပ်ရေးရယူနိုင်ဖို့ ပင်လုံညီလာခံကျင်းပစဉ်က အခက်အခဲပြဿနာတွေမရှိဘူးလားလို့ ပြန်မေးခွန်းထုတ်ဖို့ လိုလာပါတယ်။ လွတ်လပ်ရေးအကြို ပင်လုံညီလာခံမှာလည်း အမျိုးသားခေါင်းဆောင်တွေဟာ ပြဿနာပေါင်းစုံ၊ အနှောင့်အယှက်ပေါင်းစုံကို ဖြတ်ကျော်ခဲ့ရတာပါပဲ။ ဒီလိုဖြတ်ကျော်ပြီးကျင်းပခဲ့တဲ့ လွတ်လပ်ရေးအကြိုပင်လုံညီလာခံရဲ့ရလဒ်ကို ကြည့်ရအောင်ပါ။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ထောင်စုနိုင်ငံကို မြန်မာအပါအဝင် တိုင်းရင်းသားလူမျိုးတွေ ဘယ်လိုလက်တွဲထူထောင်ကြမလဲဆိုတဲ့ နိုင်ငံရေးအခြေခံမူတွေကို ညှိနှိုင်းရယူခဲ့တာပါ။

နှစ်ဆယ့်တစ်ရာစုပင်လုံညီလာခံမှာလည်း အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုနဲ့ပတ်သက်တဲ့ နိုင်ငံရေးအခြေခံမူတွေ ဆွေးနွေးညှိနှိုင်းကြရင်ရော အစကောင်းတစ်ခု မဖြစ်နိုင်ဘူးလားလို့ တွေးကြည့်မိပါတယ်။ ဟုတ်ပါတယ်။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုနဲ့ပတ်သက်တဲ့ အခြေခံမူတွေ ဆွေးနွေးညှိနှိုင်းရတဲ့ကိစ္စဟာ နက်ရှိုင်းသိမ်မွေ့ပြီး ခက်ခက်ခဲခဲဆောင်ရွက်ရမယ့်ကိစ္စမျိုးပါ။ အရေးကြီးတာက အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြရင်း အပြန်အလှန် နားလည်မှုဖြစ်လာနိုင်တာပါ။ Eugeme KB Tan က National unity is crucial for Myanmar ဆိုတဲ့ဆောင်းပါးမှာ "နားလည်ယုံကြည်မှုဆိုတာ ရှိရမယ်လို့ ပြောနေဆိုနေရုံနဲ့ မရနိုင်ပါဘူး။ ဆုပ်ကိုင်ယူမှရနိုင်တယ်" လို့ ရေးထားပါတယ်။ ဆုပ်ကိုင်တယ်ဆိုတာကို ဆွေးနွေးညှိနှိုင်းရယူတယ်လို့ နားလည်ပါတယ်။ လက်ရှိကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အသေးစိတ်အချက်အလက်တွေကို ညှိနှိုင်းရင်း နားလည်ယုံကြည်မှု ပိုမိုဝေးသွားမှာကိုလည်း စိုးရိမ်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်တွင်းငြိမ်းချမ်းရေးဆီချီတက်တဲ့လမ်းခရီးဟာ မျှော်လင့်ချက်မဲ့မနေပါဘူးဆိုတာကိုတော့ မီးမောင်းထိုးတင်ပြလိုပါတယ်။ ။

**နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လာမယ့်တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကို စတင်နိုင်ဖို့ ဝိုင်းဝန်းကူညီကြပါလို့ပြောတဲ့အခါ တချို့က ဖြစ်နိုင်ပါ့မလားလို့ မေးခွန်းထုတ်ကြပါတယ်။ ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် အမျိုးသားခေါင်းဆောင်တွေက ဗြိတိသျှဆီက လွတ်လပ်ရေးရယူနိုင်ဖို့ ပင်လုံညီလာခံ ကျင်းပစဉ်က အခက်အခဲပြဿနာတွေမရှိဘူးလားလို့ ပြန်မေးခွန်းထုတ်ဖို့ လိုလာပါတယ်။ လွတ်လပ်ရေးအကြို ပင်လုံညီလာခံမှာလည်း အမျိုးသားခေါင်းဆောင်တွေဟာ ပြဿနာပေါင်းစုံ၊ အနှောင့်အယှက်ပေါင်းစုံကို ဖြတ်ကျော်ခဲ့ရတာပါပဲ။**

## ဦးပိန်တံတား၌ ခရီးသွားများ ပုံတူဘရိတ်ဓားပန်းချီကို စိတ်ဝင်တစားရေးဆွဲလာ

**မန္တလေး မေ ၁**

ပြောင်းလဲမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသော တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ ဧည့်သည်များစွာ လာရောက်လေ့ရှိသည်။ သန့်ရှင်းသာယာသော ဦးပိန်တံတားဖြစ်ရေးအတွက် စနစ်တကျ အမှိုက်ပစ်နိုင်ရန်လည်း ပြုလုပ်ပေးထားသည်။ ဦးပိန်တံတားရောက် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များမှာ ဦးပိန်တံတားအဆုံးအထိ လမ်းလျှောက်ခြင်း၊ တောင်သမန်ကျောက်တော်ကြီးဘုရားဖူးခြင်း၊ မယ်ဇယ်တန်းတွင် အနားယူခြင်း တံတားဇရပ်များပေါ်တွင်ထိုင်ကာ လေညင်းခံခြင်းများ ပြုလုပ်ကြသည်။

အချိန်ပေးနိုင်သူများက တောင်သမန်အင်းရေပြင်တွင် ငှက်လှေစီးလေ့ရှိကြသည်။ ဦးပိန်တံတားရောက် ဧည့်သည်များမှာ အမှတ်တရအဖြစ် အမရပူရအထည်များ၊ ရုပ်သေးရုပ်လေးများနှင့်အတူ အခြားလက်ဆောင်ပစ္စည်းများကို ဝယ်ယူကြသည်။ ဦးပိန်တံတားရောက် ဘုရားဖူးများမှာ တန်ဖိုးနည်းပန်းချီကားဟုခေါ်နိုင်သည့် လက်ရာမြောက်ဘရိတ်ဓားပန်းချီများကိုလည်း ဝယ်ယူကြသည်။ ပန်းချီကားတစ်ကားလျှင် ငွေကျပ် ၂၅၀၀ ပေးရသည်။ ကြိုတင်ရေးဆွဲထားသော ရှုခင်းပန်းချီကားများ၊ ဦးပိန်တံတားရှုခင်းများကို ကြိုက်နှစ်သက်မှုများပြားကြသည်။

ဘုရားဖူးဧည့်သည်များမှာ တောင်သမန်ရောက် အမှတ်တရအဖြစ် ပုံတူပန်းချီကားများကို ရေးဆွဲခိုင်းလေ့ရှိသည်။ မိမိတို့ပုံနှင့် မိမိချစ်မြတ်နိုးသူတို့ ပုံများကို မိမိတို့ဖုန်းအတွင်းရိုက်ကူးထားပြီး ဘရိတ်ဓားပန်းချီဆရာကို ပုံတူရေးဆွဲခိုင်းကြသည်။ ပုံတူပန်းချီကို ဖုန်းအတွင်းမှ ဓာတ်ပုံကိုကြည့်ကာ ရေးဆွဲပေးကြသည်။ ဦးပိန်တံတားရောက် ဧည့်သည်များမှာ ပုံတူရေးဆွဲခြင်းကို အထူးစိတ်ဝင်စားပြီး စောင့်ကြည့်ကာ အားပေးလေ့ရှိသည်။ အချို့သူများမှာ ပုံကိုပေးကာအပ်ထားပြီး ဦးပိန်တံတားပေါ် လမ်းလျှောက်ပြီးမှ ယူလေ့ရှိသည်။ မိနစ်ပိုင်းအတွင်း ရေးဆွဲပေးသည့်အတွက် ပုံတူဘရိတ်ဓားပန်းချီကို စိတ်ဝင်တစားရေးဆွဲခိုင်းကာ အမှတ်တရအဖြစ်ယူသွားလေ့ရှိသည်။ အချို့သောသူများမှာ မိမိလက်ဆောင်ပေးလိုသူ နာမည်ကိုပင်ရေးကာ အပြီးအစီးပြင်ဆင်သွားလေ့ရှိသည်။ ပုံတူရေးသည့်ဘရိတ်ဓားပန်းချီကားများကို လူငယ်အများစု ရေးဆွဲခိုင်းမှုများပြားလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**






## ရက် ၁၀၀ စီမံကိန်းဆောင်ရွက်နေမှုအား စစ်ဆေး

**စစ်ကိုင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံကိန်းအရ ကောလင်းမြို့နယ် ဥမှင်ကုန်းအုပ်စု တောင်ပုတ်စုကျေးရွာတွင် မြေသားရေလှောင်ကန် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးသောင်းမြင့်၊ ဦးစီးအရာရှိ(နည်းပညာ) ဦးကျော်မင်းခိုင်တို့က ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့နောက် ကောလင်းမြို့နယ်အတွင်း ရက် ၁၀၀ စီမံကိန်းအရ ဆင်းမ-တောင်ကြားမြေသားလမ်း အရှည် ၃ မိုင်၊ အောက်ကလုံး-ဆင်းမ မြေသားလမ်း အရှည် ၁ မိုင်၊ ကောလင်း-ကျောက်ပြင်သာလမ်းပေါ်ရှိ တာရွာနှင့် မြောင်းကြီးကျေးရွာကြားရှိ တံတားများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# ကမ္ဘာ့စံများဖြစ်သည့် မူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးနိုင်ပါက Copy Right အခွင့်အရေးများနှင့်အတူ နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများပါရရှိနိုင်မည်

**သတင်း၊ အင်တာဗျူး**
**ရဲခေါင်ညွန့်၊ မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - ဖိုးထောင်**

ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲနှင့် မြန်မာနိုင်ငံ၏ ဒေသထွက်ကုန်များ ခင်းကျင်းပြသပွဲအခမ်းအနား(၂၀၁၆)ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်(UMFCCI)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ USAID မှ Mr. Steve Parker နှင့် UMFCCI ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်ဖော်ဆောင်မှုအခြေအနေများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာ စီမံခန့်ခွဲမှုများ၊ စီးပွားရေးအရှိန်အဟုန်အတွက် အရေးပါသော မူပိုင်ခွင့်အလေးထားမှု၊ စာပေအနုပညာမူပိုင်ခွင့်ဆိုင်ရာ ယနေ့နှင့် အနာဂတ်မြန်မာပုံရိပ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဉာဏ်ပစ္စည်း၏ အကျိုးသက်ရောက်မှုများစသည့် ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှပညာရှင်များက ဟောပြောဆွေးနွေးကြသည်။

ညနေပိုင်းတွင် ကျင်းပသည့် "စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်အမှတ်တံဆိပ်အရေးပါမှု" စကားဝိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အလှကုန်လုပ်ငန်းရှင်များအသင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှ ကိုယ်စားလှယ်များနှင့် တရားလွှတ်တော်ရှေ့နေများက ဆွေးနွေးကြသည်။

ယနေ့ပြုလုပ်သည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲနှင့် မြန်မာနိုင်ငံ၏ ဒေသထွက်ကုန်များ ခင်းကျင်းပြသပွဲ အခမ်းအနား(၂၀၁၆)တွင် မူပိုင်ခွင့်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများမှ ဆုရလက်ရာများ၊ မြန်မာနိုင်ငံ ဒေသထွက်ကုန်ပြခန်းများနှင့် လက်မှုပစ္စည်းများကို ခင်းကျင်းပြသထားသည်။

၂၀၁၆ ခုနှစ် ဧပြီ ၂၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Digital Creativity Culture Reimagined (ဒစ်ဂျစ်တယ်ဖန်တီးမှုစွမ်းအားအနုပညာလက်ရာများကို ဖော်ဆောင်ထား)"ဟူ၍ ဖြစ်သည်။ မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်ကျင်းပသည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ကဏ္ဍအသီးသီးမှ ပညာရှင်များအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**ဦးသန်းမောင်(တရားလွှတ်တော်ရှေ့နေ)**

မူပိုင်အခွင့်အရေး IP(Intellectual Property)မှာ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းက Industrial Property (စက်မှုလက်မှုဆိုင်ရာ ပစ္စည်းများအပိုင်း)နဲ့ ဒုတိယပိုင်းက Copy Right လို့ခေါ်တဲ့ စာပေအနုပညာမူပိုင်ခွင့်ဆိုင်ရာ ပစ္စည်းအပိုင်းဆိုပြီး စာပေအနုပညာ မူပိုင်ခွင့်ကို အကြမ်းဖျင်းခွဲထားတယ်။ Copy Right လို့ပြောရင် များသောအားဖြင့်သီချင်း၊ ကဗျာ၊ ရုပ်ရှင်လောက်ပဲ သိကြတာ။ အမှန်က ကိုယ်ရေးတဲ့ စာ၊ စကား၊ သီချင်း၊ ကဗျာ၊ တရားတော်တွေကအစ မူပိုင်ခွင့်နဲ့ သက်တမ်းဆိုတာရှိတယ်။ ဒီအရာတွေကို ဖန်တီးထုတ်လုပ်လိုက်သူ အသက်ရှင်နေသမျှ သူ့ရဲ့ခွင့်ပြုချက်ကိုယူရမယ်။ သူကွယ်လွန်ပြီး နောက်ထပ် နှစ် ၅၀ အထိ သူ့ရဲ့အမွေဆက်ခံခွင့်ရှိသူဆီက ခွင့်ပြုချက်တောင်း



ဦးကျော်ကျော်ဝင်း(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာ
လုပ်ငန်းရှင်များအသင်း

ရမယ်။ ဒါကို သိပ်နားမလည်ကြဘူး။

ဒီမူပိုင်ခွင့်ကို ဘာကြောင့်လုပ်နေလဲဆိုရင် မြန်မာနိုင်ငံက ကုလသမဂ္ဂကို ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်ကဝင်ခဲ့ပြီး ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ WTO(World Trade Organization)ကို ဝင်ခဲ့တယ်။ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO-World Intellectual Property Organization)ကို ၂၀၀၁ ခုနှစ် မေလမှာဝင်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းကိုလည်း ဝင်ခဲ့တယ်။ အဲဒီ လေးခုလုံးမှာဝင်ထားတဲ့အသင်းတွေ အားလုံးက သူတို့နိုင်ငံတွေမှာ National Law အဖြစ် မူပိုင်အခွင့်အရေး(IP)ကို ပြဋ္ဌာန်းရမယ်။ ကမ္ဘာ့စံတွေဖြစ်တဲ့ မူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးရမယ်။ Copy Right အခွင့်အရေးတွေနဲ့ပြောကြရင် တစ်ဦးတစ်ယောက်ချင်းစီရဲ့ အခွင့်အရေးတွေပါမကတော့ဘဲ အခြေခံဥပဒေကရရှိတဲ့ နိုင်ငံသားတို့ရဲ့အခြေခံအခွင့်အရေးတွေပါဖြစ်လာပြီလို့ အလေးအနက်ထားပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မူပိုင်ခွင့်ဥပဒေကို မဖြစ်မနေကျင့်သုံးဖို့အတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ Timeline ပေးထားတယ်။ အဲဒီအချိန်ကျရင်တော့ မြန်မာနိုင်ငံမှာ ကျင့်သုံးပြီး အကောင်အထည်ဖော်နေရမှာ ဖြစ်ပါတယ်။

**ဒေါ်ဆွေဇင်ထိုက်(တွဲဖက်ဘဏ္ဍာရေးမှူး)**
**မြန်မာနိုင်ငံ အသိဉာဏ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

Digital က ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာပြီဆိုတော့ ဒါကို အကာအကွယ်ပေးဖို့ ဥပဒေလိုပါတယ်။ လူတွေအားလုံးက ဥပဒေမရှိတဲ့အတွက် ကိုယ့်ရဲ့အခွင့်အရေး(right)က ဘာလဲဆိုတာကို မသိသလို ကိုယ်ဘာလုပ်ရမလဲဆိုတဲ့တာဝန်ကိုလည်း မသိကြဘူးဖြစ်နေတယ်။ အခုကတည်းကစပြီးတော့ Awareness Campaign (အသိပညာပေးလှုပ်ရှားမှု) အနေနဲ့ စတင်ဖို့ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းအသင်းက စီစဉ်နေပါတယ်။ ဒီဥပဒေပြီးသွားရင် သက်ဆိုင်ရာနည်းဥပဒေတွေ ရေးဆွဲရမယ်။ အသုံးပြုသူတွေအတွက် ရှုပ်ရှုပ်ထွေးထွေးဖြစ်လို့မရဘူး။ သိလွယ်တဲ့ ဟာမျိုးတွေဖြစ်ရမယ်။ ဥပဒေတွေ ထွက်ပြီးသွားရင် ကိုယ်ကလည်း သူများ right ကို မစော်ကားဘူး။ ကိုယ့် right ကိုလည်း ကာကွယ်နိုင်ရင် ကျွန်မတို့ရဲ့ SMEs တွေမှာရှိနေတဲ့ Individual value တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးတိုးလာမှာ ဖြစ်ပါတယ်။

IP Law ရှိပြီဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာဖို့ရှိတယ်။ နိုင်ငံတကာက မြန်မာပြည်မှာ ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်ချင်သူတွေကလာတာနဲ့ ဥပဒေကိုပဲမေးတယ်။ အလုပ်သမားဥပဒေနဲ့ အာမခံဥပဒေကိုပါတွဲပြီးမေးတယ်။ နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေနဲ့ ဘဏ်စနစ်တွေကိုမေးတယ်။ နောက်တစ်ခုက IP Law ပါ။ ဒီဥပဒေသုံးခုလုံး ရှင်းရှင်းလင်းလင်းဖြစ်မှပဲ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေရောက်ရှိလာမှာ ဖြစ်ပါတယ်။ IP Law ရေးဆွဲထားတဲ့အထဲမှာ အားနည်းချက်တွေ၊ အားသာချက်တွေတော့ ရှိပါတယ်။ အခုဖြစ်နေတာက ကိုယ့်ဆီက လူတွေက သူများဆီက ဖန်တီးမှုကိုခိုးချတော့ သက်သက်ညာညာလေး ဖြစ်စေချင်တာကြောင့် ဥပဒေမှာ ပြစ်ဒဏ်ပိုင်းဆိုင်ရာမှာ အားလျော့တယ်လို့ ထင်တယ်။ Community က ဆွဲပေးလိုက်တာကို ရှေ့နေချုပ်ရုံးက ပြန်ပြီးတော့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ တိုင်းပြည် တစ်ပြည်မှာ တရားဥပဒေစိုးမိုးဖို့ဆိုရင် စာရင်းစစ်ချုပ်ရယ်၊ တရားသူကြီးချုပ်ရယ်၊ ရှေ့နေချုပ်ရယ်က အရေးကြီးတယ်။ ဒီချုပ်သုံးချုပ်က ကောင်းမွန်ပြီး ထိရောက်တဲ့တရားဥပဒေစနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ရင်တော့ ပြည်သူလူထုလည်း ကမ္ဘာမှာ မျက်နှာမငယ်ရတော့ဘူးလို့ ထင်ပါတယ်။

**ဦးကျော်ကျော်ဝင်း(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်း**

တိုင်းပြည် တစ်ပြည်ရဲ့ GDP မှာ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုမှာ အသိဉာဏ်ကြောင့် ရတဲ့အကျိုးအမြတ်က ရာခိုင်နှုန်းအားဖြင့် အတော်များတယ်။ သစ်သားကို သစ်သားအတိုင်း ရောင်းချလိုက်တာထက် ဒီဇိုင်းဖော်ပြီး ရောင်းတဲ့အခါမှာ ပိုပြီးအကျိုးအမြတ်ရတယ်။ ဒါပေမယ့် ကိုယ်ဖန်တီးလိုက်တဲ့အရာကို အိမ်နီးချင်းနိုင်ငံက ကူးယူပြီး ဈေးကွက်ဖန်တီးလိုက်ရင် ကိုယ့်ဖန်တီးမှုတန်ဖိုးက ကျဆင်းသွားတယ်။ ဒါကို မှတ်ပုံတင်လိုက်ရင် ကိုယ့်ဖန်တီးမှု တန်ဖိုးက တန်ဖိုးအနေနဲ့ ရရှိတယ်။ ကိုယ့်ရဲ့တိုင်းပြည်က အကျိုးအမြတ်ရတာပေါ့။ အခွန်လည်းရတယ်။ တိုင်းသူပြည်သားတွေအတွက် အလုပ်လည်းရတယ်။ အသိဉာဏ်ကြောင့် တိုင်းပြည်ရဲ့ GDP က အများကြီးတိုးတက်တယ်။ အခုအချိန်မှာ တိုင်းပြည်ဖွံ့ဖြိုးဖို့ အလွန်အရေးကြီးနေတဲ့အခြေအနေမှာ အသိဉာဏ်ဆိုင်ရာ မူဝါဒတွေချမှတ်ဖို့၊ ချမှတ်တဲ့မူဝါဒကို စနစ်တကျနဲ့ကျင့်သုံးဖို့အတွက် ဒီကိစ္စတွေကို လုပ်နေတာပါ။ တိုင်းပြည်မှာ SMEs လုပ်ငန်းရှင်တွေက နည်းနေတယ်။ တကယ်တမ်း ယှဉ်ကြည့်ရင် ကိုယ့်နိုင်ငံရဲ့ SMEs က မဖွံ့ဖြိုးသလောက်ပဲ။ ကိုယ့်တိုင်းပြည်က SMEs သမားတွေကို ညှိတယ်ဆိုပြီးတော့ IP Law



ဦးမြတ်စိုး
(မြန်မာနိုင်ငံစာရေးဆရာအသင်း
ဗဟိုအလုပ်အမှုဆောင်ကော်မတီ)

ဖြစ်လာဖို့ကို အချိန်ဆွဲခဲ့တယ်။ စက်မှုဇုန်တွေ ဈေးကြီးတာရယ်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာရယ် စတဲ့ ကိစ္စတွေဟာ ကုန်ထုတ်လုပ်သူတွေကို အားမပေးခဲ့ဘူး။ ဒါကြောင့် SMEs တွေ မဖွံ့ဖြိုးဘူး။

ကိုယ့်တိုင်းပြည်က ထုတ်လုပ်လိုက်တဲ့ ပစ္စည်းတစ်ခုကို အိမ်နီးချင်းနိုင်ငံတွေက ဝယ်ချင်တဲ့ အခြေအနေထိရောက်အောင် မဖွံ့ဖြိုးခဲ့ဘူး။ အိမ်နီးချင်းနိုင်ငံတွေက ကိုယ့်ကို ကျော်တက်သွားပြီး သူတို့ပစ္စည်းပဲ ဝယ်သုံးနေရတဲ့အခါမှာ ကိုယ့်ဆီမှာ IP Law မရှိတဲ့အတွက် အတုထွက်လာတာကို မကာကွယ်နိုင်တော့ဘူး။ ဒါကြောင့် ဆေးဝါး၊ စားသောက်ကုန်၊ လျှပ်စစ်နဲ့ပတ်သက်ပြီး အတုတွေသုံးနေကြရတော့ လူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို မကာကွယ်နိုင်ဘူး။ SMEs ကို အားပေးဖို့ဆိုရင် အတုခိုးစရာ အိမ်နီးချင်းနိုင်ငံတွေ ရှိတာပဲ။ ကိုယ့်တိုင်းပြည်ရဲ့ ရေမြေသဘာဝနဲ့ ပတ်သက်တဲ့ ဥပဒေရေးဆွဲမယ်လို့ ပြောလိုက်တာနဲ့ ဝေ့လည်ကြောင်ပတ်ဖြစ်ပြီး ဘာမှဖြစ်မလာဘူး။ အိမ်နီးချင်းနိုင်ငံတွေကထုတ်တဲ့ ဥပဒေတွေကို ပြန်ဆန်းစစ်ပြီး လုပ်ဆောင်သွားလို့ရတယ်။

**ဦးမြတ်စိုး(မြန်မာနိုင်ငံစာရေးဆရာအသင်း**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီ)**

ကျွန်တော်တို့ Print Media နဲ့ ပတ်သက်တာက မူပိုင်ခွင့်ပေါ့၊ အထူးသဖြင့် အနုပညာမူပိုင်ခွင့်မှာ အများကြီးလုပ်ပေးဖို့ လိုတယ်။ စာပေနယ်မှာကတော့ မူပိုင်ခွင့်နဲ့ပတ်သက်ပြီး အကြီးအကျယ် ပြဿနာမရှိခဲ့ဖူးဘူး။ နောက် နိုင်ငံတကာနဲ့ဆက်ဆံတဲ့နေရာမှာ မူပိုင်ခွင့်ကိစ္စတွေ အရေးကြီးလာလိမ့်မယ်လို့ထင်တယ်။ IP Law သာ ထွက်လာမယ်ဆိုရင် အတုလုပ်သူတွေလည်း ဟန့်တားပေးနိုင်မယ်လို့ထင်ပါတယ်။

**ဒေါက်တာမိုးမိုးသွယ်(ညွှန်ကြားရေးမှူး)**
**အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဌာနမှူး**

ကမ္ဘာ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)ကို ဝင်ရောက်ခဲ့တဲ့ ၂၀၀၁ ခုနှစ်က စတင်ပြီးတော့ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်တွေကို ဆောင်ရွက်ဖို့၊ WIPO နဲ့ အဓိက ဆက်သွယ်ဆောင်ရွက်တဲ့ဌာန IP Section အနေနဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနကို ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ IP Section အနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံတကာအဆင့်မီတဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေတွေကို ဆောင်ရွက်နိုင်ဖို့ အဓိက တာဝန်ယူဆောင်ရွက်နေပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေလေးရပ်ကို အခုလက်ရှိမှာရေးဆွဲပြီးလွှတ်တော်မှာ အတည်ပြုနိုင်ဖို့ တင်ထားပြီးဖြစ်ပါတယ်။ အဲဒီ ဥပဒေလေးရပ်ကတော့ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း ဥပဒေ၊ စာပေအနုပညာ မူပိုင်ခွင့်ဥပဒေနဲ့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေတို့ ဖြစ်ပါတယ်။ ဒီဥပဒေတွေရေးဆွဲပြီးသွားရင် အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် IP ဌာနအနေနဲ့သက်ဆိုင်ရာ နည်းဥပဒေတွေအတွက်လည်း ဆောင်ရွက်နေပါတယ်။

မကြာခင်မှာ ဥပဒေအရပေါ်ပေါက်လာမယ့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှာ တာဝန်ယူပြီး ဆောင်ရွက်ရမယ့် ဝန်ထမ်းတွေကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက်လိုအပ်တဲ့ အရည်အချင်းတွေ ရရှိဖို့အတွက် ပြည်တွင်းပြည်ပမှာ လေ့ကျင့်သင်ကြားမှုတွေ ပြုလုပ်ပေးနေပါတယ်။ စာပေ အနုပညာ ဖန်တီးသူတွေကို သူတို့နဲ့ သက်ဆိုင်တဲ့ ဝင်ငွေတွေ ရရှိဖို့အတွက် တီထွင်ဖန်တီးသူတွေရဲ့ ကြားထဲမှာ ဆက်သွယ်ဖန်တီးရမယ့် အဖွဲ့အစည်းတွေ ရရှိလာဖို့ စစ်တမ်းတွေ ကောက်ယူခဲ့တာလည်း ရှိပါတယ်။

မြန်မာ့ဒေသထွက်ကုန်ပစ္စည်းတွေကို တန်ဖိုးမြှင့် ထွက်ကုန်အနေနဲ့ ထုတ်လုပ်နိုင်ဖို့၊ နည်းပညာကို အသုံးချပြီးဥပဒေအရ အကာအကွယ်ပေးနိုင်ဖို့၊ မြန်မာနိုင်ငံရဲ့ ဒေသထွက်ကုန်တွေကို အကာအကွယ်ပေးနိုင်ဖို့၊ သက်ဆိုင်ရာကုန်ထုတ်လုပ်မှုကဏ္ဍအပေါ်မူတည်ပြီး အဖွဲ့အစည်းတွေ ပေါ်ပေါက်လာဖို့ IP Law ဥပဒေမပေါ်ခင် ကြိုတင်ပြင်ဆင်နိုင်ဖို့၊ အနာဂတ်မှာ ဒေသထွက်ကုန်တွေကို ဦးစားပေး အဆင့်အနေနဲ့ အကာအကွယ်ပေးနိုင်ဖို့နဲ့ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ဖို့အတွက် ပြင်သစ်အစိုးရနဲ့ပူးပေါင်းပြီး စစ်တမ်းကောက်ယူမှုတွေ ပြုလုပ်နေပါတယ်။

**❖ လျှပ်စစ်ကြိုးမှ**

သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ သာကေတမြို့နယ်အတွင်း(၄၀၀)ဗို့လိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ အနောက်ပိုင်းခရိုင်အတွင်း ဝန်ထမ်းအင်အား ၁၂၀ ဖြင့် အလုံ၊ လှိုင်၊ မရမ်းကုန်း၊ ဒဂုံမြို့နယ်များအတွင်း သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ တောင်ပိုင်းခရိုင်အတွင်း ဝန်ထမ်းအင်အား ၁၆၅ ဦးဖြင့် ကျောက်တန်း၊ သန်လျင်၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ တံတား၊ ဆိပ်ကြီး၊ ခနောင်တိုမြို့နယ်များအတွင်းသစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ မြောက်ပိုင်းခရိုင်အတွင်းဝန်ထမ်းအင်အား ၁၂၀ ဖြင့် အင်းစိန်၊ လှိုင်သာယာမြို့နယ်များအတွင်း သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကြောင့် မကြာမီကျရောက်မည့် မိုးဦးရာသီအတွင်း သစ်ပင်သစ်ကိုင်းများကျိုးကျမှုကြောင့် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်ခြင်းများ အထိုက်အလျောက်လျော့ပါးသွားမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မှုများအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ပြည်သူများသို့ အသိပေးပန်ကြားအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူများအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအိမ်ရာစီမံကိန်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုစေမည့် လုပ်ငန်းများကို ရက် ၁၀၀ အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ လမ်း၊ တံတားလေလံဂိတ်များကို ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။ ဒုတိယအဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်မတော်တဆဖြစ်ပွားမှုလျှော့ချရေးစီမံချက် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သလို တတိယအဆင့်အနေဖြင့် ပြည်သူများနေထိုင်ရေး အဆင်ပြေစေရေးအတွက် ပြည်သူ့အိမ်ရာစီမံကိန်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဧပြီ ၃၀ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံးတွင် ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိစေမည့် လမ်း၊ တံတားလုပ်ငန်းများ၊ ပြည်သူ့အိမ်ရာ စီမံကိန်းလုပ်ငန်းများနှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းလုပ်ငန်းများကို ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စများ၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်စည်ပင်သာယာရေးကော်မတီအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ၊ ရှေးဟောင်းအဆောက်အအုံများကို ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့်



စည်းမျဉ်းစည်းကမ်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရေး၊ ယခင်အခက်အခဲဖြစ်သည့်လုပ်ငန်းမှန်သမျှ အတတ်နိုင်ဆုံး ဖြေလျှော့ပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ရွှေတိဂုံ (လင့်လမ်း)အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပြီးစီးသည့်အခန်းများတွင် မူလနေထိုင်သူများအား ပြန်လည်နေရာချထားမှု၊ နေထိုင်သူများ ရေ၊ မီး၊ လမ်းများ အဆင်ပြေအောင်စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်တွင် အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၁)၊ (၂)နှင့်(၃)တို့မှ တာဝန်ယူဆောင်ရွက်နေသော မရမ်းကုန်း Villa အိမ်ရာစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က သုံးခန်းတွဲ သုံးထပ် လေးလုံးနှင့် နှစ်ခန်းတွဲ သုံးထပ် နှစ်လုံး တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများစံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများ အသုံးပြုရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှုဇုန်၊ စက်မှုလုပ်သားတန်ဖိုးနည်းအိမ်ရာစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး Myanmar Land & Development Limited က တည်ဆောက်ပြီးစီးသော အိမ်ရာများတွင် စက်ရုံဝန်ထမ်းများ နေထိုင်မှုအခြေအနေကို လည်းကောင်း၊လှိုင်သာယာမြို့နယ် ရွှေလင်ပန်း (၂၃/၂၆) ရပ်ကွက်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ပြီးစီးသော တန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁)၊ (၂)နှင့်(၃)တို့၏အိမ်ခန်းဖွဲ့စည်းထားရှိမှုအခြေအနေကို လည်းကောင်း၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်း ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံဆိပ်ကမ်းမြို့နယ် ရောဝဏ်ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်က အိမ်ရာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း အိမ်ခန်းဖွဲ့စည်းထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ယုဇနတန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **(သတင်းစဉ်)**

---

**❐ ကျောဖုံးမှ**

ဂတ်ဖရိုင်းဒရစ်၏ ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲလည်းဖြစ်သည်။ စင်ကာပူအသင်းနှင့် မတ် ၂၄ ရက်က စင်ကာပူနိုင်ငံတွင် ပူပူနွေးနွေး ခြေစမ်းကစားထားခြင်းဖြစ်ပြီး မြန်မာအသင်းမှာ နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့မှာ သက်တမ်းအလိုက် အသင်းများတွင် တွေ့ဆုံလျက်ရှိသော်လည်း လက်ရွေးစင်အဆင့်တွင် ယခုနှစ်ပိုင်းအတွင်း တွေ့ဆုံဖူးခြင်းမရှိပေ။

မြန်မာနိုင်ငံအနေဖြင့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ဖူးသော်လည်း နှစ်ပေါင်းများစွာကြာမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ယခုအကြိမ်တွင် ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး လက်ရွေးစင်အသင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းမှာ ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ခြေစွမ်းမြင့်မားသည့် အသင်းများဖြစ်သည့် ဗီယက်နမ်၊ စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အတွေ့အကြုံကောင်းများရရှိနိုင်မည့် ပြိုင်ပွဲလည်းဖြစ်သည်။

---



# ဇလွန်မြို့နယ် ရောဝတီအရှေ့ဘက်ကမ်း ကူးတို့ဆိပ်ကျေးရွာ ကမ်းပါးပြို

**ဇလွန် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဧရာဝတီမြစ်အရှေ့ဘက် မြစ်ကမ်းဘေးတွင် တည်ရှိသော ကူးတို့ဆိပ်ကျေးရွာမြစ်ကမ်းပါးမှာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဧပြီ ၂၇ ရက် နံနက် ၂ နာရီမှစ၍ ကမ်းပါးပြိုကျလျက်ရှိရာ ဧပြီ ၂၉ ရက်အထိ အလျား ပေ ၂၅၀၀၊ အနံ ပေ ၅၄၀ ပြိုကျခဲ့သဖြင့် ဇလွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ၊ NGO အဖွဲ့ဝင်များ သွားရောက်ပြီး သစ်အိမ် ၄၆ လုံး၊ ပတ်ကား အိမ်နှစ်လုံး၊ ဓနိမိုးထရံကာအိမ် ၂၉ လုံး စုစုပေါင်း ၇၇ လုံးကို မြစ်ကမ်းနှင့်ဝေးသည့်နေရာများသို့ ပြောင်းရွှေ့ပေးခဲ့ပြီးဖြစ်သည်။

မြစ်ကမ်းပါးပြိုခြင်းမှာ ဧရာဝတီမြစ်ကြောင်းပြောင်းခြင်းကြောင့်ဖြစ်ပြီး ယခုရက်တွင် မြစ်ကမ်းပါးပြိုမှု အနည်းငယ်ရပ်တန့်သွားသည်။ ကူးတို့ဆိပ်ကျေးရွာ မြစ်ကမ်းပါးပြိုမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၈၆၆ သိန်းခန့်ဖြစ်ကြောင်း သိရသည်။ **ငွေသန်း(ဇလွန်)**

---

# လူနေရှေးဟောင်းအဆောက်အအုံကို ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ရေးစီမံကိန်း ပြီးစီး

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ အမှတ်(၄၉၁-၅၀၁) လူနေရှေးဟောင်း အဆောက်အအုံကို ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ရေးစီမံကိန်းပြီးစီးသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါအဆောက်အအုံအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့တွင် ရှေးဟောင်းအဆောက်အအုံပေါင်းများစွာရှိပြီး နှစ်(၅၀)နီးပါးအတွင်း ရှေးဟောင်းအဆောက်အအုံများ တစ်စတစ်စပျောက်ဆုံးသွားခဲ့ကြောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ကန်ထရိုက်စနစ်ဖြင့် အခန်းပေး အခန်းယူ ဆောက်လုပ်ခဲ့ကြပြီး ရှေးဟောင်းအဆောက်အအုံများ ဆုံးရှုံးသွားခဲ့ကြောင်း၊ ရန်ကုန်မြို့ဟောင်းကို ရှေးမူမပျက် ဖွံ့ဖြိုးတိုးတက်သည့်မြို့သစ် ဖြစ်လာနိုင်ရန်အတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြို့၏ သစ်လွင်တောက်ပမှုနှင့် ရှေးဟောင်းအဆောက်အအုံများ၏ တည်ရှိနေမှုသည် ဒွန်တွဲနေဖို့လိုအပ်ကြောင်း၊



ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံ ဝန်ကြီးများရုံးကို တွေ့ရစဉ်။ (စောသိန်းဝင်း)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သစ်အနေဖြင့် ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရအဖွဲ့နှင့် စိတ်တူကိုယ်တူ နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ အဆောက်အအုံသည် ၁၉၀၅ ခုနှစ်က စတင်တည်ဆောက်ခဲ့သည့် ရှေးဟောင်းအဆောက်အအုံဖြစ်ပြီး ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အကူအညီဖြင့် Turquoise Mountain အဖွဲ့က ရှေးမူလက်ရာမပျက် တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

အမှတ်(၄၉၁-၅၀၁) လူနေရှေးဟောင်းအဆောက်အအုံတွင် မိသားစု ၁၂ စုခန့်ရှိကာ လူဦးရေ ၈၀ နေထိုင်ပြီး အဆိုပါအဆောက်အအုံအနီး အာမေးနီးယန်း ချာ့ချ်ဘုရားကျောင်းနှင့် ဂန္ဓိခန်းမ စသည့် ရှေးဟောင်း အဆောက်အအုံများရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံတွင် ၂၀၁၂ ခုနှစ်က ကွယ်လွန်ခဲ့သည့် မန္တလေးမြို့အခြေစိုက် လူထုသတင်းစာ၏ ရန်ကုန်သတင်းထောက်၊ အင်္ဂလိပ်စာဆရာ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ၊ နာမည်ကျော်သတင်းစာဆရာ လူထုဦးစိန်ဝင်း နေထိုင်ခဲ့ကြောင်း သိရသည်။ **(မင်းသစ်)**

---

**✻ မန္တလေးမှ**

“ပြီးခဲ့တဲ့နှစ်တွေက သုံးသိန်းလောက် ခန့်မှန်းပေမယ့် အဲဒီထက်ပိုမိုဝင်ရောက်လာတာကြောင့် ဒီနှစ်မှာ လေးသိန်းလောက် ဝင်ရောက်လာမယ်လို့ ခန့်မှန်းတာပါ။ လက်ရှိဝင်ရောက်လာတဲ့စာရင်းတွေကိုကြည့်ရင် ပိုမိုဝင်ရောက်လာတာ တွေ့ရတယ်” ဟု ၎င်းက ပြောသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီမှ မတ်လအထိ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုစာရင်းများအရ ဇန်နဝါရီလတွင် ၃၅၅၁၁ ဦး၊ ဖေဖော်ဝါရီတွင် ၃၅၅၈၈ ဦး၊ မတ်လတွင် ၂၉၂၈၂ ဦး ဖြစ်၍ ယခုနှစ် ဇန်နဝါရီတွင် ၄၀၅၃၃ ဦး၊ ဖေဖော်ဝါရီတွင် ၃၉၁၅၀၊ မတ်လတွင် ၃၈၃၈၄ ဦး ဝင်ရောက်ခဲ့ရာ ကာလတူနှိုင်းယှဉ်ချက်များအရ ဝင်ရောက်လာမှု ပိုမိုများပြားလာသဖြင့် ယခုနှစ်တွင်လည်း လျာထားချက်ပြည့်မီနိုင်ကြောင်း ၎င်းက သုံးသပ်ပြောဆိုခဲ့သည်။

“ပြီးခဲ့တဲ့နှစ်က မြန်မာမှုပစ္စည်းတွေ အများကြီးရောင်းခဲ့ရလို့ ကမ္ဘာလှည့်ခရီးသွားများတယ်။ ဒီနှစ်မှာတော့ အဲဒီလောက် မရောင်းရဘူး။ ဒါကြောင့် ဒီနှစ်မှာ ကမ္ဘာလှည့်ခရီးသွားနည်းမယ်လို့ ထင်တယ်”ဟု ရွှေကျောင်းကြီးတွင် မြန်မာမှုပစ္စည်းရောင်းချသူတစ်ဦးက ပြောသည်။

မန္တလေးသို့ ဝင်ရောက်လာမှုများတွင် တရုတ်၊ ထိုင်း၊ ဂျပန်၊ အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံသားများ အများဆုံးဖြစ်ပြီး ပုဂံဒေသတွင် ပိုမိုဝင်ရောက်မှုရှိကြောင်း၊ ခရီးသွားလုပ်ငန်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်အသစ်များ ဖော်ထုတ်ပေးရန်လိုအပ်ပြီး လက်ရှိတည်ရှိသော ယဉ်ကျေးမှု၊ သဘာဝအမွေအနှစ်များနှင့် ခရီးသွားဒေသများကို ထိန်းသိမ်းသင့်ကြောင်း သိရသည်။**(အောင်ရဲသွင်)**

# နွေရာသီ ရေလိုအပ်လျက်ရှိသော ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

**ဘားအံ မေ ၁**

၂၀၁၆ ခုနှစ်တွင် နေရာဒေသအနှံ့ဖြစ်ပေါ်နေသော အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နွေရာသီ ရေလိုအပ်လျက်ရှိသော ကရင်ပြည်နယ် ခရိုင် သုံးခရိုင်အတွင်းရှိ ကျေးရွာ ၂၃ ရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သောက်သုံးရေဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်က ဘားအံမြို့ လှာကာကျေးရွာတွင် သောက်သုံးရေဖြန့်ဝေပေးနေကြောင်း သိရသည်။

ထိုသို့ ကရင်ပြည်နယ် ခရိုင် သုံးခရိုင်အတွင်း ဆောင်ရွက်ပေးနေရာတွင် ဘားအံမြို့နယ်တွင် အလယ်ရွာ၊ သစ်ဖြူပင်ဆိပ်၊ လှာကာ၊ လှိုင်းဘွဲ့မြို့နယ်တွင် ကော့တာဟိုး၊ ပျဉ်းကတိုးကုန်း၊ တောင်ခြေရင်း၊ ကွမ်ဘီ၊ ချမ်းသာကျေးရွာ၊ သံတောင်ကြီးမြို့နယ်တွင် မယ်ဇလီကုန်း၊ သူဌေးကုန်း၊ ကော့ကရိတ်မြို့နယ်တွင် ရွာတန်းရှည်၊ အီဘိုင်းရွာတန်းရှည်၊ ကြာရိုးကုန်း၊ ထီးဖိုးကလောင်၊ ပိတောက်ကုန်း၊ ရသေ့တောင်၊ မြဝတီမြို့နယ်တွင် စံပါလိုက်၊ မဲပလဲ့၊ ညောင်နန်းသာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကြာအင်းကြီး၊ နန်းသိုင်းထွန်း၊ တံခွန်တိုင်နှင့် ဖာပွန်မြို့နယ်၊ ကမမောင်းမြို့ရှိ ညီညာချမ်းသာကျေးရွာ စသည်ဖြင့် ကျေးရွာ ၂၃ ရွာ၊ အိမ်ခြေ ၂၆၀၀၊ လူဦးရေ ၁၁၀၀၀ အား ရေဂါလန် ၂၃၀၀၀၀ ကို ကျေးရွာများအရောက် ကွင်းဆင်း၍ ရေပြတ်လပ်မှုသတင်းများရယူ၍ ယာယီရေသိုလှောင်ကန်များဆောက်လုပ်ပြီး ရေဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၃၀ ရက်က ဘားအံမြို့နယ် လှာကာကျေးရွာ မီးသတ်ရေယာဉ်ဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကို ပြည်နယ်ဦးစီးမှူး ဦးနေဦးက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# စဥ့်ကူးမြို့နယ် ရွှေကျင်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများရှိ

**စဥ့်ကူး မေ ၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေကျင်ကျေးရွာအုပ်စု ရွှေကျင်၊ ညောင်ပင်သာ၊ အင်းဇောက်ကြီးကျေးရွာတို့တွင် ဧပြီ ၂၄ ရက် ညနေ ၆ နာရီခန့်က လေပြင်းများ တိုက်ခတ်ခဲ့ပြီး အဆိုပါလေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်ခြေ ၅၀ ခန့်နှင့် မူလတန်းလွန်ကျောင်းတစ်ကျောင်း ပြိုပျက်ခဲ့ပြီး ဘုရားစေတီများ၊ ထီးတော်များ ယိုင်လဲခြင်း၊ လူနေအိမ်များပေါ်သို့သစ်ပင်များပြိုလဲကာ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် တန်ဖိုးငွေကျပ် သိန်း ၃၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မြို့နယ်တာဝန်ရှိသူများအနေဖြင့် အဆိုပါလေပြင်းတိုက်ခတ်ရာ လေဘေးသင့်ကျေးရွာရှိ အိမ်ထောင်စုများသို့ သွားရောက်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ယာယီတဲအိမ်များ ဆောက်လုပ်နိုင်ရေးနှင့် လိုအပ်သည့် အစားအစာ၊ ပစ္စည်းများ သွားရောက်ပံ့ပိုးကူညီနိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝင်းမောင်)**



# ကျောက်ပန်းတောင်းမြို့နယ်တွင် လေပြင်းတိုက်ခတ်

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဧပြီ ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က အနောက်မြောက်ဘက်မှ ရုတ်တရက် လေပြင်းများ တိုက်ခတ်မှုကြောင့် ကျောက်ပန်းတောင်း- ရေနံချောင်း သွားကားလမ်းပေါ်တွင် သစ်ပင်အချို့ပြိုလဲ၍ ခေတ္တလမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအချို့တွင်လည်း လူနေအိမ်များ အမိုးလန်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ပန်းတောင်း-ရေနံချောင်းသွားကားလမ်းရှိ မိုင်တိုင်(၃၉၁/၁)တွင် မဲဇလီပင်တစ်ပင်နှင့် မိုင်တိုင်(၃၉၂/၃)တွင် ထနောင်းပင်တစ်ပင်ပြိုလဲ၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ ဖြစ်ပွားရာနေရာသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာအောင်ကျော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူငယ်ကွန်ရက်အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၂၅ ဦးဖြင့် သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် လမ်းပိတ်ဆို့နေမှုကို ဖယ်ရှားနိုင်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်စစ်ကန်ကျေးရွာအုပ်စု ကျောက်စစ်ကန်ကျေးရွာတွင် လူနေအိမ် ၂၁ လုံး၊ လင်းယောစမ်းကျေးရွာတွင် လူနေအိမ် ၂၇ လုံး၊ အရှေ့အင်တိုင်းကျေးရွာအုပ်စု အရှေ့အင်တိုင်းကျေးရွာတွင် လူနေအိမ်ခြောက်လုံး၊ အနောက်အင်တိုင်းကျေးရွာတွင် ဘုန်းတော်ကြီးနားနေဆောင် တစ်ဆောင်နှင့် လူနေအိမ်ငါးလုံး၊ ဆုံရွာကျေးရွာအုပ်စု ကြောင်ဒူးကျေးရွာတွင် လူနေအိမ်ရှစ်လုံး၊ ရိုးခြားကျေးရွာတွင် လူနေအိမ်တစ်လုံးနှင့် ဒဝါးကျေးရွာအုပ်စု ဒဝါးကျေးရွာတွင် လူနေအိမ်ငါးလုံး စုစုပေါင်းလူနေအိမ် ၇၃ လုံးနှင့် ဘုန်းတော်ကြီးနားနေဆောင်တစ်ဆောင်တို့၏ အမိုးများလန်ကာပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူငယ်ကွန်ရက်အဖွဲ့ဝင်များ သွားရောက်ခဲ့ကြပြီး လတ်တလောနေထိုင်ရေးနှင့်လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ပုလဲမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံး

**ပုလဲ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ဧပြီ ၃၀ရက် ညနေ၄ နာရီ ၁၅ မိနစ်မှ ၄ နာရီ ၄၅ မိနစ်အထိ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံများ၊ ကျန်းမာရေးအဆောက်အအုံများ၊ စာသင်ကျောင်း အဆောက်အအုံများနှင့် လူနေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျားတက်-ပုလဲ-ဂန့်ဂေါ ကားလမ်းမကြီးတစ်လျှောက် သစ်ပင်များ ပြိုလဲမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လမ်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနမှမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းကူညီမှုဖြင့် လဲပြိုကျနေသော သစ်ပင်များအား ဖယ်ရှားပေးခဲ့ရာ ညနေ၅နာရီခွဲတွင် ခရီးသွားပြည်သူများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် သာသနိကအဆောက်အအုံနှစ်လုံး၏ သွပ် ၂၁ ချပ် အမိုးလန်ခြင်း၊ ကျန်းမာရေးအဆောက်အအုံတစ်လုံး သွပ် ၁၃ ချပ် အမိုးလန်ခြင်း၊ စာသင်ကျောင်းဆောင်အဆောက်အအုံလေးလုံး သွပ် ၂၁၅ ချပ် အမိုးလန်ခြင်း၊ လူနေအိမ် ၁၅ လုံး သွပ် ၂၅၂ ချပ် အမိုးလန်ခြင်းနှင့် လူနေအိမ် လေးလုံးတို့ ပြိုလဲခဲ့ကြောင်းနှင့် လူ၊ တိရစ္ဆာန် သေဆုံးမှုမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **မင်းခန့်စိုး( ဇေယျာမြေ)**

# ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာ၌ လေပြင်းတိုက်ခတ်

**ဆိပ်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာတွင် ဧပြီ ၃၀ရက် မွန်းလွဲ ၂ နာရီခန့်တွင် မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် ရှောက်ပင်အင်းကျေးရွာတွင် လေးပင်ပတ်လည် လူနေအိမ်လေးလုံး၊ သုံးပင်ပတ်လည် လူနေအိမ်လေးလုံးအမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း၊ အဆိုပါကျေးရွာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ သွားရောက်ခဲ့ကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(IPRD)**

# သဲကုန်းမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်၍ ဘုန်းတော်ကြီးကျောင်းတချို့နှင့် လူနေအိမ်များ ပျက်စီး

**ပြည် မေ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဧပြီ ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် မိုးသက်လေပြင်းတိုက်ခတ်၍ ကျေးရွာအုပ်စု ၁၂အုပ်စုရှိ ကျေးရွာပေါင်း ၃၅ ရွာတွင် လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သဲကုန်းမြို့နယ် ကရင်ကုန်းအုပ်စုတွင် လူနေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းဆောင်တချို့ ပျက်စီးဆုံးရှုံးခြင်း၊ ကန်နှစ်ဆင့်ကျေးရွာအုပ်စု၊ ရပ်သာကျေးရွာအုပ်စု၊ ထန်းပင်မှော်ကျေးရွာအုပ်စု၊ အင်းပေါ်ငယ်ကျေးရွာအုပ်စု၊ အုပ်ဖိုအုပ်စု၊ ဇလုံးအုပ်စု၊ ချောင်းကမ်းကြီးအုပ်စုနှင့် လိန်တန်းအုပ်စုတို့တွင် လူနေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းတချို့ အမိုးလန်၍ ပျက်စီးခဲ့ကြောင်း သိရသည်။ **(သူရအောင်)**

# ရေနံချောင်းမြို့နယ်တွင် လေပြင်းတိုက်ခတ်

**ရေနံချောင်း မေ ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဧပြီ ၃၀ ရက် ညနေ ၃နာရီခွဲခန့်က လေပြင်းများတိုက်ခတ်သဖြင့် မာန်မြေကျေးရွာအုပ်စုရှိ အိမ်များလဲပြိုခြင်း၊ အိမ်အမိုးလန်ခြင်းများဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့်မာန်မြေအုပ်စု မာန်မြေကျေးရွာ၊ထနောင်းကုန်းကျေးရွာ၊ မိန်းမလှကျွန်းကျေးရွာ၊ ကန်သာရွာ၊ကုန်းလှိုင်ရွာနှင့်ဒန်ကုန်းကျေးရွာတို့တွင် စုစုပေါင်းနေအိမ် ၁၅ လုံး ပြိုလဲခဲ့ပြီး နေအိမ် ၃၉ လုံးမှာ အမိုးလန်ခြင်းများဖြစ်ပွားခဲ့ကာ အမက (၁၂၈)မာန်မြေ ကျောင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာ နှစ်လုံးမှာလည်း အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဖြိုးမွန်မွန်ကျော်)**

# အစိုးရသစ်နှင့်ပြည်သူများအား ဂုဏ်ပြုခြင်းအထိမ်းအမှတ် ရေဆေးပန်းချီပြပွဲကျင်းပ



**မန္တလေး မေ ၁**

သမ္မတဦးထင်ကျော်နှင့် အစိုးရအဖွဲ့အားကြိုဆို၍ မဲပေးရွေးချယ်ခဲ့ကြသည့်ပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ဂုဏ်ပြုသောအားဖြင့် ရေဆေးပန်းချီပြပွဲကို ဧပြီ ၃၀ ရက်က မန္တလေးမြို့ ကုသိုလ်တော်ပန်းချီပြခန်း၌ ကျင်းပခဲ့သည်။

အဆိုပါပန်းချီပြပွဲကို မြန်မာနိုင်ငံရေဆေးပန်းချီအသင်း (MWS)က ပြုလုပ်၍ ပန်းချီဆရာ ၃၀ ကျော်တို့က တစ်ဦးလျှင် ပန်းချီကားသုံးကားနှုန်းဖြင့် ပန်းချီကားပေါင်း ၁၀၂ ကားကို ခင်းကျင်းပြသထားကြောင်း အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(သစ်ထွင်း)က ပြောသည်။

"ဒီပန်းချီပြပွဲမှာ အရင်ပြပွဲတွေလိုမဟုတ်ဘဲ ရှုခင်းပုံတွေကိုလျှော့ပြီး နိုင်ငံရေးပုဂ္ဂိုလ်ကြီးတွေနဲ့ အစိုးရသစ်အဖွဲ့ရဲ့ပုံတူပန်းချီကားတွေကို အဓိကရေးဆွဲပြီး ပြသထားပါတယ်။ ကျွန်တော်တို့ တတ်ကျွမ်းတဲ့ပညာနဲ့ အစိုးရသစ်နဲ့ ပြည်သူတွေကို ဂုဏ်ပြုပေးခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပန်းချီပြပွဲတွင် မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင်မှ ပန်းချီဆရာများ စုပေါင်းပါဝင်ရေးဆွဲထားကြပြီး သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ နာယကဦးတင်ဦး၊ သတင်းစာဆရာ ဟံသာဝတီဦးဝင်းတင်၊ သမ္မတဦးထင်ကျော်၊ ဒေါ်အောင်ဆန်းစုကြည်၊ ကျော်သူ၊ မင်းကိုနိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန်ဒေါက်တာရဲလွင်နှင့်လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦးတို့၏ ပုံတူပန်းချီကားပေါင်း ၆၂ ကားနှင့် မန္တလေးရှုခင်းပုံပန်းချီကား ၄၀ တို့ကို ပြသထားပြီး အရွယ်အစားအနေဖြင့် (၃၀ × ၄၀) လက်မ၊ (၁၅× ၂၀) လက်မနှင့် (၁၁× ၁၄) လက်မ အရွယ်ကိုယ်တစ်ပိုင်းပုံများကိုသာ ရေးဆွဲပြသထားသည်။

ပန်းချီပညာ၏ ခံစားမှုရသကို လက်ရှိမျိုးဆက်သစ်လူငယ်များ တန်ဖိုးထားလေးစား၍ ပန်းချီပြပွဲများသို့ လာရောက်လေ့လာကြည့်ရှုကြစေရန် လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံရေဆေးပန်းချီအသင်း အတွင်းရေးမှူး ဦးမာလာက ပြောသည်။

"ကျွန်တော်တို့ ပြည်သူတွေက ပန်းချီပြပွဲတွေကို လာရောက်လေ့လာမှု အားနည်းတယ်။ ဖိတ်မှလာတတ်တဲ့ အကျင့်တွေဖြစ်နေတယ်။ မိဘတွေကလည်း သားသမီးတွေကို ဒီလိုပြပွဲတွေကိုခေါ်လာပြီး ပြသပေးသင့်တယ်။ ဒီလိုအကျင့်လုပ်ပေးမှ သူတို့တွေပန်းချီပြပွဲတွေကို ဝင်ရောက်လေ့လာကြည့်ရှုသင့်တယ်ဆိုတာ သိသွားကြမှာပါ။ နိုင်ငံတကာပန်းချီဆရာတွေကလည်း ကျွန်တော်တို့ ပန်းချီပညာကို လာရောက်လေ့လာချင်ပေမယ့် သူတို့ကိုဖိတ်ခေါ်မယ့် အသင်းအဖွဲ့မရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ မန္တလေးက ဒီအသင်းကို ပထမဆုံးဖွဲ့စည်းပြီး နိုင်ငံတကာပန်းချီဆရာတွေကို ဖိတ်ခေါ်သွားမှာပါ" ဟု ၎င်းကဆိုသည်။

အဆိုပါပန်းချီပြပွဲကို ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ခင်းကျင်းပြသလျက်ရှိပြီး အမှတ်တရဝယ်ယူသိမ်းဆည်းလိုပါက ပန်းချီကားအရွယ်အစားအလိုက် ငွေကျပ်တစ်သိန်းခွဲမှ ၁၅သိန်း အထိရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကွမ်းခြံများမိုးသီးထိ၍ ကွမ်းဈေးနှစ်ဆခန့်မြင့်တက်

**မန္တလေး မေ ၁**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်



ခြင်းနှင့်အတူ မိုးသီးများထိမှန်ပြီး ကွမ်းခြံများထိခိုက်ပျက်စီးမှု ရှိခဲ့သဖြင့် ယခုရက်ပိုင်းအတွင်း ကွမ်းရွက်ဈေးနှုန်းများနှစ်ဆခန့်မြင့်တက်လာကြောင်း မန္တလေးမြို့က ကွမ်းဖြန့်ချိရေးဒိုင်များမှသိရသည်။

"မိုးသီးတွေကထုထည်ကြီးမားပြီး အဆက်မပြတ်ကျလာတဲ့အတွက် ကွမ်းရွက်တွေပျက်စီးကုန်တာပါ။သကြ်န်မတိုင်ခင်ပေါက်ဈေးထက် နှစ်ဆခုန်တက်သွားတယ်။ မန္တလေးနဲ့စစ်ကိုင်းက ကွမ်းခြံတွေ အများဆုံးပျက်စီးသွားတာပါ"ဟု ရန်ကင်းကွမ်းဖြန့်ချိရေးမှ ကိုကျော်သင်းကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်မှထွက်ရှိသော ကွမ်းဈေးနှုန်းမှာ သကြ်န်မတိုင်မီက တစ်ပိဿာလျှင်ငွေကျပ် ၄၅၀၀ သာ ရှိခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ခြံဖြတ်ဈေး ငွေကျပ် ၈၀၀၀ အထိ မြင့်တက်ခဲ့သဖြင့် ကွမ်းဖြန့်ချိရေးဒိုင်များမှ လက်လီ တစ်ပိဿာလျှင်ငွေကျပ် ၁၀၀၀၀ ဈေးအထိဖြန့်ချိရောင်းချခဲ့ကြောင်းသိရသည်။

ထိုသို့ဈေးတက်ခဲ့သော်လည်း ကွမ်းရောင်းချသူများအတွက် တစ်စုံတစ်ရာ နစ်နာမှုမရှိဘဲ ကွမ်းစားသုံးသူများသာ ထိခိုက်မှုရှိခဲ့ကြောင်း ကွမ်းယာရောင်းချသူ ဦးဝင်းမြင့်က ပြောသည်။

"ကွမ်းဈေးတက်လာတော့ ကျွန်တော်တို့ ကွမ်းယာဆိုင်တွေက ကွမ်းအယာကိုလျှော့ပြီး ရောင်းချလိုက်ရုံပဲ။ တကယ်နစ်နာတာက ကွမ်းစားတဲ့သူတွေပါ"ဟု ၎င်းကဆိုသည်။

ကွမ်းဈေးကွက်အနေဖြင့် မိုးကြိုကာလရာသီတွင်အထွက်နှုန်းနည်းပြီး ဈေးမြင့်တက် တတ်သော်လည်း ယခုကဲ့သို့ ရာသီဥတုဆိုးရွားမှုများကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာသဖြင့် ဈေးနှုန်းများ ပိုမိုမြင့်တက်လာသည်။ ဆက်လက်၍လည်း မြင့်တက်ဖွယ်ရှိကြောင်း ပုသိမ်ကြီးမြို့နယ်မှ ကွမ်းစိုက်တောင်သူဦးမိုးကပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကွမ်းအများဆုံးစိုက်ပျိုးသည့်ဒေသများမှာ မတ္တရာ၊ ကျောက်ဆည်၊ ရေဦး၊ တန့်ဆည်၊ ရွှေဘိုစသည့်မြို့များမှ အဓိကစိုက်ပျိုးကြပြီး ရေဦးနှင့် တန့်ဆည်ထွက်ကွမ်းများမှာ အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပေါင်မြို့နယ်တွင် အအေးဓာတ်စာ မင်းကွတ်သီးအထွက်နှုန်းနည်း

**ပေါင် မေ ၁**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းမှ ဒေသထွက်သီးနှံ တစ်မျိုးဖြစ်သည့် အအေးဓာတ်စာ မင်းကွတ်သီးများ အရောင်းအဝယ် သွက်နေပြီဖြစ်သော်လည်း ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက အသီးထွက်နှုန်း နည်းနေသည်ဟု သိရသည်။

"တစ်ခြံကို အပင် ၅၀ ကနေ ၃၀၀ အထိ ရှိတယ်။ တစ်ပင်ဘယ်လောက်သီးတယ်ဆိုတာတော့ ရေတွက်လို့မရဘူး။ သွေးစွန်းတဲ့အမှတ်အသားလေးပေါ်လာရင် ခူးလိုက်တာပဲ။ တစ်ခြံကို တစ်ရက်အလုံး ၃၀ ကျော်ပဲရတယ်။ တကယ်ထွက်မယ်၊ သီးမယ်ဆိုရင် တစ်ခြံကိုတစ်ရက် ၂၀၀၀ လောက်ပုံမှန်ထွက်တယ်။ ဒီနှစ်အသီးလျော့တယ်" ဟု မင်းကွတ်ခြံပိုင်ရှင် ဦးခင်ဦးက ရှင်းပြသည်။

ဧပြီ၂၀ ရက်အထိ မင်းကွတ်သီးတစ်လုံးကို ငွေကျပ် ၁၅၀ နှင့် ပေါက်ဈေးထားကာ မင်းကွတ်ခြံတွေမှာ လိုက်လံဝယ်ယူပြီး တစ်ခြင်းကို အလုံး ၁၂၀ ပါ ပလတ်စတစ်ကတ်ဖာတွေနဲ့ ထုပ်ပိုးကာ ပစ္စည်းနည်းပါက မှန်လုံကားဖြင့်၊ ပစ္စည်းများပါက စင်းလုံးငှားကားများဖြင့် ရန်ကုန်သီရိမင်္ဂလာဈေးဟောင်း ဘုရင့်နောင်ပွဲရုံသို့ လည်းကောင်း၊ မန္တလေး ၂၉ လမ်းပွဲရုံတန်းသို့လည်းကောင်း တင်ပို့ရောင်းချကြကြောင်း မင်းကွတ်သီးအဝယ်ဒိုင် ဒေါ်မိချမ်းမြင့်က ပြောသည်။



ရန်ကုန်နှင့် မန္တလေးတွင် မင်းကွတ်သီးတစ်လုံးကို လက်လီဈေး ငွေကျပ်၂၅၀ အထိ ဈေးရှိပြီး လွန်ခဲ့သောတစ်လ ပေါ်ဦးပေါ်ဖျား ကာလတွင် တစ်လုံးကို ငွေကျပ် ၃၅၀ အထိ ဈေးပေါက်နေခဲ့သည့်အပြင် ယခုလက်ရှိ မင်းကွတ်သီးထွက်ရှိနေသည့် ပေါင်မြို့၌လည်း တစ်လုံးကို ငွေကျပ် ၂၅၀ လက်လီဈေးအဖြစ်ရှိနေသည်။

ပူပြင်းသောကာလတွင် အပူဓာတ်ကိုသက်ရောက်စေသော ဒူးရင်းသီးကိုစားပါက ၎င်းနှင့်ဆန့်ကျင်ဘက် အအေးဓာတ်စာ မင်းကွတ်သီးအား တွဲဖက်၍ စားသုံးသင့်ကြောင်း မင်းကွတ်ပင်နှင့် ဒူးရင်းပင်များ စိုက်ပျိုးထားသော အသက်(၇၀) အရွယ် ဒေါ်စန်းရီက ပြောသည်။

ယခုနှစ် မင်းကွတ်သီးအထွက်နှုန်းနည်းရခြင်းမှာသိသာနေပြီး အပူချိန်မြင့်မားမှုကို မင်းကွတ်ပင်များ မနှစ်သက်ဘဲ နေ့စဉ်ရေရရှိအောင် အပင်အရင်းအထိ သွယ်ပေးထားရကြောင်း၊ အပူချိန်မြင့်သည့်နှစ်တွင် အသီးထွက်နှုန်းနည်းတတ်ကြောင်း သိရသည်။

မင်းကွတ်သီးပင် နှစ်မျိုးရှိပြီး တောင်ပေါ်သီးနှင့် ရွာသီးဟု ဒေသအတွင်း၌ ခွဲခြားကြသည်။ တောင်ပေါ်သီးမှာ ရွာသီးထက် အလုံးပိုကြီးသော်လည်း အခွံထူ၍အချဉ်ဓာတ်နည်းနည်းဖောက်ပြီး ရွာသီးမှာ အခွံပါးကာချိုကြောင်း သိရသည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**




# တပ်ကုန်းမြို့တွင် ဆိုင်ကယ်အား ကားဝင်တိုက် ဆိုင်ကယ်စီးလာသူနှစ်ဦး သေဆုံး

**တပ်ကုန်း မေ ၁**

နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် (၂၇၇/၁)နှင့် (၂၇၇/၂)ကြားရှိ ရှားပင်ဆိပ်မီးပွိုင့်တွင် ယနေ့ ညနေပိုင်းက ဆိုင်ကယ်အား ခြောက်ဘီးယာဉ်ဝင်တိုက်ရာ ဆိုင်ကယ်စီးလာသူညီအစ်မနှစ်ဦး သေဆုံးခဲ့ကြောင်း တပ်ကုန်းမြို့နယ် ရဲစခန်းမှ သိရသည်။

ယနေ့ ညနေ ၃ နာရီတွင် ဆရာစံရပ်ကွက်ဘက်မှ ရှားပင်ဆိပ်မီးပွိုင့်သို့ ဖြတ်သန်းရန် စောင့်ဆိုင်းနေသည့် Sambo 125 ဆိုင်ကယ်အား ရှုန်လုံ ခြောက်ဘီးယာဉ် 1E/----က ဝင်တိုက်ရာ ဆိုင်ကယ်စီးနင်းလာသည့် မမေသကြ်န်(၂၃)နှစ်နှင့် မမိုးစန္ဒာထွေး (၁၉)နှစ်တို့သည် အခင်းဖြစ်ပွားရာတွင်သေဆုံးခဲ့ပြီး ယာဉ်မောင်းမှာ ကားမောင်းထွက်ပြေးသွားခဲ့သည်။

သို့ဖြစ်၍ တပ်ကုန်းရဲစခန်းမှ ရဲအုပ်ထွန်းနိုင်မြင့်က ယာဉ် ပ/၂၇/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၀၄/က/၂၀၂ ဖြင့် အမှုဖွင့်ပြီး စုံစမ်းစစ်ဆေးရာ ပြစ်မှုကျူးလွန်သူ ဇေယျာသီရိမြို့နယ် မယင်းကြီးကျေးရွာနေ ယာဉ်မောင်း ကိုပေါက်(၂၆)နှစ်အား အမြန်လမ်းမကြီးပေါ်တွင် ည ၉ နာရီခွဲက ဖမ်းဆီးမိခဲ့ကြောင်း အဆိုပါရဲစခန်းမှ သိရသည်။ **(သန့်ဇင်ဝင်း)**

သင့်
စီးပွားရေးလုပ်ငန်း
အောင်မြင်ဖို့
ကြေးမုံသတင်းစာ
တွင်
ကြော်ငြာစို့

# တေးသံရှင် ဘီယွန်းစေး၏ ဂီတဖျော်ဖြေပွဲ အကြောင်းပြချက်မပေးဘဲ ဖျက်သိမ်း

တေးသံရှင် ဘီယွန်းစေးက လာမည့် သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ တောင်ပိုင်းရှိ နက်ရှ်ဗီလီမြို့၌ ကျင်းပရန် စီစဉ်ထားသည့် Formation ဂီတဖျော်ဖြေပွဲ ကျင်းပမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ယင်းသို့ဖျက်သိမ်းခဲ့မှုကို ဧပြီ ၂၉ ရက် ညနေပိုင်းက ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ကြေညာခဲ့ခြင်းဖြစ်ပြီး ယင်းအတွက် မည်သည့် အကြောင်းပြချက်တစ်စုံတစ်ရာမျှ ပေးခဲ့ခြင်းမရှိကြောင်း သိရသည်။

သို့သော် ပေါ့ပ်ကြယ်ပွင့် ဘီယွန်းစေးက ဖလော်ရီဒါ၊ တမ်ပါနှင့် အခြားသောမြို့များတွင် ကျင်းပမည့်ဖျော်ဖြေပွဲများကိုမူ အစီအစဉ်အတိုင်းကျင်းပသွားမည်ဖြစ်ပြီး လာမည့်သီတင်းပတ်အတွင်းတွင် မြောက်ကယ်လီဖိုးနီးယား၊ အတ္တလန္တာနှင့် ဂျော်ဂျီယာတို့တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



Formation ဂီတဖျော်ဖြေပွဲ၏ ငါးကြိမ်မြောက်အဖြစ် ဧပြီ ၂၇ ရက်က မိုင်ယာမီမြို့တွင် ကျင်းပခဲ့သည့် ဖျော်ဖြေပွဲအပြီးတွင် နက်ရှ်ဗီလီ၌ ကျင်းပမည့်ဖျော်ဖြေပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါ ဂီတဖျော်ဖြေပွဲအား ကြည့်ရှုအားပေးလိုသူ ပရိသတ်များကလည်း လက်မှတ်များကို အစီအစဉ်ပြန်လည်ပြောင်းလဲချိန်တွင် ဆက်လက်ထိန်းသိမ်းထားပေးရန် အကြံပြုချက်များလည်းရှိကြောင်း၊ ခရီးစဉ်နှင့်ပတ်သက်ပြီး ရက်အပြောင်းအလဲများလည်း ရှိနိုင်ကြောင်း Live Nation က ထုတ်ပြန်ထားသည်။

တေးသံရှင် ဘီယွန်းစေးက သူ၏ စတီရီယို အယ်လ်ဘမ်အတွက် Lemonade ကျင်းပသည့် Formation ဟု အမည်ပေးထားသည့် အဆိုပါ ဂီတဖျော်ဖြေပွဲကို မြောက်အမေရိကရှိ မြို့ကြီး ၂၃ မြို့နှင့် ဥရောပရှိ မြို့ ၁၇ မြို့တို့တွင် ဧပြီ ၂၇ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# အကောင်းဆုံးသူငယ်ချင်းများအဖြစ် တစ်သက်တာလက်တွဲသွားကြမည့် ဆယ်လီနာဂိုမက်ဇ်နှင့် တေလာဆွစ်ဖ်

ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာဘဝကို စတင်ခဲ့ပြီး ယခုအချိန်တွင် ဂီတလောကမှာရော သရုပ်ဆောင်လောကမှာပါ နေရာတစ်ခုကို ရရှိပိုင်ဆိုင်ထားသူ ဆယ်လီနာဂိုမက်ဇ်က ၎င်း၏သူငယ်ချင်းဖြစ်သူ တေးသံရှင် တေလာဆွစ်ဖ်အား တစ်သက်တာလုံးအတွက် အကောင်းဆုံးသူငယ်ချင်းအဖြစ် သတ်မှတ်ထားပြီး တစ်သက်တာအတူလက်တွဲသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောခဲ့သည်။

ဂိုမက်ဇ်နှင့် တေလာဆွစ်ဖ်တို့နှစ်ဦးဟာ ဟောလိဝုဒ်ရဲ့ စိတ်ဝင်စားမှုအများဆုံးသော အနုပညာရှင်စာရင်းဝင်မင်းသမီးများလည်းဖြစ်ကာ "ကျွန်မတို့နှစ်ဦး ဆက်လက်လက်တွဲသွားကြဦးမှာပါ။ အရမ်းပျော်စရာကောင်းမှာပါ။ အကောင်းဆုံးတွေကိုမျှော်လင့်ထားပါတယ်"ဟု ဧပြီ နောက်ဆုံးပတ်အတွင်းက နယူးယောက်မြို့၌ ကျင်းပခဲ့သည့် ကိုကာကိုလာပရိုမိုးရှင်းပွဲတစ်ခုတွင် ဂိုမက်ဇ်က ပြောကြားခဲ့ခြင်းဖြစ်သည်။



တေးသံရှင် တေလာဆွစ်ဖ်က ဂိုမက်ဇ်နှင့် ၎င်းတို့နှစ်ဦးသည် အကောင်းဆုံးသူငယ်ချင်းများအဆင့်တင်မကဘဲ ညီအစ်မများဟုပင် Vogue မဂ္ဂဇင်းသို့ ပြောကြားခဲ့ခြင်းများရှိသလို အသက်(၂၃)နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်ကလည်း "သူ့ကို အားလုံးထက်ပိုပြီးချစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဘာကိစ္စပဲဖြစ်ဖြစ် သူက အကောင်းဘက်က ရပ်တည်ပေးလို့ပါပဲ"ဟု ထုတ်ဖော်မှုများလည်းရှိခဲ့သည်။

ဆယ်လီနာဂိုမက်ဇ်၏ အနုပညာလှုပ်ရှားမှုများအနေဖြင့် ၂၀၁၆ အတွင်း ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားသစ် သုံးကားတွင် ပါဝင်သရုပ်ဆောင်ရန်ရှိပြီး ဂီတလှုပ်ရှားမှုများအနေဖြင့်မူ ၎င်း၏ ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် ဒုတိယ စတီရီယိုအယ်လ်ဘမ် Revival ၏ ဖျော်ဖြေရေးခရီးစဉ်ကို မြောက်အမေရိက၊ အာရှနှင့် ဥရောပဒေသများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် - စု စည်း ရေး သား သည်



# ဂီတလောကသို့ တစ်ကိုယ်တော်ကဏ္ဍဖြင့် ထိုးဖောက်ရန်ကြိုးပမ်းနေသူ တစ်ဖနီ

ကေပေါ့ဂီတလောကတွင် နာမည်ကြီးလူကြိုက်များလှသည့် တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Girls' Generation မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တစ်ဖနီက ၎င်း၏တစ်ကိုယ်တော် အယ်လ်ဘမ်ကို မေလဒုတိယပတ်အတွင်း စတင်ဖြန့်ချိသွားနိုင်ရန်စီစဉ်လျက်ရှိပြီး ယခုအခါ နောက်ဆုံးအချောသပ်လုပ်ငန်းများဆောင်ရွက်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တစ်ဖနီသည် ဧပြီ ၂၅ ရက်က အဆိုပါတေးအယ်လ်ဘမ် Title သီချင်း၏ တေးသီချင်း ဗီဒီယိုကို ရိုက်ကူးခဲ့ပြီး အယ်လ်ဘမ်အတွက် ဓာတ်ပုံရိုက်ကူးမှုများလည်းဆောင်ရွက်နေကြောင်း သိရသည်။ အဆိုပါ အယ်လ်ဘမ်သစ်တွင် တေးသီချင်းအမျိုးအစားများစွာပါဝင်ပြီး ယင်းအယ်လ်ဘမ်ထွက်ရှိရေးအတွက် တစ်ဖနီမှာ အခက်အခဲများစွာနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Girls' Generation မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်မှာ ဂီတလောကနယ်ပယ်တွင် တစ်ကိုယ်တော်တေးအယ်လ်ဘမ်များဖြင့် အောင်မြင်လျက်ရှိပြီး ယခု ဒုတိယမြောက်အဖြစ် ဂီတနယ်ပယ်တွင် တစ်ကိုယ်တော်ထိုးဖောက်ရန် တစ်ဖနီက ကြိုးစားနေခြင်းလည်းဖြစ်သည်။

ယခုလက်ရှိတွင် တစ်ဖနီသည် တောင်ကိုရီးယားရုပ်သံလိုင်း ကေဘီအက်စ်တူးတီဗွီ၏ ရုပ်သံဇာတ်လမ်းတွဲ Unni's Slam Dunk တွင် ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂ - ၅ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆:၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
- ၆:၃၀ ပြည်သူ့နီတိ"မိုးခါးရေ"
- ၆:၅၀ တေးဂီတအစီအစဉ်
- ၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "လျှို့ဝှက်သောပုစ္ဆာ" (အပိုင်း-၃၅)
- ၇:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၃၅)
- ၈:၃၀ ကာတွန်းအစီအစဉ် "Scooby Doo Goes Hollywood" (Part-2)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၉:၀၀ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်၏ ပရဟိတဆောင်ရွက်ချက်များ
- ၉:၃၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉:၄၀ ထူးခြားဖွယ်ရာ အင်ဒိုနီးရှားခရီးစဉ်
- ၁၀:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "လွန်းတင်ကြိုး"
- ၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ "ပျော်နိုင်ပါလျက်ပျော်ဖို့ မေ့နေသူများ"တရားတော် [ပါမောက္ခဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ(အောက်စဖို့ဒ်ဆရာတော်)]
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ "မင်္ဂလာပါ" The Morning Show
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၇)
- ၁၀:၀၅ ခေတ်သစ်ပျိုမေ
- ၁၀:၅၀ အနုပညာမိုးကောင်းကင်
- ၁၁:၃၅ Forever Music Tribute အဝေးတစ်နေရာ (အပိုင်း-၁) (ပထမပိုင်း)
- ၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၇)
- ၁၂:၃၅ ရန်ကုန်မြင်ကွင်းကျယ် (Nikon DSLR D5 ကင်မရာသစ်မိတ်ဆက်ပွဲအခမ်းအနား)
- ၁၂:၄၀ ချမ်းငြိမ်းစေတီတော်ကြီး စိန်ဖူး ၎က်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဓမ္မပူဇာသဘင်အခမ်းအနား
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" "လူရည်ချွန်" (အပိုင်း-၁၃)
- ၃:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Miss Now How 2016 Beauty Contest)
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၀)
- ၇:၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၄)
- ၈:၂၀ Drive It
- ၈:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၈)
- ၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ 'ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၈)
- ၁၀:၂၀ MRTV-4 Stage
- ၁၁:၃၀ ခေတ်သစ်ပျိုမေ
- ၁:၁၅ သွားမယ်စားမယ် (Merlion Cuisine Restaurant)
- ၄:၁၀ World of Knowledge (MegaFood Up In The Air)

## MWD

- ၆:၃၀ တရားတော်
- ၆:၂၀ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၇:၂၅ သင့်အတွက်တစ်နေ့တာ
- ၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈:၁၅ ရွှေပဟောင်းသုတ
- ၉:၁၀ နှစ်(၇၀)ကျော်ကြားတေးများ
- ၄:၀၅ တစ်ပတ်အတွင်းမွေးမြူရေးသတင်း
- ၄:၂၀ စိုက်ပျိုးသုတ
- ၄:၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄:၃၅ ဇာတ်လမ်းတို
- ၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၁၇)
- ၅:၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့ ချစ်ပန်းသခင် (အပိုင်း-၁၆)
- ၇:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့အလင်္ကာ (အပိုင်း-၄)
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသ သတင်း ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း ယနေ့အတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟိုတယ်ဘုရင် (အပိုင်း-၂၄) -သင့်အတွက် မနက်ဖြန်

## mitv

- 07:26 Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith
- 07:43 Welcome to the Southern most part of Myanmar
- 07:53 Art Students: Sculpture
- 08:26 A Noviatiation Ceremony in a Rural Township
- 08:51 A Photographer's Life at Shwedagon Pagoda
- 09:25 Interview with Shan State Chief Minister
- 09:44 A Tea Business: Pankwan (Part-1)
- 10:26 Home Grown Treasure (Part-1)
- 10:46 Home Grown Treasure (Part-2)

**Prime Time**
- 07:26 Food Trip (EP-4) (Part-2)
- 07:48 Creative Costume of Kayah Nationals
- 08:26 Taste Of Myanmar (Papaya Salad)
- 08:45 Director: Kyi Phyu Shin

# ချန်ပီယံလိဂ်သတင်းများ



## ချန်ပီယံလိဂ် ဒုတိယအကျော့တွင် စီရိုနယ်လ်ဒိုအား ဝင်ရောက်ကစားစေရန်မသင့် ဘင်ဇီမာ၊ စီရိုနယ်လ်ဒိုတို့နှစ်ဦး မန်စီးတီးနှင့် ပွဲအား လွဲချော်နိုင်

စီရိုနယ်လ်ဒို ရရှိသောဒဏ်ရာမှာ အသေးစား တံကောက်ကြော ဒဏ်ရာရရှိခြင်းသာ ဖြစ်သော်လည်း ရက်သတ္တ သုံးပတ် အနည်းဆုံးအနားယူရမည့် ဒဏ်ရာဖြစ်ရာ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်ကိုလည်း ဝင်ရောက်ကစားစေခြင်းက ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုမိုဖြစ်စေနိုင်ကြောင်း ပေါ်တူဂီ ဆေးအဖွဲ့၏ ပြောကြားချက်ကို ကိုးကားကာ အင်ဒီပန်းဒင့်သတင်းဌာနက ဖော်ပြသည်။ စီရိုနယ်လ်ဒိုအား အလျင်အမြန်ဝင်ရောက်ကစားစေခြင်းမှာ မလိုလားအပ်သည့် ဆိုးကျိုးကိုသာ ဖြစ်စေပြီး အခန့်မသင့်လျှင် ပြင်သစ်တွင် ကျင်းပမည့် ယူရို-၂၀၁၆ ပြိုင်ပွဲကိုပင် လွဲချော်နိုင်သည်အထိဖြစ်နိုင်ကြောင်း ပေါ်တူဂီ ဘောလုံးအသင်းဆရာဝန် နူနိုကမ်ပို့စ်က ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ရီးယဲလ်တိုက်စစ်အတွဲဖြစ်သည့် ဘင်ဇီမာနှင့် စီရိုနယ်ဒိုတို့ နှစ်ဦးလုံးမှာ တံကောက်ကြောဒဏ်ရာများ ရရှိနေသောကြောင့် မန်စီးတီးအားရင်ဆိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်ကို ပါဝင်ရန် ယခုထိမသေချာသေးကြောင်း ပြောကြားလိုက်သည်။ ဇီဒန်းကစီရိုနယ်လ်ဒိုမှာ ကြံ့ခိုင်မှုမပြည့်ဝသေးသလို ဘင်ဇီမာမှာလည်း ဒဏ်ရာအခြေအနေ လုံးဝကောင်းမွန်ခြင်းမရှိသေးသောကြောင့် သူတို့နှစ်ဦး ဝင်ရောက်ကစားမည်၊ မကစားမည်ဆိုသည်ကို အခုထိအတည်မပြုနိုင်သေးကြောင်း ဆိုလိုက်သည်။

စီရိုနယ်လ်ဒိုမှာ ဗီလာရီးယဲလ်အား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လာလီဂါပွဲစဉ်များဖြစ်သည့် ဗယ်လက်ကာနို၊ ဆိုစီဒက်တို့အား ရင်ဆိုင်ခဲ့သည့် ပွဲစဉ်များ၊ မန်စီးတီးနှင့် တွေ့ဆုံခဲ့သည့် ချန်ပီယံလိဂ် ပထမအကျော့ပွဲစဉ်ကိုပါ လွဲချော်ခဲ့သူဖြစ်သည်။ သို့သော်ဘင်ဇီမာမှာ မန်စီးတီးနှင့်ပွဲစဉ်တွင် ကစားရင်း ဒဏ်ရာရရှိခဲ့သဖြင့် လူစားလဲကစားပြီးနောက် ယခုဒုတိယ အကျော့တွင်လည်း ဝင်ရောက်ကစားနိုင်ရန် မသေချာသေးသည့် အခြေအနေပင်ဖြစ်သည်။

"ကျွန်တော့်အမြင်အရတော့ အသေးစား အရွတ်ကြောစုတ်ပြဲဒဏ်ရာရရှိရင်တောင် ၂၁ရက်(သုံးပတ်)လောက် အနားယူမှသာ ပုံမှန်ကြံ့ခိုင်မှုပြန်ရတာပါ။အခု ခရစ္စတီယာနိုရိုနယ်လ်ဒိုက ပုံမှန်ကြံ့ခိုင်မှုအနေအထားကို မရောက်သေးပါဘူး။ ရီးယဲလ်ဆေးအဖွဲ့က မူရင်းဆဲလ်တွေက ပွားပြီး ဆဲလ်အသစ်တွေ အလျင်အမြန်ဖြစ်အောင် အစားထိုးလုပ်ဆောင်ခဲ့တယ်လို့ ဆိုပေမယ့် ဒီကုထုံးဟာလည်း ရှုပ်ထွေးပါတယ်။ သေချာတာက သူတို့အနေနဲ့ သူ့ကို ၁၀ ရက်လောက်သာ ပေးနားတာ မဖြစ်သင့်ပါဘူး"ဟု နူနိုကမ်ပို့စ်က ပြောကြားခဲ့သည်။



## အက်သလက်တီကိုသာ ဘိုင်ယန်အား ချန်ပီယံလိဂ်မှ ထွက်ခွာရန် စွမ်းဆောင်နိုင်ခဲ့လျှင် အသေခံဝံ့တဲ့ ဂွါဒီယိုလာ

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာက အက်သလက်တီကိုအသင်းကို ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့် ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့ပေမယ့် အက်သလက်တီကိုသာ ဘိုင်ယန်ကို ချန်ပီယံလိဂ်မှထွက်ခွာဖို့ စွမ်းဆောင်နိုင်မယ်ဆိုရင် သူ့အနေနဲ့ အသေခံဝံ့တယ်လို့ အာမခံစကား ဆိုလိုက်ပါတယ်။ ဘိုင်ယန်မြူးနစ် အသင်းအနေနဲ့ ဒုတိယအကျော့ကစားမယ့်အချိန်မှာ ရလဒ်ပိုင်းကို ပြောင်းလဲပြီး ဗိုလ်လုပွဲကို တက်ရောက်နိုင်မယ်လို့ ဂွါဒီယိုလာက သေချာပေါက် ယုံကြည်မှုရှိနေတာ ဖြစ်ပါတယ်။

ဂွါဒီယိုလာက သူ့အတွေ့အကြုံအရဆိုရင်တော့ တိုက်စစ်ကစားသမားနှစ်ဦးကို တစ်ပြိုင်နက်တည်းထား ကစားစေတာက အသင်းရဲ့ ရလဒ်ပိုင်းကို အနည်းငယ် ယိုင်သွားစေလို့ မူလာ(ဒါမှမဟုတ်) လီဝမ်ဒေါစကီးတို့ နှစ်ဦးထဲကတစ်ဦးကို ပွဲအစမှာ ဝင်ရောက်ကစားစေမှာ မဟုတ်ဘူးလို့လည်း ဆိုပါတယ်။ သတင်းရင်းမြစ်တွေကတော့ မူလာကို ဒုတိယပိုင်းလောက်မှသာ ဝင်ရောက်ကစားစေလိမ့်မယ်လို့လည်း အတိအကျဖော်ပြလာပါတယ်။

ဂွါဒီယိုလာက တစ်ဂိုးတည်းနဲ့ ကပ်အရေးနိမ့်ခဲ့တာက ဘယ်အသင်းဗိုလ်လုပွဲရောက်မလဲဆိုတာကို အဆုံးအဖြတ်မပေးနိုင်ဘဲ မနှစ်က အကြိုဗိုလ်လုပွဲ ဒုတိယအကျော့မှာ ဘာစီလိုနာကိုတောင်ပြန်ပြီး အနိုင်ကစားနိုင်ခဲ့တာကို အားလုံးသတိရသင့်တယ်လို့လည်း ဆိုခဲ့ပါတယ်။

## ရီးယဲလ်မက်ဒရစ်၏အစီအစဉ်များကိုကောင်းစွာသိရှိတယ်လို့ယုံကြည်တဲ့ပယ်လီဂရီနီ

ရီးယဲလ်မက်ဒရစ် အသင်းအနေဖြင့် မန်စီးတီးကို မည်သို့ရင်ဆိုင်မည်ဆိုသည့် အစီအစဉ်များနှင့် ပတ်သက်၍ ၎င်းကောင်းစွာ သိရှိကြောင်း ရီးယဲလ်မက်ဒရစ် တာဝန်ရှိသူများအား မန်စီးတီးနည်းပြ ပယ်လီဂရီနီက သတိပေးစကားပြောကြားလိုက်သည်။ ပယ်လီဂရီနီက ၎င်းမှာ ရီးယဲလ်၏ နည်းပြဟောင်းတစ်ဦးဖြစ်ရုံမျှမက စပိန်ဘောလုံးလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူဖြစ်သောကြောင့် ပထမအကျော့တွင် စီရိုနယ်လ်ဒို ဝင်ရောက်ကစားခြင်းမရှိသည့်ကိစ္စရပ်ကိုပင် ကြိုတင်သိရှိပြီးဖြစ်ကြောင်း ဥပမာပြကာ ရှင်းလင်းပြောကြားလိုက်သည်။ မန်စီးတီးနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ပထမအကျော့တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီးနောက် ယခုဒုတိယအကျော့ပွဲစဉ်မှာ မည်သည့်အသင်း ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဆိုသည့် ကိစ္စရပ်အတွက် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

ပယ်လီဂရီနီက "စပိန်မှာ ကျွန်တော့် မိတ်ဆွေတွေ အများကြီးရှိပါတယ်။ ကျွန်တော်ဟာ ပွဲတစ်ပွဲမကစားခင်ကတည်းက ပြိုင်ဘက်အသင်းရဲ့ အချက်အလက်တွေ များနိုင်သမျှ များများရဖို့ အားထုတ်လေ့ရှိပါတယ်။ ဒါကြောင့် ပထမအကျော့ပွဲစဉ်မှာ စီရိုနယ်လ်ဒိုဝင်မကစားဘူး ဆိုတာကိုပါ သိခဲ့ပါတယ်။ ရီးယဲလ်အနေနဲ့ စီရိုနယ်လ်ဒို ဒဏ်ရာပြင်းထန်သည် ဖြစ်စေ၊ မပြင်းထန်သည်ဖြစ်စေ သူ့ကိုဘာဖြစ်လို့ ဝင်မကစားခိုင်းရတာလဲဆိုတာကို ကျွန်တော်သဘောပေါက်ပါတယ်"ဟု ဆိုလိုက်သည်။ ပယ်လီဂရီနီက ရီးယဲလ်မှာ မန်စီးတီးအား ရင်ဆိုင်ရာတွင် ပိုမိုတိုက်စစ်ဖွင့်ကစားရန် မျှော်လင့်နေသကဲ့သို့ မန်စီးတီးဘက်မှလည်း အဖိုးတန် အဝေးဂိုးရရှိရန် တိုက်စစ်ဖွင့်ကစားသွားမည်ဖြစ်ကြောင်း ပွဲကြိုသတင်းစကားပါးခဲ့သည်။

**မေလွဲသင်း-စုစည်းသည်**

## မန်ယူကို လာမည့်ရာသီဆက်လက်ကိုင်တွယ်ခွင့်ရဦးမယ့် ဗန်ဟားလ်

မန်ယူနည်းပြ ဗန်ဟားလ်က ရာသီကုန်ချိန်တွင် မန်ယူအသင်းမည်သို့ပင် ရလဒ်ထွက်ပေါ်စေကာမူ လာမည့်ရာသီ မန်ယူအသင်းကို ၎င်းသာလျှင် ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။ မန်ယူအသင်းသည် လက်ရှိတွင် အမှတ်ပေးဇယား အဆင့်(၄)နေရာအတွင်း ဝင်ရောက်ရန် မျှော်လင့်ချက်ရှိနေဆဲဖြစ်သကဲ့သို့ အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီးဖြစ်သည်။

ဗန်ဟားလ်က သူ့အားမန်ယူနည်းပြအဖြစ်မှ ထုတ်ပယ်ခံရတော့မည်ဟု သတင်းများ ထွက်ပေါ်နေသည်မှာ အနည်းဆုံးခြောက်လထက်မနည်း ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော် မန်ယူဘုတ်အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့မှုအပြီးတွင် မန်ယူအသင်းကို လာမည့်ရာသီတွင် ဆက်လက်ကိုင်တွယ်ခွင့်ရရှိမည်မှာ သေချာကြောင်း၊ ကလပ်အသင်းဘက်မှသာ သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းပြည့်သည်အထိ အသင်းကို ဆက်လက်ဦးဆောင်မှုပေးမည်ဖြစ်ကြောင်း၊ ယမန်နှစ်က အဆင့်(၄)နေရာဖြင့် ရာသီသိမ်းနိုင်ခဲ့ပြီး ယခုနှစ်တွင် ထိပ်ဆုံးသုံးသင်းသို့ ဝင်ရောက်ရန် အခွင့်အရေးအပြည့်ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် လက်ကျန်ပွဲစဉ်များအားလုံးကို အနိုင်ကစားသွားမည်ဖြစ်ကြောင်း ဂိုးလ်အားကစား ဝက်ဘ်ဆိုက်သို့ပြောကြားခဲ့သည်။

**(မေလွဲသင်း)**

## ဂရစ်ဇ်မန်းအား ပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်း ဆန္ဒရှိနေ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူသွားရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် အသင်း၏ ကစားသမားအင်အားကို ဖြည့်တင်းရန်အတွက် တိုက်စစ်မှူး ဂရစ်ဇ်မန်းအပြင် ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်ကိုပါ အိုးထရက်ဖို့ဒ်သို့ အရောက်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည့်အသင်းဖြစ်သည်။

ဂရစ်ဇ်မန်းသည် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး လာမည့်ရာသီတွင် မန်ယူအသင်းနည်းပြအဖြစ်ကိုင်တွယ်မည့် နည်းပြမော်ရင်ဟို လက်ထက်တွင် မန်ယူအသင်းသို့ ရောက်ရှိလာရန်ရှိနေကြောင်း သိရသည်။

**(ငွေကြယ်)**



## ကော်တွိုက်စ်အား ရောင်းချရန် ချယ်လ်ဆီးအသင်းအား ကွန်တီခွင့်ပြုမည်ဟုဆို

ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာမည့် ကွန်တီသည် ချယ်လ်ဆီးအသင်းအနေဖြင့် ဂိုးသမား ကော်တွိုက်စ်အား အခြားကလပ်အသင်းတစ်ခုသို့ ရောင်းချမည်ဆိုပါက ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးဂိုးသမား ကော်တွိုက်စ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စတမ်းဖို့ဒ်ဘရစ်ချ်မှ ထွက်ခွာရန်ရှိနေပြီး ချယ်လ်ဆီးအသင်း၏ နည်းပြသစ်ဖြစ်လာမည့် ကွန်တီကလည်း ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲအပြီးတွင် ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာမည်ဖြစ်ရာ ဂိုးသမားကော်တွိုက်စ်ကိုလည်း အသင်းမှ ထွက်ခွာမည်ဆိုပါက ခွင့်ပြုမည်ဟုဆိုသည်။

ချယ်လ်ဆီးအသင်းသည် ဂိုးသမားကော်တွိုက်စ်အား ပြောင်းရွှေ့ကြေးပေါင် ၇၃ သန်းရရှိပါက အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ရာ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း အဆိုပါဂိုးသမား ကော်တွိုက်စ်အား ခေါ်ယူရန်ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(ငွေကြယ်)**

# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးမျိုးမောင်(စစ်ကိုင်းတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီး)-ဒေါ်ငွေးရီ(MD of Apple Villa Co.Ltd) တို့၏သား
**မောင်မျိုးဟိန်း**
BA(Geography), Level 5 Diploma in Computing(University of Greenwich , UK)
Director of Apple Villa Co.Ltd
နှင့်
နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)-ဒေါ်သက်သက်အောင် တို့၏သမီး
**ဒေါက်တာသဥ္ဇာအောင်**
M.B,B.S(YGN)
Master of Business Administration (University of Northampton,UK)

တို့၏ ၂၂-၄-၂၀၁၆ ရက်(သောကြာနေ့)နေပြည်တော် HOTEL ROYAL ACE ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန် အားလည်းကောင်း၊ ၁-၅-၂၀၁၆ ရက်(တနင်္ဂနွေနေ့) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ(၁) သရေစည်သူ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေး တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ခံပွဲသို့မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော် တေးသီချင်းသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော အနုပညာရှင်များ၊ တေးသံရှင်များနှင့် ရီရီသန့်-နှင်းရီသန့် တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲ ပေးပါသော ညီမငယ်မမေဖြိုးသူ နှင့်မစုမြတ်သက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဖန်းကိုင်ဆောင်ပေးပါသော ညီမငယ် မလွင်ရည်နှင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဖန်းကိုင်ဆောင်ပေးပါသော ညီမငယ် မလဲ့မွန်နှင်း၊ မင်္ဂလာသတို့သားအရံ ဒေါက်တာ ညီညီသူနှင့် မောင်ကောင်းမြတ်နိုင်၊ မင်္ဂလာသတို့သမီးအရံ မနန်းယွန်းငယ်ဖြူသိန်းနှင့် မနန်းအေးအေးဝင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မျိုးမင်းစိုးနှင့်အဖွဲ့၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Win and San(Diamond and Fine Jewelry)၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော မေဦးမောင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး "Focus Daily" နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ ၁-၅-၂၀၁၆ ရက်တွင် Novotel Hotel ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ကြွရောက် ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များ အားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးဟိန်း-ဒေါက်တာသဥ္ဇာအောင်**

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၈၀)က၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်ဝိပဿနာတရားအားထုတ်လိုသူ ယောဂီသူတော်စင်အပေါင်းတို့သည် လာရောက်အားထုတ်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့




မေဖွန်အေး
မှုားယူနေရတဲ့ လရောင်
မဂ္ဂဇင်းဝတ္ထုတိုများ
(မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့်)
၂၀၁၆ ခုနှစ် မေလ
ထွက်ပြီ
ဖြန့်ချိရေး – ကောင်းဆုသာ စာပေ ၀၉ ၄၂၀၀ ၈၃၉၈၂

May 21, Ks- 4,2000/
Ph : 09 4210 14940 , 09 26 4444 750

အယ်ဒီတာ အဖွဲ့
၁၉၁ (မြေညီထပ်)
၃၇ လမ်း (အလယ်)
ကျောက်တံတား မြို့နယ်၊
ရန်ကုန်။
ဖုန်း ၀၁ ၃၉၁၁၉၆
ဖြန့်ချိရေး
စိုးမိုး စာပေ
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာ တောင်ညွန့်၊
ရန်ကုန်။
ဖုန်း ၂၉၀၉၉၅




## ဗိုလ်သင်တန်း အမှတ်စဉ်(၆၆)မှ သူငယ်ချင်းများအား ဖိတ်ကြားခြင်း

သူငယ်ချင်းတို့ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်မှာ ကျရောက်မည့် ဗိုလ်သင်တန်း အမှတ်စဉ်(၆၆)ရဲ့ ကျောင်းဆင်းပွဲအမှတ်တရနေ့ အခမ်းအနားကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှာ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမှာဖြစ်လို့ သူငယ်ချင်းများနဲ့ မိသားစုဝင်များ မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါတယ်။

နေပြည်တော်

| | |
|---|---|
| ဆွမ်းကပ်လှူခြင်း | - ၁၄-၅-၂၀၁၆ ရက်(စနေနေ့)၊ နံနက် ၉း၀၀ နာရီ |
| | - ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံးကျေးရွာ၊ မြတ်ဆုမွန် ပရဟိတဂေဟာ၊ ဘုန်းကြီးကျောင်း။ |
| ညစာစားပွဲကျင်းပခြင်း | - ၁၄-၅-၂၀၁၆ ရက်(စနေနေ့)၊ ညနေ ၁၈း၀၀ နာရီ |
| | - နေပြည်တော်-မန္တလေးယူနန်စားသောက်ဆိုင်။ |

ရန်ကုန်မြို့

| | |
|---|---|
| ဆွမ်းကပ်လှူခြင်းနှင့် ဆရာကန်တော့ခြင်း } | - ၈-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ နံနက် ၉း၀၀နာရီ ဝိဇ္ဇောဓာရုံစာသင်တိုက်၊ မြစံပါယ်လမ်း၊ ပါရမီ၊ |
| ညစာစားပွဲကျင်းပခြင်း | - ၈-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ ညနေ ၁၈း၀၀နာရီ |
| | - GANDAMAR WHOLE SALE (BALL ROOM) |
| ဆက်သွယ်ရန် | - ဝင်းနိုင်(၀၉-၄၂၀၀၉၈၅၃၄)၊ ညီညီလင်း(၀၉-၅၁၉၀၆၀၂) မြင့်ထူး(၀၉-၅၀၁၃၀၈၃)၊ သန့်ဇင်(၀၉-၇၃၀၇၈၈၄၀) ကျော်စိုး(၀၉-၄၄၈၅၃၃၈၀၉)၊ ဦးကျော်(၀၉-၇၉၃၁၁၀၀၂၉) |

## မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မင်းကွတ်သီးအထွက်နှုန်းနည်း



**ပေါင် မေ ၁**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင်းမှ ဒေသထွက်သီးနှံတစ်မျိုးဖြစ်သည့် အအေးဓာတ်စာ မင်းကွတ်သီးများ အရောင်းအဝယ်သွက်နေပြီးဖြစ်သော်လည်း ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက အသီးထွက်နှုန်းနည်းနေကြောင်း သိရသည်။

"တစ်ခြံကိုအပင် ၅၀ ကနေ ၃၀၀ အထိ ရှိတယ်။ တစ်ပင်ဘယ်လောက်သီးတယ်ဆိုတာတော့ ရေတွက်လို့မရဘူး။ သွေးစွန်းတဲ့အမှတ်အသားလေး ပေါ်လာရင် ခူးလိုက်တာပဲ။ တစ်ခြံကိုတစ်ရက်အလုံး ၃၀၀ ကျော်ပဲရတယ်။ တကယ်ထွက်မယ် သီးမယ်ဆိုရင် တစ်ခြံကိုတစ်ရက် ၂၀၀၀ လောက်ပုံမှန်ထွက်တယ်။ ဒီနှစ်အသီးလျော့တယ်" ဟု မင်းကွတ်ခြံပိုင်ရှင် ဦးခင်ဦးက ရှင်းပြသည်။

"ဧပြီ ၂၀ ရက်ထိ မင်းကွတ်သီးတစ်လုံးလျှင် ၁၅၀ ကျပ် ပေါက်ဈေးထားကာ မင်းကွတ်ခြံများတွင် ကျွန်တော်တို့ လိုက်လံဝယ်ယူပြီး တစ်ခြင်းလျှင် အလုံး ၁၂၀ ပါ ပလတ်စတစ်ကတ်ဖာများဖြင့် ထုတ်ပိုးကာ ပစ္စည်းနည်းပါက မှန်လုံကားဖြင့်တင်ပြီး ပစ္စည်းများပါက စင်းလုံးငှားကားများဖြင့် ရန်ကုန် သီရိမင်္ဂလာဈေးဟောင်း၊ ဘုရင့်နောင်ပွဲရုံသို့လည်းကောင်း၊ မန္တလေး ၂၉ လမ်းပွဲရုံတန်းသို့လည်းကောင်း တင်ပို့ရောင်းချကြပါတယ်" ဟု မင်းကွတ်သီးအဝယ်ဒိုင်မှ ဒေါ်မိချမ်းမြင့်က ပြောသည်။

ရန်ကုန်နှင့် မန္တလေးတွင် မင်းဂွတ်သီးတစ်လုံးကို လက်လီဈေး ၂၅၀ ကျပ်အထိဖြစ်နေပြီး လွန်ခဲ့သောတစ်လ ပေါ်ဦးပေါ်ဖျားကာလတွင် တစ်လုံးကို ၃၅၀ ကျပ်အထိ ပေါက်ဈေးရှိခဲ့သည့်အပြင် ယခုလက်ရှိ မင်းကွတ်သီးထွက်ရှိနေသည့် ပေါင်မြို့၌လည်း တစ်လုံးကို ၂၅၀ ကျပ် လက်လီဈေးရှိကြောင်း သိရသည်။

ပူပြင်းသောကာလတွင် အပူဓာတ်ကိုသက်ရောက်စေသော ဒူးရင်းသီးကို စားပါက ၎င်းနှင့်ဆန့်ကျင်ဘက် အအေးဓာတ်စာ မင်းကွတ်သီးအား တွဲဖက်၍ စားသုံးသင့်ကြောင်း၊ မင်းကွတ်ပင်နှင့် ဒူးရင်းပင်များ စိုက်ပျိုးထားသော အသက် ၇၀ အရွယ် ဒေါ်စန်းရီကပြောသည်။

ယခုနှစ် မင်းကွတ်သီးအထွက်နှုန်းနည်းရခြင်းမှာ သိသာနေပြီး အပူရှိန်မြင့်မားမှုကို မနှစ်သက်ဘဲ နေ့စဉ်ရေရရှိအောင် အပင်အရင်းအထိ သွယ်ပေးထားရကြောင်း၊ အပူရှိန်မြင့်သည့်နှစ်တွင် အသီးထွက်နှုန်းနည်းတတ်ကြောင်း ဒေါ်စန်းရီက ရှင်းပြသည်။

မင်းကွတ်သီးပင် နှစ်မျိုးရှိပြီး တောင်ပေါ်သီးနှင့် ရွာသီးဟု ဒေသအတွင်း၌ ခွဲခြားကြသည်။ တောင်ပေါ်သီးမှာ ရွာသီးထက် အလုံးပိုကြီးသော်လည်း အခွံထူ၍ အချဉ်ဓာတ်နည်းနည်းဖောက်ပြီး ရွာသီးမှာ အခွံပါးကာ ချိုကြောင်း သိရသည်။ **ပေါင်မြို့နယ်(ပြန်/ဆက်)**

## ကမ်းပါးပြိုသည့် ပြောင်းရွှေ့အိမ်များအတွက် ရွာသစ်တည်ကာ မဲစနစ်ဖြင့် မြေကွက်များချပေး

**မင်းဘူး မေ ၁**

ဧပြီလအတွင်းက ဧရာဝတီမြစ်ရေမြင့်တက်လာပြီး ရေတိုက်စားမှုများကြောင့် ကမ်းပါးများပြိုကျ၍ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းကျိုးကျေးရွာအုပ်စု ထုံးမကြီးကျေးရွာမှ လူနေအိမ်များ ဖျက်သိမ်းကာ မြစ်ကမ်းပါးနှင့်ကင်းလွတ်ရာ မန်းကျိုးကျေးရွာ၏ အရှေ့မြောက်ဘက် ကွင်းအမှတ်(၁၂၁၅)၊ (၁၂၁၆) ရှိကိုင်းမြေများတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ယင်းမြေနေရာကို ဧပြီ ၂၈ ရက်က မင်းဘူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်နှင့် ဦးနေမျိုးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မြေယာစီမံခန့်ခွဲမှုကော်မတီဝင်များမှ ကျေးရွာနေပြည်သူများဆန္ဒအရ မဲနှိုက်၍ အိမ်ဝိုင်းမြေများ ချထားပေးခဲ့ကြောင်း သိရသည်။

ကိုင်းမြေတစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ ဖြင့် ဝယ်ယူရပြီး ပေ ၆၀ ပတ်လည် အိမ်ဝိုင်းတစ်ဝိုင်းလျှင် ငွေကျပ်နှစ်သိန်းခွဲနှုန်း သတ်မှတ်ပေးခဲ့ပြီး ကျေးရွာ ဓမ္မာရုံ၊ စာသင်ကျောင်း၊ စာကြည့်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းမြေနေရာများပါ သတ်မှတ်ချထားပေးခဲ့သည်။

ကျေးရွာသစ်တည်မည့်နေရာသို့ ကမ်းပါးပြိုကျသဖြင့် ဖျက်သိမ်းထားသော သစ်၊ ဝါးနှင့် အိမ်ထောင်ပရိဘောဂများအား ဧပြီ ၃၀ ရက် နံနက်ပိုင်းမှစ၍ မကွေးမြို့ တပ်မ(၈၈) မှ တပ်မတော်သားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော မြို့နယ်ထွေအုပ်ဝန်ထမ်းများ၊ မင်းဘူးမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ ကျေးရွာနေပြည်သူများနှင့်ပူးပေါင်း၍ ကူညီသယ်ဆောင်ပေးခဲ့ကြသည်။

ယင်းသို့ ပစ္စည်းများသယ်ဆောင်ရာတွင် မကွေးတပ်မ(၈၈) မှ ဖောကား ၅ စီး၊ မြို့နယ်ထွေအုပ်မှ ဖောကား ၂ စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖောကား ၂ စီးတို့ဖြင့် ကူညီသယ်ဆောင်ပေးခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ ကျေးရွာသစ်တည်သည့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိနိုင်ရန် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ပို့ဆောင်ပေးခဲ့သည်။

ကျေးရွာအသစ်တည်မည့် ထုံးမကြီးကျေးရွာနေ အိမ်ထောင်စုများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အိမ်ဆောက်ပစ္စည်း၊ သစ်၊ ဝါးများကို အစိုးရဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့မှ ကျေးရွာပိုင်မြေနေရာများ ဝယ်ယူနိုင်ရန် အလှူငွေကျပ်တစ်သိန်းခွဲနှင့် လက်နှိပ်တုံကင်၊ စက်ရေတွင်းတူးနိုင်ရန် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများက အလှူငွေကျပ်နှစ်သိန်းနှင့် ရန်ကုန်မြို့မှ အလှူရှင်များက အလှူငွေကျပ်နှစ်သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထုံးမကြီးကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက "ကျွန်တော်တို့ရွာ အိမ်ခြေ ၁၈၅ အိမ်ရှိပါတယ်။ အခု တစ်ရွာလုံး မြေနေရာတွေ မြစ်ကမ်းပါးပြိုကျလို့ ပါသွားပါပြီ။ အိမ်တွေ အမြန်ဖျက်သိမ်းပြီး ကမ်းပါးနဲ့လွတ်ရာမှာ စုပုံထားခဲ့တာ ရွာသစ်တည်မယ့်နေရာကို သယ်ယူစရိတ်မတတ်နိုင်လို့ ဒီအတိုင်းထားနေရတာ။ အခု တပ်မတော်သားတွေ၊ မြို့နယ်က ဝန်ထမ်းတွေက ကားတွေနဲ့ရောက်လာပြီး ဝိုင်းဝန်းကူညီသယ်ပေးလို့ ဝမ်းသာကြည်နူးမိပါတယ်ဗျာ။ အနီးဝန်းကျင်ကျေးရွာတွေကလည်း ထမင်းနဲ့မုန့်တွေ လာရောက်လှူဒါန်းကြပါတယ်။ အခုပစ္စည်းတွေ ရောက်တော့လည်း အိမ်ပြန်ဆောက်ဖို့က လိုသေးတယ်လေ။ ကျေးရွာလူထုနဲ့ပဲ တစ်အိမ်ချင်း ဝိုင်းဝန်းဆောက်လုပ်ကြရမှာ။ စိုက်ပျိုးရေးလုပ်ငန်း ပြန်လုပ်ကိုင်နိုင်ဖို့ စိုက်ပျိုးစရိတ်ကလည်း အခက်အခဲတွေ့ရပါတယ်" ဟု ပြောသည်။

ထုံးမကြီးကျေးရွာ ကျေးလက်နေပြည်သူများ ကျေးရွာသစ်တည်ရန် အိမ်ဆောက်စရိတ်များ၊ စိုက်ပျိုးစရိတ်များနှင့် သောက်သုံးရေဖူလုံစွာရရှိနိုင်မည့် စက်ရေတွင်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

## ကျောက်ကြီးမြို့နယ်တွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်လွှမ်းခြုံမှု ပိုမိုကောင်းမွန်ရေးဆွေးနွေး

**ကျောက်ကြီး မေ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျန်းမာရေးစောင့်ရှောက်လွှမ်းခြုံမှု ပိုမိုကောင်းမွန်ရေး ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့်မှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်မျိုးအောင်၊ မြို့နယ်ဆရာဝန်ဒေါက်တာမိုးကျော်သူနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ ကျန်းမာရေးဆိုင်ရာစိတ်ပါဝင်စားသူများတက်ရောက်ခဲ့ကြပြီး အစီအစဉ်အရ တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာမြတ်မိုးကြည်က အစားအသောက်နှင့်ဆေးဝါးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ပြည်သူ့ဗဟိုပြု ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အခြားကိစ္စရပ်များအား ဟောပြောရှင်းလင်းခဲ့ရာ တက်ရောက်လာကြသော ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများမှ မိမိတို့၏ လက်တွေ့နယ်အတွင်း လက်ရှိကြုံတွေ့နေရသော ကျန်းမာရေးကုသမှုဆိုင်ရာ လိုအပ်ချက်အခက်အခဲများအား အကြံပြုတင်ပြဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ပေါင်းစပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## အခွန်ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေး

**မိုးနဲ မေ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် မြို့နယ်အခွန်ဦးစီးဌာနအစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများနှင့် အထူးကုန်စည်ခွန်ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နန်းမိုခမ်းက အခွန်ဥပဒေဆိုင်ရာနှင့် အထူးကုန်စည်ခွန်ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိရှိလိုသောအချက်များအား ပြန်လည်ဆွေးနွေးပေးခဲ့ကြသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## သထုံမြို့လယ် အဝိုင်းပတ်အနီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးစစ်ဆေး၍ အသိပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ မဲစနစ်ဖြင့်ဝေငှပေး

**သထုံ မေ ၁**

မွန်ပြည်နယ် သထုံမြို့လယ် အဝိုင်းပတ်အနီးတွင် ဧပြီ ၃၀ ရက် နံနက်က သထုံခရိုင်ရဲတပ်ဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများပူးပေါင်းကာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရှောင်တခင်စစ်ဆေးပြီး ပထမဆုံးအကြိမ်အဖြစ် ဆိုင်ကယ်စီးဦးထုပ်များကို မဲစနစ်ဖြင့် အခမဲ့ဝေငှပေးခဲ့ကြောင်းသိရသည်။

၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအား အသက်သွင်းခြင်းနှင့် ယင်းဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ပိုမိုသိရှိနိုင်ရန်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ စစ်ဆေးကာ ဝေငှပေးရခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး နန္ဒဝင်းက ပြောသည်။

"သထုံခရိုင်ထဲက မြို့နယ်လေးခုမှာဖြစ်ခဲ့တဲ့ ယာဉ်မတော်တဆမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးရမှုဖြစ်စဉ်တွေမှာ ဆိုင်ကယ်ကြောင့်ဖြစ်တာ အများဆုံးဆိုတာ တွေ့ရှိရတယ်။ ဒီလိုဆိုင်ကယ်စီးတဲ့အခါ ဦးထုပ်ဆောင်းရင် သူတို့အတွက် အသက်အန္တရာယ် လုံခြုံစိတ်ချရမှု ပိုများတယ်ဆိုတာ သိစေချင်လို့ အားလုံးပူးပေါင်းဆောင်ရွက်တာပါ" ဟု ၎င်းက ပြောသည်။

ယင်းသို့ ပညာပေးလုပ်ငန်းများကို သထုံခရိုင်အတွင်းရှိ မြို့နယ်အားလုံးတွင် တစ်လကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ပညာပေးကာလလွန်ပါက စည်းကမ်းမလိုက်နာသူများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ အချက်များအတိုင်း တိတိကျကျအရေးယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်းရှိ မြို့လယ်အဝိုင်းနှင့် ကျိုက်ကော်ရပ်ကွက် ဈေးအရှေ့တို့တွင် ပြည်သူ ၆၀၀ ခန့်အား အသိပညာပေးစစ်ဆေးခြင်းနှင့် ယာဉ်အန္တရာယ်ကင်းဝေးရေးလက်ကမ်းစာစောင်များဝေငှကာ ဆိုင်ကယ်ဦးထုပ်အလုံး ၂၀၀ အား မဲစနစ်ဖြင့် အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**



ဆောင်းပါး

# စတော့ဟုမ်းကွန်ဗင်းရှင်းမှ တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်းများ (POPs)



**à** ဒေါက်တာလပြည့်ခင်

ယနေ့ကမ္ဘာကြီးမှာ သဘာဝအလျောက်ရှိနေတဲ့ ဓာတုပစ္စည်း (Natural Chemicals) တွေထက် သိပ္ပံပညာရှင်များ စူးစမ်းရှာဖွေတီထွင်ထုတ်လုပ်ထားတဲ့ လူလုပ်ဓာတုပစ္စည်း (Man-made Chemicals) အရေအတွက်ပိုများနေတာ တွေ့ရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းသုံး (Industrial Chemicals)၊ စက်မှုလုပ်ငန်းသုံး (Agricultural Chemicals)၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းသုံး (Pharmaceutical Chemicals) နဲ့ လူသုံးကုန်ပစ္စည်း အမျိုးမျိုးထုတ်လုပ်မှုလုပ်ငန်းတွေမှာသုံးနေတဲ့ ဓာတုပစ္စည်း (Consumer Chemicals) အမျိုးအစားပေါင်း ၅၅ သန်းကျော်ရှိပြီး နှစ်စဉ်ဈေးကွက်ကို အသစ်တင်ပို့ရောင်းချနေတဲ့ ဓာတုပစ္စည်းအရေအတွက်မှာ တစ်ထောင်ကျော်ရှိနေပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နေ့စဉ်လူနေမှုဘဝကိုရရှိဖို့အတွက် ဓာတုပစ္စည်းတွေက မရှိမဖြစ် လိုအပ်နေသလို ၎င်းတို့ရဲ့ ပင်ကိုသဘောသဘာဝအရ ကောင်းကျိုးနဲ့ ဆိုးကျိုးဒွန်တွဲနေတာကိုလည်း တွေ့ရမှာပါ။ ဓာတုပစ္စည်းတော်တော်များများကတော့ ကောင်းကျိုးထက် ဆိုးကျိုးပိုများနေတာကြောင့် မိမိအသိဉာဏ်ဗဟုသုတနဲ့သာ ဆင်ခြင်သုံးသပ်သုံးစွဲသင့်ပါတယ်။ ဓာတုပစ္စည်းတွေ ထုတ်လုပ်မှုနဲ့ သုံးစွဲမှုတွေ တစ်နေ့တခြား ပိုများလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင်ဖြစ်တဲ့ ရေ၊ မြေ၊ လေတို့ကို ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးစေသလို တိရစ္ဆာန်တွေနဲ့ လူသားတို့ရဲ့ အသက်ရှင်သန်နေထိုင်ရေးကိုလည်း အကြီးအကျယ်အန္တရာယ်ပြု ခြိမ်းခြောက်လျက်ရှိနေပါတယ်။ ဒီလိုဓာတုပစ္စည်းတွေထဲက အဆိုးရွားဆုံးလို့ သတ်မှတ်နိုင်တဲ့ သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ် ညစ်ညမ်းစေပြီး ကြာရှည်စွာတည်မြဲနေနိုင်တဲ့ မူလအော်ဂဲနစ်ဓာတုပစ္စည်း (Persistent Organic Pollutants-POPs) ၂၀ မျိုးရှိပါတယ်။ အခုနောက်ထပ်တိုးပြီး သတ်မှတ်လိုက်တာ သုံးခုနဲ့ဆိုရင် POPs ၂၄ မျိုးရှိပါတယ်။

အဲဒီ POPs ၂၄ မျိုးရဲ့ ထူးခြားတဲ့ဂုဏ်သတ္တိတွေကတော့ အဆိပ်အပြင်းစားဖြစ်ခြင်း (Very Toxic)၊ ဖျက်စီးရန် မလွယ်ကူဘဲ ကြာရှည်ခံနိုင်ခြင်း (Persistent)၊ အဆီတွင်ပျော်ဝင်လွယ်ခြင်းကြောင့် သက်ရှိတို့၏ခန္ဓာကိုယ်ရှိ အဆီလွှာတွင်စု နေနိုင်ခြင်း (Oil Soluble)၊ ရေစီးကြောင်းနှင့် လေတိုက်ခတ်ခြင်းမှတစ်ဆင့် မိုင်ပေါင်းများစွာသို့ ရောက်ရှိနေနိုင်ခြင်း (Distribution) တို့ပဲဖြစ်ပါတယ်။ အော်ဂဲနစ်ဓာတုပစ္စည်းတွေကြောင့် ဖြစ်နိုင်သောရောဂါများမှာ ကင်ဆာရောဂါဖြစ်ပွားစေနိုင်ခြင်း (Cancer)၊ မွေးရာပါကိုယ်အင်္ဂါချို့တဲ့ခြင်း (Defect)၊ မိခင်မှရင်သွေးထံသို့ နို့ရည်မှတစ်ဆင့် အော်ဂဲနစ်ပစ္စည်းများ ရောက်ရှိနိုင်ပြီး ကလေး၏ကာယ၊ ဉာဏဖွံ့ဖြိုးမှုကို နှောင့်နှေးစေနိုင်ခြင်း (Brain Determent)၊ ခံနိုင်ရည်စွမ်းအားကျဆင်းခြင်း (Immune System Decrease)၊ မျိုးပွားအင်္ဂါရပ်ဆိုင်ရာရောဂါများ (Reproductive Disease)၊ အာရုံကြောများ ထိခိုက်ပျက်စီးစေနိုင်ခြင်း (Nervous System Damage) တို့ဖြစ်နိုင်ပါတယ်။

အဆိုပါ POPs များ ထုတ်လုပ်မှု၊ သုံးစွဲမှု၊ တင်သွင်းမှုနဲ့ တင်ပို့မှုတွေကို တားမြစ်ပိတ်ပင်ထိန်းချုပ်ဖို့ အဓိကထားဆွေးနွေးတဲ့ စတော့ဟုမ်းကွန်ဗင်းရှင်း (Stockholm Convention) ကို ၂၀၀၁ ခုနှစ် မေလမှာ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် စတင်ခဲ့ပါတယ်။ မိမိတို့နိုင်ငံမှလည်း ဓာတုပစ္စည်းတွေ ထိန်းချုပ်မှုနဲ့ ပတ်သက်တဲ့ စတော့ဟုမ်းကွန်ဗင်းရှင်းကို ၂၀၀၄ ခုနှစ် ဇူလိုင်လမှာ ဝင်ရောက်ခဲ့ပါတယ်။ စတော့ဟုမ်း ကွန်ဗင်းရှင်းမှ တားမြစ်ပိတ်ပင်ရန် စီစဉ်ထားတဲ့ ဓာတုပစ္စည်း (Stockholm Convention on POPs) ၂၀ မျိုးထဲမှာ ပိုးသတ်ဆေး (Pesticides ၁၃ မျိုးနှင့် စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်း (Industrial Chemicals) ရှစ်မျိုးတို့ ပါဝင်ပါတယ်။ ၂၀၀၁ ခုနှစ် စတော့ဟုမ်းကွန်ဗင်းရှင်းမှ ကနဦးစတင်တားမြစ်ထားသည့် ပိုးသတ်ဆေး (Pesticides) ကိုးမျိုး၊ စက်မှုလုပ်ငန်းသုံး (Industrial Chemicals) တစ်မျိုး၊ By-product နှစ်မျိုးဖြင့် မူလ POPs ၁၂ မျိုးရှိပြီး ၎င်းတို့တွင် ၂၀၀၉ ခုနှစ်မှာပြုလုပ်တဲ့ ၄ ကြိမ်မြောက်ညီလာခံ (COP4) မှ ထပ်မံ၍ အန္တရာယ်ရှိဓာတုပစ္စည်းအသစ်ကိုးမျိုးဖြစ်တဲ့ ပိုးသတ်ဆေးငါးမျိုး၊ စက်မှုလုပ်ငန်းသုံး လေးမျိုး၊ ၅ ကြိမ်မြောက်ညီလာခံ (COP5) မှ ထပ်မံပြုပြင်၍ ပိုးသတ်ဆေး တစ်မျိုး ထပ်မံတားမြစ်လိုက်တာကြောင့် စုစုပေါင်း ပိုးသတ်ဆေး ၁၂ မျိုး၊ စက်မှုလုပ်ငန်းသုံး ခုနစ်မျိုး၊ By-product နှစ်မျိုးဖြင့် စုစုပေါင်း POPS ၂၁ မျိုးကို တားမြစ်ဓာတုပစ္စည်းများ (Banned Chemicals) အဖြစ် သတ်မှတ်ထားပါတယ်။ ဆက်လက်ပြီး POP တစ်မျိုးစီရဲ့ အသုံးပြုပုံနှင့် လက်ရှိအခြေအနေများကို တင်ပြသွားမှာဖြစ်ပါတယ်။

POPS ၂၁ မျိုးထဲက ပိုးသတ်ဆေး ၁၃ မျိုးမှာ အော်ဒရင်း (Aldrin)၊ ကလိုဒိန်း (Chlordane)၊ ဒီလ်ဒရင်း (Dieldrin?)၊ ဒီဒီတီ (Dichlorodiphenyltrichloroethane-DDT)၊ အင်ဒရင်း (Endrin)၊ ဟက်ပ်တာကလော (Heptachlor)၊ ဟက်ဆာကလိုရိုဗင်ဇင်း (Hexachlorobenzene)၊ မိုင်းရပ်စ် (Mirex)၊ တော့စဖင်း (Toxaphene)၊ ကလိုရိုဒီကုန်း (Chlordecone)၊ လင်ဒိန်း (Lindane)၊ အယ်လဖာကလိုရိုဟက်ဇိုင်း (Alpha Hexachlorocylohexane, a- HCH)၊ ဘီတာကလိုရိုဟက်ဇိုင်း (Beta hexachlorocyclohexane, ß-HCH) တို့ဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်များ၊ သီးနှံစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် သီးနှံဖျက်ပိုးများမကျရောက်စေဖို့၊ အပင်တွေကို ကိုက်ဖျက်စားသောက်တတ်တဲ့ တိရစ္ဆာန်တွေရဲ့ အန္တရာယ်မှ ကာကွယ်ဖို့နဲ့ ခြ၊ ကြမ်းပိုး၊ ပုရွက်ဆိတ်အမျိုးမျိုး၊ ပင့်ကူ၊ ပိုးဟပ်စတဲ့ အင်းဆက်ပိုးမွှားတွေနဲ့ ကြွက်တွေကိုနှိမ်နင်းဖို့အတွက် အသုံးပြုကြပါတယ်။ ဒီဒီတီကိုတော့ ခြင်ကြောင့်ဖြစ်ပွားတဲ့ ငှက်ဖျားရောဂါ ကာကွယ်ရန်အတွက် အသုံးများပါတယ်။

ပိုးသတ်ဆေးအမျိုးအစား တစ်ခုချင်းအလိုက် အသေးစိတ်ခွဲခြားဖော်ပြမည်ဆိုပါက Aldrin, Chlordane, Dieldrin တို့ကို ခြသတ်ဆေး (Termites) အဖြစ်လည်းကောင်း၊ DDT ကို ဒုတိယကမ္ဘာစစ်အတွင်းက စစ်သားများနှင့် မြို့သူမြို့သားများ ငှက်ဖျားရောဂါမှကာကွယ်ရန်အတွက် အများအပြားသုံးခဲ့ပြီး ယခုအချိန်ထိ နိုင်ငံတော်တော်များများတွင် ခြင်ကိုက်ခြင်းကိုကာကွယ်ရန် ခြင်သတ်ဆေးအဖြစ်လည်းကောင်း ဆက်လက်အသုံးပြုနေဆဲဖြစ်ပါတယ်။ Endrin ကို ရွက်ဖျန်းအင်းဆက်ပိုးသတ်ဆေး (Leaves of Crops Insecticide) အဖြစ် သုံးစွဲသလို ကြွက် (Mice) နှင့် အစာကို သွားနှင့်ကိုက်ဖြတ်ဖျက်စီးတတ်တဲ့သတ္တဝါများ (Rodents) ကို ထိန်းချုပ်ရန်အတွက်လည်းကောင်း၊ Heptachlor ကို အဓိကအားဖြင့် ခြများ (Termites) နှင့် မြေဆီလွှာအင်းဆက်များ (Soil Insects) သတ်ရန်အတွက်လည်းကောင်း၊ Hexachloro Benzene (HCB) ကို သီးနှံများအပေါ် ဆိုးကျိုးဖြစ်စေသည့် မှို (Fungi) ကျရောက်မှုကိုကာကွယ်ရန် မှိုသတ်ဆေး (Fungicide) အဖြစ်လည်းကောင်း၊ Mirex ကို ပုရွက်ဆိတ် (Ants) နှင့် ခြ (Termites) သတ်ဆေး Insecticide အဖြစ် အဓိကအသုံးပြုကြပါတယ်။ Toxaphene ကို ဝါဂွမ်း (Cotton)၊ အစေ့အဆန်များ (Cereal Grains)၊ အခွံမာသီးများ (Nuts)၊ အရွက်များ (Vegetables) တို့အတွက် Insecticide အဖြစ်လည်းကောင်း၊ Chlorodecone ကို ၁၉၆၆ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် ငှက်ပျောစိုက်ပျိုးခင်းများ၌ ပုရွက်ဆိတ်နှင့် ငါးသိုင်းငါးများ သတ်ရန်အတွက် အသုံးပြုခဲ့ပြီး Kepone ခေါ်ပြီး လက်ရှိတွင် ထုတ်လုပ်မှုနှင့် အသုံးပြုမှုမရှိတော့ပါ။

Lindane ကို ပိုးသတ်ဆေးအဖြစ် ၁၉၅၀ မှ ၂၀၀၀ ပြည့်နှစ်အထိ တန်ချိန်ပေါင်း (၆၀၀၀၀၀) ခန့် အသုံးပြုခဲ့ပြီး ယခုအချိန်ထိ အချို့နိုင်ငံများတွင် အသုံးပြုရန် သို့မဟုတ် ထုတ်လုပ်ရန် ရှိပါတယ်။ a-HCH နှင့် ß-HCH တို့ကို Lindane ထုတ်လုပ်မှုမှ By-product အဖြစ် အများအပြားရရှိပြီး Lindane တစ်တန်ထုတ်လုပ်လျှင် Alpha-HCH and Beta-HCH ၈ တန်နှင့်အထက် ထွက်ရှိကြောင်း သိရပြီး လက်ရှိတွင် အများအပြား စုပုံလျက်ရှိကြောင်း သိရပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနမှ အထက်ပါပိုးသတ်ဆေးများ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနဲ့ သုံးစွဲခွင့်တွေကို တားမြစ်ပိတ်ပင်ထားပြီး ဖြစ်ပါတယ်။ ဒီဒီတီကို ကျန်းမာရေးဝန်ကြီးဌာနမှ အကန့်အသတ်ဖြင့် သုံးစွဲခဲ့သော်လည်း ယခုအခါ မသုံးတော့သလောက်ဖြစ်ကြောင်း သိရပါတယ်။

စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းတွေထဲက ပေါ်လီကလိုရီနိုက်တက်ဘိုင်ဖီနိုင်းလ် (Polychlorinated Biphenyls -PCBs) ကို လျှပ်စစ်ထရန်စဖော်မာဆီနှင့် ပလတ်စတစ်လုပ်ငန်းတွေမှာ အသုံးများပါတယ်။ PCBs ကို Electrical Transformers များတွင် အမြန်အေးစေသော ဓာတုပစ္စည်းအဖြစ်လည်းကောင်း၊ Hydraulic Equipment များတွင် ငွေ့ရည် (Fluid) အဖြစ်လည်းကောင်း အသုံးပြုကြောင်း၊ ၂၀၂၅ ခုနှစ်တွင် POPs ၂၀ မျိုးထဲမှ PCBs ပါဝင်သော Equipment မသုံးစွဲရန်နှင့် ၂၀၂၈ ခုနှစ်တွင်လည်း ကြေညာထားပါတယ်။ ဟက်ဇာဘရိုမိုဘိုင်ဖီနိုင်းလ် (Hexabromobiphenyl-HBB) Hexabromobiphenyl ကို မီးသတ်ဆေး (Flame Retardants) အဖြစ်လည်းကောင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ (Home Electrical Appliances)၊ ချည်ထည်များ (Textiles)၊ ပလတ်စတစ်ရေမြှုပ်များ (Plastic Foams)၊ လက်တော့ကိုယ်ထည်များ (Laptop Cabinets) စသည်တို့မှထွက်ရှိသည့် PCBs Waste များကို Environmentally Sound Management ဖြစ်စေရန် စနစ်တကျစွန့်ပစ်ရမည်ဖြစ်ကြောင်း၊ ပလတ်စတစ်ထုတ်ကုန်များတွင် ထပ်မံဖြည့်စွက်အသုံးပြုခဲ့ပြီး ယခုအခါ ထုတ်လုပ်မှုနှင့် အသုံးပြုမှု လုံးဝမရှိတော့ဟုလည်းကောင်း၊ ဟက်ဇာကလိုရိုဘင်ဇင်း (Hexachlorobenzene-HCB) ကို ပိုးသတ်ဆေးထုတ်လုပ်မှုများမှ By-product အဖြစ်ရရှိနိုင်ပြီး ပိုးသတ်ဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။

တက်ထရာဗရိုမိုဒိုင်ဖီနိုင်းလ် အီသာ (Tetrabromodiphenyl Ether) (BDE-47)၊ နှင့် ပင်တာဗရိုမိုဒိုင်ဖီနိုင်းလ်အီသာ (Pentabromodiphenyl BDE-99)၊ Hexabromodiphenyl Ether (Hexa BDE) နှင့် Heptabromodiphenyl (Hepta BDE) တို့မှာ စီးပွားဖြစ်ရောစပ်ထားသော ဗရိုမိတ်အော်ဂဲနစ်ဓာတုပစ္စည်းများ (Mixture of Brominated Organic Chemicals) ဖြစ်ပြီး Penta BDE udk Flexible Polyurethane Foam (PUF) တွင် မီးငြိမ်းသတ်ဆေး (Flame Retardants) တစ်ခုအဖြစ် အများဆုံးအသုံးပြုကြောင်းကိုလည်းကောင်း၊ Octa BDE ကို TV အတွက် ABS Plastics အဖြစ် အဓိကအသုံးပြုခဲ့ပြီး ဥရောပ၊ ဂျပန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့မှာ ရပ်ဆိုင်းခဲ့သော်လည်း ကမ္ဘာကြီး၏ တစ်နေရာရာတွင် ထုတ်လုပ်မှုများ ဆက်လက်ရှိနေသေးကြောင်းကိုလည်းကောင်း၊ ပါဖလူရိုအောက်တိန်း ဆာလဖိုနစ်အက်ဆစ် (Perfluorooctane Sulfonic Acid) နှင့် ၎င်း၏ဆားများနဲ့ PFOS Fluoride တို့ကို မီးငြိမ်းသတ်ဆေး (Fire-Retardant Foams)၊ ဟိုက်ဒြောလစ်အရည် (Aviation Hydrolic Fluids)၊ ဆေးရုံသုံးပစ္စည်းများ (Medical Devices)၊ ဓာတ်ပုံပုံရိုက် ဖော်ဆေး (Photo Imaging)၊ ရွက်ဖြတ်ပုရွက်ဆိတ်ထိန်းချုပ်သည့် အင်းဆက်ပိုးမွှားတည်ကြက်ဆေး (Insect Baits) အဖြစ် အသုံးပြုခဲ့ကြပြီး နိုင်ငံတော်တော်များများတွင်လည်း ယခုအချိန်ထိ အသုံးပြုလျက်ရှိနေပါတယ်။ ပင်တာကလိုရိုဘင်ဇင်း (Pentachlorobenzene) မှာလည်း လက်ရှိတွင် လောင်ကျွမ်းမှုများ၊ အပူနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖြစ်စဉ်များမှတစ်ဆင့် မရည်ရွယ်သော ထုတ်လုပ်မှုအဖြစ် ရှိနေပါတယ်။

ဒိုင်အောက်စင် (Dioxin) နဲ့ ဖျူရင် (Furan) တို့ကတော့ အချို့သောပိုးသတ်ဆေးတွေနဲ့ အခြားဓာတုပစ္စည်းတွေဖြစ်တဲ့ PCBs နှင့် HCB တို့ကို ထုတ်လုပ်နေစဉ်မှာ မရည်ရွယ်ဘဲ ထွက်ရှိခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ဘီလပ်မြေစက်များတွင် ဘေးအန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းများမီးရှို့ခြင်း၊ အပူချိန်အလွန်မြင့်သော အမှိုက်မီးရှို့စက်များ (Waste Incinerators) အသုံးပြုခြင်း၊ ကလိုရင်း (Chlorine) အသုံးပြုအရောင်ချွတ်ပြီး ထုတ်လုပ်တဲ့ ပျော့ဖတ်နှင့် စက္ကူစက်ရုံများ (Bleaching Pulp & Paper)၊ သတ္တုများမီးအပူပေးတဲ့ လုပ်ငန်းစဉ် (Metallurgical Industries) တွေမှာ တစ်ပိုင်းတစ်စ မီးလောင်ကျွမ်းခြင်း၊ မော်တော်ယာဉ်မှထွက်သော မီးခိုးများ၊ ဆေးလိပ်၊ သစ်သား၊ ကျောက်မီးသွေးတို့ လောင်ကျွမ်းရာမှထွက်သော မီးခိုးများ၊ အမှိုက်မီးရှို့ခြင်းတို့မှလည်း ကင်ဆာဖြစ်စေသော အဆိပ်ငွေ့ Dioxin, Furan တို့ဖြစ်ပေါ်စေပါတယ်။ ဒ့ါအပြင် PCBs နှင့် HCB တို့ထုတ်လုပ်ရာမှ By-product အဖြစ်ထွက်ရှိလာပြီး ပိုးသတ်ဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။ အခုနောက်ပိုင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် Insect Pest အဖြစ် အင်းဆက်သတ်ဆေး (Insecticide) နဲ့ သစ်သားထိန်းဆေး၊ ကြာရှည်ခံဆေး (Wood Preservative) အဖြစ် အသုံးများလာတဲ့ အင်ဒိုဖာလဖန် (Endosulfan) ကိုလည်း POPs စာရင်းထဲမှာ ထည့်သွင်းတားမြစ်လိုက်ပါတယ်။

ဒီလို သက်ရှိတွေရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို ပြင်းထန်ဆိုးရွားစွာ ထိခိုက်စေတဲ့ အော်ဂဲနစ် ဓာတုဒြပ်ပေါင်းပစ္စည်းတွေကို ယောင်ပြီးတော့တောင် မသုံးစွဲမိစေရန် အသိပေးတိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါတယ်ရှင်။

**References** : Stockholm Convention (POPs), Environmental Conservation Workshops and Meetings.



## ပေးဆပ်သူအခမဲ့လူမှုကူညီရေးအသင်း ငါးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားတွင် ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်လှူဒါန်း

**မြစ်ကြီးနား မေ ၁**

မြစ်ကြီးနားမြို့ရှိ လူမှုကူညီရေးအသင်း တစ်သင်းဖြစ်သည့် ပေးဆပ်သူအခမဲ့ လူမှုကူညီရေးအသင်း၏ ငါးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားနှင့် ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်လှူဒါန်းခြင်းကို ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် အံတော်ရှင်ကျောင်းတိုက်ဆရာတော် ဒေါက်တာဉာဏဇေက ဩဝါဒကဉ္စာမြွက်ကြားပြီး လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးချစ်လွင်ကအသင်း၏ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အသင်းတွင် အသင်းသား ၄၀၀ ဖြင့် လူမျိုးဘာသာမရွေး နာရေးပို့ဆောင်မှု အကြိမ်ရေပေါင်း သုံးသောင်းကျော်၊ ပြည်သူ့ဆေးရုံကြီးတွင် အသင်းသားများ၏ သွေးလှူဒါန်းမှုမှာ စုစုပေါင်း ၅၂၆၀ ပုလင်း နှင့် နိုင်ငံတစ်ဝန်း သဘာဝဘေးဒဏ်သင့်ဒေသများသို့ မြစ်ကြီးနားမြို့အတွင်း အလှူခံဌာနများဖွင့်လှစ်၍ ကူညီထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့က အမှာစကားပြောကြားကြပြီး ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေဖုံက ဆေးရုံကြီးသို့ အောက်ဆီဂျင် လှူဒါန်းခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် ပေးဆပ်သူအခမဲ့လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်စက်သုံးဆီအလှူရှင်များ၊ အသင်းရုံး ဆောက်လုပ်ရေးအတွက် ပံ့ပိုးကူညီခဲ့သည့် အလှူရှင်များ၊ အဘက်ဘက်မှ ကူညီထောက်ပံ့ပေးခဲ့ကြသည့် ရဟန်း၊ သံဃာများနှင့် အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ လူမှုရေးဝန်ကြီး၊ အသင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး လူမှုကူညီရေးအသင်းနာယက ဦးပေါဦးက အသင်းသို့ ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**

## ဧရာဝတီမြစ်ရေတိုးလာ၍ လျှပ်စစ်မြစ်ရေတင်မှ နွေစပါးအောင်ရေရရှိ



**ဆိပ်ဖြူ မေ ၁**

အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်တွင် စပါးစိုက်ဧက ၅၀၇ ဧကရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါးကို စိုက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နွေစပါး ဧက ၁၂၀ အခြားသီးနှံ ဧက ၂၀ စိုက်ပျိုးနိုင်ခဲ့ရာ ရာသီဥတုပူပြင်းမှုကြောင့် ယင်းစပါးများအတွက် အောင်ရေရရှိရန် စိုးရိမ်မှုများရှိခဲ့သော်လည်း ယခုအခါ ဧရာဝတီမြစ်ရေတိုးလာ၍ အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်မှ နွေစပါးအောင်ရေ အပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

နွေစပါးစိုက်ပျိုးမှုနှင့် ပတ်သတ်၍ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူတစ်ဦးက အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်သည် ကျိုးပင်မြစ်ကျိုးအင်းမှရေကို ရယူကာ စိုက်ပျိုးရေကို ရယူဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မိုးစပါးစိုက်ဧကအတွက် ရေတင်စနစ်ရှိ လယ်ဧကများကို စိုက်ပျိုးရေ ပြည့်ဝစွာရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပြီး နွေစပါးအတွက် မြစ်ကျိုးအင်းအတွင်းမှ ကျန်ရှိသော ရေနှင့် ပွန်တွန်းရေတင်စက်အနီးရှိ ရေအနက်ပေတိုင်းထွာကာ စိုက်ဧကများရေပေးနိုင်မှု အခြေအနေတွက်ချက်ရကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးကို ဧက ၁၆၀ လျာထားစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် နွေစပါး ပျိုးထောင်ရေပေးသည့်အချိန်တွင် ပွန်တွန်းရေတင်တွင် ရေအနက် ၁၀ ပေသာရှိခဲ့ပြီး နွေစပါးကို ဧက ၁၂၀ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်စိုက်ပျိုးခဲ့ကာ အခြားသီးနှံ ဧက ၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လယ်မြေ များကို နေ့စဉ် စိုက်ပျိုးရေ(၈)နာရီ ပေးကြောင်း၊ ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်သည့်အတွက် အပူချိန်မြင့်မားလာမှုကြောင့် ကျိုးပင်မြစ်ကျိုးအင်းအတွင်းရှိရေမှာ ရေခန်းမှုမြင့်သည့်အတွက် စပါးအောင်ရေပေးနိုင်ရေးအတွက် ရေမလုံလောက်မှုဖြစ်မည်ကို စိုးရိမ်ခဲ့မိကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ဧရာဝတီမြစ်ရေသည် ဧပြီ ၂၆ ရက်တွင် ယခင်နှစ်ထက်စောစွာ ကျိုးပင်မြစ်ကျိုးအင်းအတွင်း မြစ်ရေဝင်ရောက်ခဲ့ကြောင်း၊ ပုံမှန်ရာသီဥတုတွင်ကျိုးပင် မြစ်ကျိုးအင်း အတွင်းရေဝင်ချိန်မှာ နှစ်စဉ်ဇွန်လ နောက်ဆုံးပတ်များမှသာ မြစ်ရေဝင်ရောက်ကြောင်း၊ လက်ရှိ ရေတင်စက် ပွန်တွန်းနေရာတွင် ရေနက်(၁၂)ပေကျော်ရှိလာပြီး ကျိုးပင် မြစ်ကျိုးအင်းအတွင်း စောစီးစွာ မြစ်ရေဝင်ရောက်သည့်အတွက် နွေစပါးစိုက်ပျိုးရေ၊အောင်ရေကို အပြည့်အဝလုံလောက်စွာ စိုက်ပျိုးရေအတွက် စိုးရိမ်ဖွယ်မရှိ ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နွေစပါးစိုက်ပျိုးမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးမှဦးစီးမှူး၊ လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူများနှင့် တောင်သူများအားတွေ့ဆုံကာ အယ်နီညိုရာသီဥတုတွင် စိုက်ပျိုးရေ ပြည့်ဝစွာ ရရှိစေရေး၊ စိုက်ပျိုးရေကို အလေအလွင့်မရှိစေရေးတို့ကို စဉ်ဆက်မပြတ်တွေ့ဆုံ ကွင်းဆင်းပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အယ်နီညိုရာသီဥတုတွင် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းလမ်းများ အသိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စိုက်ကွင်းအတွင်း စိုက်ပျိုးနည်းစနစ် အသိပေးဆိုင်းဘုတ်များကို စိုက်ထူပေးထားလျက်ရှိပြီး တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရာတွင် အခက်အခဲမရှိစေရေးအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များကိုလည်း အသိပေးထားရှိကြောင်း သိရသည်။

နွေနှမ်းနှင့် ပဲတီစိမ်းစိုက်ပျိုးသူများ ရေစုပ်စက်ရေသွင်းစနစ်ဖြင့် စက်အမျိုးစားအလိုက် တစ်နာရီရေသွင်းခ ကျပ် ၃၅၀၀ ဖြင့် တစ်ဧက ကို ၁၂ နာရီခန့် သွင်းရပြီး စိုက်ပျိုးရေတစ်ခါ သွင်းလျှင် ငွေကျပ် ၄၂၀၀၀ ခန့်ကုန်ကျမှုရှိခဲ့ပြီး လျှပ်စစ်မြစ်ရေတင်မှ စိုက်ရေရယူသုံးစွဲသူများ မိုးစပါးစိုက်လယ်တစ်ဧကအတွက် တစ်ရာသီစာ ငွေကျပ် ၆၀၀၀၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀၊ နွေစပါးစိုက်လယ်တစ်ဧကအတွက် ငွေကျပ် ၉၀၀၀၊ အခြားသီးနှံ ငွေကျပ် ၃၀၀၀ ဖြင့် ရေဖိုးသတ်မှတ်ထားရှိကြောင်းသိရပြီး ကိုင်းမြေရေသွင်းစိုက်ပျိုးသူများထက် ရေသွင်းစရိတ်သက်သာခြင်း၊ စိုက်ပျိုးရေလိုအပ်သည့်အချိန်တွင် လွယ်ကူစွာ ဆောင်ရွက်နိုင်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ စပါးစိုက်တောင်သူ တို့အတွက် နွေစပါးစိုက်ပျိုးရေပြည့်စွာရရှိစေရေးအတွက် နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး



**မိုင်းဖြတ် မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကောင်းမူးကျေးရွာနှင့် ကချင်စံပြကျေးရွာတို့ တွင် ဧပြီ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ငါးလုံးနှင့် မီးဖိုဆောင်တစ်လုံး ခေါင်မိုးလန်ခြင်းနှင့် လဲပြိုပျက်စီးခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကောင်းမူးကျေးရွာအုပ်စု ကောင်းမူးကျေးရွာတွင် လူနေအိမ်သုံးလုံး သွပ်မိုးလန်ခြင်းနှင့် ဒိုင်းမျှားပျက်စီးခြင်း၊ နေအိမ်တစ်လုံး အကာပျက်စီးခြင်း၊ သွပ်မိုးလန်ခြင်းနှင့် ဒိုင်းမျှားများပျက်စီးခြင်း၊ နမ့်နန်းကျေးရွာအုပ်စု၊ ကချင်စံပြကျေးရွာတွင် ဝါးထရံကာ၊ သက်ငယ်မိုး ခြေတံရှည်နေအိမ် တစ်လုံးပြိုလဲခြင်းနှင့် မီးဖိုဆောင်တစ်လုံး သွပ်မိုးလန်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာတို့ရှိ လေဘေးသင့်နေအိမ်များမှ ပြည်သူများအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## ကျေးရွာစာကြည့်တိုက် စာဖတ်သူတိုးပွားရေး စစ်သွေးစာကြည့်တိုက်တွင် ကွင်းဆင်း ဆောင်ရွက်

**မိုးနဲ မေ ၁**

မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ မိုဘိုင်းစာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု အောင်သပြေကျေးရွာ စစ်သွေးစာကြည့်တိုက်တွင် စာဖတ်သူတိုးပွားရေးနှင့် စာကြည့်တိုက် အသင်းဝင်တိုးတက်ရေးအတွက် ဧပြီ ၂၉ ရက်က အဆိုပါကျေးရွာစာကြည့်တိုက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာလာစေရေး ၊စာကြည့်တိုက်သို့ စာအုပ်စာပေလာရောက်ဖတ်ရှုသူနှင့် အသင်းဝင်များ တိုးတက်ပွားများလာရေးကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်နှင့် စာပေရေချမ်းစင်စာအုပ် ၁၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နွားထိုးကြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်သော လူငယ်ကွန်ရက်ဖွဲ့မည်

**နွားထိုးကြီး မေ ၁**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်သော နွားထိုးကြီးလူငယ်ကွန်ရက်ဖွဲ့စည်းရန် ပရဟိတလူငယ်အဖွဲ့များ၊ လူငယ်ကွန်ရက်များအား ခေါ်ယူတွေ့ဆုံနေကြောင်း သိရသည်။

နွားထိုးကြီးသား၊ လူငယ်ကွန်ရက်၊ အွန်လိုင်းမိသားစု၊ အမေများကွန်ရက်၊ စိမ်းလန်းကွန်ရက်၊ အလင်းရောင် လူငယ်၊ ရွှေမေတ္တာကွန်ရက်၊ ဖော်ဝပ်လူငယ်စသည့် ပရဟိတလူငယ်အဖွဲ့များရှိရာ ယင်းလူငယ်များကိုစုစည်း၍ လူငယ်ကွန်ရက်ဖွဲ့စည်းမည်ဖြစ်သည်။

လူငယ်ဖောင်ဒေးရှင်းကိုလည်း နွားထိုးကြီးတွင် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ လူငယ်အဆောက်အအုံကို အလှူရှင်တစ်ဦးက အောင်ဘအသိပညာမြှင့်တင်ရေး အိမ်ဝင်းအတွင်း ဆောက်လုပ်ရန်အတွက် ယခုအခါ ပန္နက်ရိုက်နေပြီဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

## ပေါက်မြို့နယ် တာချောင်းကျေးရွာနှင့် သက္ကယ်ချောင်းကျေးရွာနေပြည်သူများအတွက် သောက်သုံးရေပေးအပ်လှူဒါန်း



**ပေါက် မေ ၁**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တဲတော်ယာကျေးရွာအုပ်စု တာချောင်းကျေးရွာနှင့် သက္ကယ်ချောင်းကျေးရွာနေပြည်သူများအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသန်းအေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဉက္ကဋ္ဌ ဦးမောင်ဝင်းနှင့် အဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဧပြီ ၁၉ ရက်က သောက်သုံးရေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ပေးအပ်လှူဒါန်းရာတွင် တာချောင်းကျေးရွာ၌ အိမ်ခြေ ၅၆ လုံးတွင် လူဦးရေ ၃၁၀ အတွက် ရေဂါလန် ၁၈၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ သက္ကယ်ချောင်းကျေးရွာ၌ အိမ်ခြေ ၅၁ လုံးတွင် လူဦးရေ ၂၉၀ အတွက် သောက်သုံးရေနှစ်စီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်များ မြင့်တက်လျက်ရှိရာ ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သောက်သုံးရေလိုအပ်ချက် မြင့်မားလျက်ရှိသည်။ ရေလိုအပ်သောကျေးရွာများအတွက် သောက်သုံးရေများအချိန်နှင့်တစ်ပြေးညီဖြန့်ဝေပေးနိုင်ရန် ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ကော်မတီတစ်ရပ်ကို ဖွဲ့ထားပြီး အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်ရန်စီစဉ်ထားကြောင်းသိရသည်။

**ညဏ်တိုး(ပေါက်)**

## ရွှေ့ပြောင်းကလေးများနှင့် ကလေးသူငယ် ကူးသန်းရောင်းဝယ်မှုဆိုင်ရာပညာပေး ဂီတပွဲတော် တွံတေးတွင်ကျင်းပ

**တွံတေး မေ ၁**
ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် United ACT မှ ဦးဆောင်ကျင်းပသည့် ရွှေ့ပြောင်းကလေးများနှင့် ကလေးသူငယ်ကူးသန်းရောင်း ဝယ်မှုဆိုင်ရာ အသိပညာပေး စင်တင်တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၂၉ ရက်တွင် ဘုရားကြီးကျေးရွာ မင်္ဂလာပရဟိတနှင့် ဧပြီ ၃၀ ရက်တွင် တွံတေးမြို့ ဘိုးဘွားရိပ်သာလွင်ပြင်တို့၌ ည ၆ နာရီခွဲတွင် စတင်ကျင်းပရာ မိဘမဲ့ပရဟိတကျောင်းမှ ကလေးငယ်များ၊ မြို့ပေါ် (၈)ရပ်ကွက်မှ လူငယ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် United ACT ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက အဖွင့်အမှာစကားနှင့် အသိပညာပေး ဂီတပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လူငယ်များက ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သရုပ်ဖော်ခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ တေးသီချင်းများဖြင့်ဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့ပြီး အကများဖြင့်လည်း ဧည့်ခံခဲ့သည်။

ရွှေ့ပြောင်းကလေးများနှင့် ကလေးသူငယ် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ လျှော့ချရေးနှင့် ကလေးငယ်များအား နည်းမျိုးစုံဖြင့်ခွဲခြားထားမှုအား လုံးဝပပျောက်ရေး သဘောတူစာချုပ်နှင့် ကလေးသူငယ်များအား ကာကွယ်ပေးထားသော ကလေးသူငယ်ဆိုင်ရာ ဥပဒေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန် United ACT အဖွဲ့မှ ကြီးမှူးကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



## အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း မြေသား လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သရက်ချောင်း မေ ၁**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် မြန်မာပအော့အရှေ့နှင့် မြန်မာပအော့အနောက်ကျေးရွာကို ဆက်သွယ်သည့် မြေသားလမ်း (၀/၆)မိုင်ခင်းခြင်းလုပ်ငန်းအား ရုံးချုပ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝေ(နည်းပညာ)နှင့် ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးငွေသိန်းတို့က ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါမြေသားလမ်းသည် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစိုးရသစ် ရက် (၁၀၀) အတွင်း ဆောင်ရွက်ပေးခဲ့သည့် လမ်းဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## အနာဂတ်ကြယ်ပွင့်များမွေးထုတ်ပေးမည့် တိုင်းရင်းသူ ဆရာမများကို ရဲတပ်ဖွဲ့က ကူညီထောက်ပံ့

**ပခုက္ကူ မေ ၁**
ချင်းပြည်မှ အမှတ်(၃၄) မူလတန်းဆရာအတတ်စာပေးစာယူတစ်နှစ်သင်တန်း (အနီးကပ်သင်တန်း) အဖြစ် ကျောင်းဆရာမ ၃၄၈ ဦး လာရောက်ကာ ပခုက္ကူမြို့ အ-ထ-က(၂)တွင် ဧပြီ ၂၃ ရက်မှ မေ ၂၇ ရက်ထိ တည်းခိုနေကြရာမှ ဧပြီ ၂၁ ရက် ညနေပိုင်းတွင် ဆရာမကိုးဦး၏ ဖုန်းနှင့်ငွေများ ပျောက်ဆုံးသွားသဖြင့် ဧပြီလ ၂၈ရက် ညနေ ၄ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ရဲတပ်ဖွဲ့က ကူညီထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖုန်းနှင့်ငွေများ ပျောက်ဆုံးသွားသောကြောင့် ဆရာမများမှာ သင်တန်းကာလအတွင်း စားစရိတ်၊ နေစရိတ်နှင့် အပြန်စရိတ်အတွက် များစွာအခက်အခဲဖြစ်နေ၍ ပန်းပိုးလက်နှင့်တူသော တိုင်းရင်းသူဆရာမများ သင်တန်းပြီးမြောက် အောင်မြင်စွာတက်ရောက်ပြီး နိုင်ငံ့ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ကျပ် ၁၈၀၀၀၀၊ ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ကျပ် ၁၈၀၀၀၀၊ ပခုက္ကူမြို့နယ်ပခုက္ကူမြို့မရဲစခန်းမှ ကျပ် ၁၈၀၀၀၀ စုစုပေါင်း ကျပ် ၅၄၀၀၀၀ အား ပျောက်ဆုံးသူ ဆရာမများထံ တစ်ဦးလျှင် ကျပ် ၆၀၀၀၀ စီဖြင့် ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်း၊ ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဇော်၊ ပခုက္ကူမြို့မရဲစခန်းမှူး ကျော်စိုးတို့က ကူညီထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ဖုန်းနှင့်ငွေများ ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ပခုက္ကူမြို့နယ်ရဲစခန်းမှ အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်တိုင်များအား လျှပ်စစ်ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းပြင်ဆင်မှု ပြီးစီး

**တောင်ငူ မေ ၁**
တောင်ငူမြို့တွင် ဧပြီ ၂၉ ရက် ညနေ ၆ နာရီခွဲခန့်က တိုက်ခတ်သွားသော ပြင်းထန်သည့် လေမုန်တိုင်းဒဏ်ကြောင့် သစ်ပင်များလဲကျကာ တောင်ငူမြို့၌ အများဆုံး ပျက်စီးသွားခဲ့သည့် (၁၁) ရပ်ကွက်၊ ကန်တော်ကြီး၊ ဓာတုကလျာလမ်းမှ ဓာတ်တိုင်များနှင့် လျှပ်စစ်ကြိုးများအား လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည် ရရှိနိုင်ရေးအတွက် တောင်ငူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် လိုင်းခေါင်းဆောင် ဦးအောင်မြင့်ကြည်တို့ပါဝင်သော လျှပ်စစ်ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များက ဧပြီ ၃၀ ရက်တွင် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းလေပြင်းမုန်တိုင်းဒဏ်ကြောင့် (၁၁)ရပ်ကွက်၊ (၁၃)ရပ်ကွက်၊ (၂၁) ရပ်ကွက်၊ (၁)ရပ်ကွက်၊ (၂)ရပ်ကွက်တို့တွင် သစ်ပင်များလဲကျပြီး ဓာတ်တိုင်များလဲကျခြင်း၊ ဓာတ်အားကြိုးများ ပြတ်တောက်ခြင်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

**၁၂၉**

## ကြားတောရလမ်း ရေနုတ်မြောင်းမကြီး၌ ပိတ်ဆို့အမှိုက်များရှင်းလင်း

**ရန်ကုန် မေ ၁**
ရန်ကုန်အနောက်ပိုင်းခရိုင်စည်ပင်သာယာရေး ကော်မတီနှင့်ဗဟန်းမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကာ မိုးမကျမီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများကို ပြည်သူ့အကျိုးပြုအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက် နံနက်က ကြားတောရရပ်ကွက် ကြားတောရလမ်း လမ်းဖြတ်မြေအောက်မြောင်း၌ ပိတ်ဆို့လျက်ရှိသည့်အမှိုက်များအား စက်အင်အား၊ လူအင်အားသုံး၍ ရှင်းလင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

"ကြားတောရမြောင်းက ကန်တော်ကြီး အနီးမှာရှိတဲ့ မကျီးတန်းမြောင်းထဲကို စီးဝင်ပြီး မန္တလေးမြောင်းနဲ့ ဆက်စပ်နေတာပါ။ မြေအောက်ဖြတ်တဲ့နေရာတွေမှာ အမှိုက်တွေစီးမျောမသွားဖို့ သံဆန်ခါတွေခံပြီး အမှိုက်တွေကို ဆယ်ထားရပါတယ်။ ဒီလိုဆယ်ထားတော့ အမှိုက်တွေများလာတဲ့အခါ အင်အားသုံးပြီး ရှင်းလင်းဆောင်ရွက်ပေးနေရတာပါ။ မိဘပြည်သူတွေ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ကြမယ်ဆိုရင်တော့ မြောင်းထဲမှာ ရေဆိုးတွေပဲ စီးဆင်းနေမှာပါ" ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။

ယင်းသို့ ရှင်းလင်းဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသောင်းထွဋ်နှင့် ဦးအောင်မြတ်ကျော်၊ အနောက်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုးနှင့် အဖွဲ့ဝင်များ၊ ဗဟန်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖေထိုက်အောင်နှင့် အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ကာ ဆောင်ရွက်ပေးခဲ့ကြသည်။

**၁၉၇**



# ထိုင်းနိုင်ငံရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း ယခုပညာသင်နှစ်တွင် ဆက်လက်ဖွင့်နိုင်ရန် ကူညီထောက်ပံ့ပေးမည့်သူများ လိုအပ်နေ

**ဗန်ကောက် မေ ၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နယ် ဖလန်ဆောင်၊ ဘန်ဘော၊ မူဘန်ဒီကော၊ ဆွယ်ဖယာမွန်ထ၊ ယဲ့ ၁၇ ၌ရှိသော မြန်မာအလုပ်သမားများ၏ သားသမီးကလေးငယ်တို့အား မြန်မာပညာရေးစနစ်အတိုင်း သင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှာ ဆက်လက်ဖွင့်လှစ်ရန် ငွေကြေးအခက်ခဲများရှိနေသောကြောင့် ပညာရေးအလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးများ အားလုံးကျောင်းနေရေးအစီအစဉ်ကို နိုင်ငံတော်မှ နှစ်စဉ်စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် အနယ်နယ်အရပ်ရပ်မှ အသက်ငါးနှစ်ပြည့်ကလေးအများစု ကျောင်းတက်လာနိုင်ကြပြီဖြစ်သော်လည်း အခြေအနေအကြောင်း အမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းရှိ အချို့ကလေးမိဘများမှာ ရေကြည်ရာမြက်နုရာရင်း ထိုင်းနိုင်ငံသို့ အလုပ်လုပ်ကိုင်ကြရန် ရောက်ရှိလာကြရာ မိဘများနှင့်အတူ ၎င်းတို့၏ ၁၀ နှစ်အောက်ကလေးငယ်များမှာလည်း ထိုင်းနိုင်ငံသို့ဝင်ရောက်ခဲ့ကြပြီး အဆိုပါကလေးအုပ်စုများအား ခွဲခြားစမ်းစစ်ကြည့်ပါက ကျောင်းနေခဲ့သော်လည်း မူလတန်းပညာရေး မပြီးဆုံးကြသူများ၊အခြေအနေအရ ကျောင်းစောစောထွက်ခဲ့ကြရသူများနှင့် ကျောင်းလုံးဝမနေဖူးသေးသော ကလေးငယ်များလည်းရှိကြောင်း သိရသည်။

မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်း တည်ထောင်သူ ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ ကျောင်းဆရာကိုစောမောင်က "ဗန်ကောက်မြို့မှာရှိနေတဲ့ မြန်မာကလေးငယ်တွေကို မြန်မာပညာရေးဝန်ကြီးဌာနကချမှတ်ထားတဲ့ မူဝါဒအတိုင်း စာသင်ကြားနိုင်ရေးအတွက် ကျွန်တော်နဲ့ပညာရေးလိုလားသူ မိတ်ဆွေတွေစုပြီး ကျောင်းစတင်ဖွင့်လှစ်ခဲ့တာ အခုနှစ်နဲ့ဆို လေးနှစ်တိတိရှိပါပြီ။ ထိုင်းစာပါသင်ပေးပါတယ်။ ဘာလို့လဲဆိုတော့ သူ့နိုင်ငံဖြစ်နေတာနဲ့ ကလေးတွေ သွားလာရေးအတွက် အဆင်ပြေအောင်လေ၊ ကျောင်းကိုအဓိကထားဖွင့်လှစ်ဖြစ်တာကတော့ အခြေနေအကြောင်းအမျိုးမျိုးကြောင့် ဒီမှာလာရောက်လုပ်ကိုင်စားသောက်တဲ့ မိဘတွေနဲ့အတူ ပညာရေးတစ်ပိုင်းတစ်စနဲ့ကလေးတွေပါလာကြတယ်။ တချို့ကလေးတွေကျတော့လည်း ဒီမှာမွေးတာရှိတယ်။ မိဘတွေက လောလောဆယ်မပြန်နိုင်သေးဘူး။ ဒါကြောင့် မြန်မာကလေးတွေပညာရေးအတွက် ဖွင့်လှစ်တာပါ။ အဓိကတော့ လာမယ့်ပညာသင်နှစ်မှာ ကျောင်းဆက်လက်ဖွင့်လှစ်နိုင်ဖို့အတွက် ငွေကြေးအခက်ခဲရှိနေပါတယ်။ ဒါကြောင့် ကလေးတွေကိုလည်း သနားတာနဲ့ ကျောင်းဆက်ဖွင့်လှစ်နိုင်ဖို့ကို ပညာရေးအလှူရှင်တွေ လိုအပ်နေပါတယ်။ အဓိကတော့ ကျောင်းဖွင့်လှစ်တဲ့ တိုက်ငှားခက တစ်လကို ဘတ်ငွေ တစ်သောင်းကုန်ကျပါတယ်။ အဲဒီကုန်ကျငွေကို လစဉ်ပုံမှန်လှူဒါန်းပေးနိုင်မယ့် အလှူရှင်တွေ ဒါမှမဟုတ် ပညာရေးနဲ့ပတ်သက်ပြီး ထောက်ပံ့ပေးနိုင်မယ့် အဖွဲ့အစည်းတွေ လိုအပ်နေပါတယ်။ မြန်မာတာဝန်ရှိသူများအနေနဲ့ ကျွန်တော်တို့ကျောင်းလေးရေရှည်တည်တံ့ရေးနဲ့ ဒီမှာရှိနေတဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ကလေးတွေရဲ့ ပညာရေးကိုရှေးရှုပြီး သင့်တင့်လျောက်ပတ်တဲ့ထောက်ပံ့မှုတွေ ပေးစေချင်ပါတယ်"ဟု ပြောသည်။



မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးကလေးငယ်များအား အဆိုပါမြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆရာ၊ ဆရာမ လေးဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လက်ရှိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နယ် ဖလန်ဆောင်၊ ဘန်ဘော၊ မူဘန်ဒီကော၊ ဆွယ်ဖယာမွန်ထ၊ ယဲ့ ၁၇ ရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းအား ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်အမီ ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ကူညီထောက်ပံ့မည့်သူများ လိုအပ်လျက်ရှိနေသောကြောင့် တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ အဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း မြန်မာနိုင်ငံမှ ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် ဆက်သွယ်ရန် ထိုင်းနိုင်ငံဖုန်းနံပါတ်ဖြစ်သော မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းတည်ထောင်သူ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ကျောင်းဆရာကိုစောမောင်၏ ဖုန်းနံပါတ် ၀၈ ၃၇၃၅ ၂၀၈၇ အား ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် အီးမေးလ်လိပ်စာဖြစ်သော kosawmaungt@gmail.com သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း ထိုင်းသတင်းအရင်းအမြစ်များမှ စုံစမ်းသိရှိရသည်။ **(စိုးဝင်း-MLA)**

# ဆိပ်ဖြူမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ထိန်းချုပ်ကာကွယ်နိုင်ရေး ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ဆိပ်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ထိန်းချုပ်ကာကွယ်နိုင်ရေး ပညာပေးလုပ်ငန်းများကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်း ကြက်သား၊ ကြက်ဥအရောင်းဆိုင်များ၊ မြို့ပေါ်ရပ်ကွက်ရှိကြက်ခြံများသို့ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ထိန်းချုပ်ကာကွယ်နိုင်ရေး ပညာပေးလုပ်ငန်းများတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးမင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာအေးမင်းဇော်က ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ပတ္တမြားဈေးအတွင်း ကြက်သား၊ ကြက်ဥရောင်းချသူများ၊ ကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများအား ကြက်မွေးမြူရေးနှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဇီဝလုံခြုံမှုကို တိကျလိုက်နာဆောင်ရွက်ရေး၊ ကြက်သားများကိုင်တွယ်ရာတွင် စနစ်တကျကိုင်တွယ်ဆောင်ရွက်ရန်နှင့် ထူးခြားသည့်ဖြစ်စဉ်များတွေ့ရှိပါက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်သွားရန်တို့ကို ပြောကြားခဲ့သည်။

ကြက်သားနှင့် ကြက်ဥရောင်းချသူများအား အများပြည်သူစားသုံးသူများအတွက် သန့်ရှင်းလတ်ဆတ်သည့် ကြက်သား၊ ကြက်ဥများ ရောင်းချပေးရန်၊ ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယရှိသောဒေသတို့မှ ကြက်ဥနှင့် ကြက်သားများ ရောင်းချမှုမရှိစေရေး၊ ကြက်မွေးမြူသူများအနေဖြင့် ကြက်ခြံများကို ပတ်ဝန်းကျင်တွင် အနံ့ဆိုးများမထွက်ရေး သန့်ရှင်းစွာမွေးမြူကြရန်၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျထားရှိကာ လူနှင့်ဝေးရာဒေသသို့ စွန့်ပစ်စေရေးတို့ကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်ဇံက ကွင်းဆင်းအသိပေး ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# သောက်သုံးရေပြတ်လပ်နေသောကျေးရွာများသို့ သောက်သုံးရေများ ပေးဝေလှူဒါန်း

**ငါးသိုင်းချောင်း မေ ၁**

နွေရာသီ သောက်သုံးရေပြတ်လပ်နေသောကျေးရွာများသို့ သောက်သုံးရေများ အဆက်မပြတ်ပေးဝေလှူဒါန်းလျက်ရှိရာ ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ ကျေးရွာအုပ်စုများအတွင်း နွေရာသီ၌ သောက်သုံးရေပြတ်လပ်လျက်ရှိသော မိဿလင်ကျေးရွာအုပ်စု ဒရယ်ခုန်ကျေးရွာ၊ ဆင်ဂနီဂုံကျေးရွာများသို့ ဧပြီ ၂၈ ရက်က ငါးသိုင်းချောင်းမြို့နယ် မြေမီးသတ်စခန်း၊ မြို့ပေါ်ရှိစေတနာလူမှုကူညီရေးအသင်းတို့က ရေဂါလန် ၁၆၀၀ ဆံ့မီးသတ်ကားတစ်စီးဖြင့် သောက်သုံးရေ နှစ်ခေါက်နှင့် ရေသန့်ဘူးအလုံး ၂၀၀ အား အိမ်ခြေ ၃၅၀ ခန့်သို့ သွားရောက်ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ ယခုနှစ်နွေရာသီအတွင်း မတ်လနှင့် ဧပြီလများတွင် သက်ဆိုင်ရာဦးစီးဌာနများနှင့်မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများအပြင် စေတနာရှင်လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များမှ ပူးပေါင်း၍ အဆက်မပြတ် သွားရောက်ဖြန့်ဝေလှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှစ်စဉ်ကြုံတွေ့နေရသော ဒေသခံပြည်သူများ၏ နွေရာသီသောက်သုံးရေပြတ်လပ်မှုအခက်အခဲများကိုလည်း ကွင်းဆင်း၍ ရေတိုရေရှည် သောက်သုံးရေရရှိနိုင်မည့်နည်းလမ်းများအား ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် Mobile Library သွားရောက်ဆောင်ရွက်

**လှိုင်ကော် မေ ၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်ကော်ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦး၊ မြို့နယ်ဦးစီးမှူး ဒေါ်သီတာနှင့် ဝန်ထမ်းများသည် လှိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် Mobile Library သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက်တွင် လှိုင်ကော်ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်သူတိုးပွားရေး၊ အယ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာ သိကောင်းစရာနှင့် မိုးလေဝသသတင်းအချက်အလက်များကို ပြန်ကြားရေးဝန်ကြီးဌာန Callcenter 1883 နှင့် ချိတ်ဆက်ရယူသိရှိနိုင်ရေးတို့ ဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်ကော်ခရိုင်စာကြည့်တိုက်ရှိ သုတ၊ ရသစာအုပ် ၁၀၀ အား ခင်းကျင်းပြသခဲ့ပြီး အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အသိပညာပေး နံရံကပ်စာစောင်များ ၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်ဓာတ်ပုံများ ပြသခဲ့သည်။ **လှိုင်ကော်ခရိုင်(ပြန်/ဆက်)**



# ပြင်းထန်လွန်းသောအပူချိန်အောက်တွင် ကျန်းမာအောင် ဘယ်လိုနေကြမလဲ



à arm¡feon¡ßnfwref[mif

ဧပြီလ ၂၉ ရက်တွင် ချောက်မြို့ အပူချိန်သည် ၄၆ ဒီဂရီစင်တီဂရိတ်ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ထို့အတူနေပြည်တော် အပူချိန်သည်လည်း ၄၄ ဒီဂရီစင်တီဂရိတ် အထိ မြင့်တက်လာခဲ့သည်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်လောက်သည်ပင်လျှင် လွန်စွာ ပူပြင်းလှပါသည်။ နေ့စဉ်မြင့်တက်လျက်ရှိသော အပူချိန်ကြောင့် ယခုရက်ပိုင်းအတွင်း မိုးလင်းကတည်းက ချွေးတဒီးဒီးကျပြီးနေရထိုင်ရခက်လာပါသည်။ လူတိုင်း၏နှုတ်ဖျားတွင် "ပူလိုက်တာ" ဆိုသောစကားကိုပဲနေ့စဉ်ကြားနေရပါသည်။ မွန်းလွဲပိုင်းအပူချိန်သည် နေတစ်စင်းတည်းမှဟုတ်ရဲ့လားဟုပင်ထင်ရပါသည်။ လူကြီး၊ လူငယ်အားလုံးအပူဒဏ်ကို အလူးအလဲခံနေကြရပါသည်။

ပြင်းထန်လှသော အပူဒဏ်ကိုအံတုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲယားကွန်း၊ ပန်ကာလေခံခြင်း၊ အင်္ကျီချွတ်ထားခြင်းစသည့်ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသောပြုမူနေထိုင်မှုများကို လူတိုင်းနီးပါးပြုမူလာကြသည်။ အထူးသဖြင့် ညဘက်တွင် အပူချိန်ကြောင့် နှစ်ခြိုက်စွာအိပ်မရသဖြင့် ဖျာ၊ သင်ဖြူးများအား ရေဆွတ်ခြင်း၊ အိပ်ယာခင်းများအား ရေဆွတ်ခြင်းများပြုလုပ်လာကြသည်။ နေ့ခင်းဘက်တွင်းလည်း အချို့သော လုပ်သားများသည် ပုဆိုး၊ တဘက်များကို ရေဆွတ်ခြုံပြီး အလုပ်လုပ်နေကြသည်ကိုတွေ့ရသည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသော လုပ်ရပ်များဖြစ်ပေသည်။ အခိုက်အတန့်သာ အပူသက်သာသော်လည်း ရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်သည်။

အပူပြင်းထန်လှသောကြောင့် နံနက် ၈ နာရီလောက်ကတည်းက အပေါ်အင်္ကျီများချွတ်ချင်လာကြသည်။ အမှန်တကယ်မှာထိုသို့မပြုလုပ်သင့်ပေ။ အင်္ကျီချွတ်ထားသူတစ်ဦးသည် အဲကွန်းနှင့်ပန်ကာလေ တိုက်ရိုက်ထိခံရပါက ကိုယ်လက်များနာကျင်ကိုက်ခဲလာပါသည်။ နေ့စဉ်ထိုသို့ပြုမူနေထိုင်သွားမည်ဆိုလျှင် ကိုယ်လက်နာကျင်ကိုက်ခဲဖျားနာလာမည် ဖြစ်သည်။ မည်မျှပင်ပူပြင်းနေစေကာမူ အပေါ်အင်္ကျီကို မချွတ်ဘဲတစ်နေကုန်ဝတ်ထား မည်ဆိုလျှင်နေထိုင်ရအဆင်ပြေပြီးကျန်းမာရေးနှင့် ညီညွတ်မည်ဖြစ်သည်။

စာရေးသူငယ်စဉ်က အပူချိန်ပြင်းထန်လှသော ကယားပြည်နယ်ရှိ ဘော်လခဲမြို့ ကလေးတွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုမြို့သည် ကျောက်တောင်များကြားတွင် တည်ရှိနေသောကြောင့်နွေရာသီတွင် လေမရဘဲလွန်စွာပူပြင်းလှပါသည်။ ပူပြင်းလှသဖြင့် နံနက် ၇ နာရီလောက်ကတည်းက အပေါ်အင်္ကျီ ချွတ်ချင်ပါသည်။ အများစုမှာလည်း အင်္ကျီချွတ်ထားကြသည်ကိုတွေ့ရပါသည်။ ညဘက်တွင်လည်း ပူပြင်းလှသဖြင့် ခြင်ထောင်မထောင်ဘဲ အိပ်လေ့ရှိကြသည်။ အကျိုးဆက်အနေဖြင့် ငှက်ဖျားပိုးသယ်ဆောင်လာသော ခြင်များအကိုက်ခံရသောကြောင့် အများစုသည် ငှက်ဖျားရောဂါခံစားကြရပါသည်။ ငှက်ဖျားရောဂါဖြင့် သေဆုံးသွားသူများကိုလည်းကြုံတွေ့ခဲ့ရပါသည်။ထို့ကြောင့် မည်သည့်ဒေသတွင် နေထိုင်သည် ဖြစ်စေနွေရာသီ၌ ခြင်ထောင်ဖြင့်သာအိပ်သင့်ပါသည်။

ပူပြင်းလှသော နေ့ခင်းဘက်များတွင် တတ်နိုင်ပါကရေခဲရေသောက်သည့် အလေ့အထကို ရှောင်သင့်ပါသည်။ ရေခဲရေသည် အဝင်အေးသော်လည်းဝမ်းတွင်းရောက်ပါက အပူကိုသာအားပေးစေပါသည်။ ရေခဲရေသည် 'သောက်လေသောက်လေတ်မပြေ' ဆိုသလို ထပ်ခါထပ်ခါသောက်နေချင်ပါသည်။ တတ်နိုင် ပါကရေနွေးကြမ်းသောက်သင့်ပါသည်။ ရေနွေးကြမ်းသည် မကြာခဏရေဆာနေသည့်ဆန္ဒကို ပြေပျောက်စေပါသည်။ နေ့ခင်းဘက်တွင် ထန်းလျက်ခဲအနည်းငယ်ကိုက်ပြီး ရေနွေးကြမ်းပူပူလေးသောက်လိုက်မည်ဆိုလျှင် ရေဆာလောင်နေမှုကို ပြေပျောက်စေသည့်အပြင်ပြင်းထန်လှသောအပူဒဏ်ကိုပါ မေ့လျော့စေနိုင်ပါသည်။

နွေရာသီတွင် နေ့ခင်းဘက်၌ အပူဒဏ်ခံနိုင်ပြီး ကျန်းမာစွာနေထိုင်နေရန်အတွက် နံနက်စောစောကတည်းက အိမ်အောက်ကို ရေဖျန်းထားသင့်ပါသည်။ တတ်နိုင်ပါကအိမ်ဘေးပတ်လည်ကိုလည်း ရေဖျန်းထားသင့်ပါသည်။ ထိုသို့ရေဖျန်းထားလျှင် နေ့ခင်းဘက် အပူချိန်ကိုအထိုက်အလျောက်သက်သာစေပါသည်။ ညဘက်တွင်နှစ်ခြိုက်စွာ အိပ်စက်နိုင်ရေးအတွက် အိပ်ရာမဝင်မီ ရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီး လေဝင်လေထွက် ကောင်းစေရန် တံခါးအားလုံးကိုဖွင့်ထားရန်လိုအပ်ပါသည်။ အထူးသဖြင့် ခြင်ထောင်ထောင် အိပ်ဖို့ရန်မမေ့သင့်ပေ။ ရေရှားပါးသောဒေသများတွင် ရေပတ်တိုက်ပြီးမှ အိပ်ယာဝင်သင့်ပေသည်။ သနပ်ခါးထူထူလိမ်းထားခြင်းသည်လည်း အပူဒဏ်ခံနိုင်ပြီး အအေးဓာတ်ရစေပါသည်။

နွေရာသီတွင် ပြင်းထန်အပူချိန်ကြောင့် Heatstroke ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ပွားလျှင် ရှေးဦးသူနာပြုစုနည်းအတိုင်း အပူသက်သာစေရန် ဆောင်ရွက်ပေးပြီး နီးစပ်ရာ ဆေးခန်း၊ ဆေးရုံသို့ သွားရန် လိုအပ်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် Heatstroke ဖြစ်တတ်သဖြင့် ဂရုစိုက်သင့်ပါသည်။ ကလေးများတွင်လည်း ချွေးမှတစ်ဆင့် မိတ်ဖုကဲ့သို့သော အနီအပိန့်များထွက်လာပြီး အဖျားတက်သည် အထိဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ကလေးငယ်များကို မြန်မာသနပ်ခါးများ လိမ်းပေးထားမည်ဆိုလျှင် အထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်သည်။

နွေရာသီတွင် အပူချိန်ပြင်းထန်လှသဖြင့် အရက်၊ဘီယာသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။ အယ်လ်ကိုဟောနှင့် ပြင်းထန်အပူချိန်တို့ပေါင်းစပ်လိုက်လျှင် ဦးနှောက် သွေးကြောပြတ်သည့် အဆင့်သို့ပင် ရောက်သွားနိုင်ပါသည်။ တတ်နိုင်ပါကဆေးလိပ်ကိုလည်း ရှောင်ရှားသွားသင့်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရသဖြင့် အထူးသဖြင့် နွေရာသီတွင် ဆေးလိပ်သောက်သည့်အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။

နွေရာသီနေ့ခင်းဘက်တွင် နေအပူချိန်အောက်၌ လုပ်ကိုင်ကြရသူများသည် ပူလောင်မှုနှင့် ဆာလောင်မှုဒဏ်ကိုအခိုက်အတန့် ပြေပျောက်စေရန် ရေခဲရေသောက်ခြင်း၊ ရေခဲထုပ်၊ ရေခဲချောင်းများစားခြင်း၊ လက်လုပ်ခြင်း (သရက်သီး၊ ငွေးသီး)များနှင့် အသုပ်မျိုးစုံတို့ကို စားလေ့ရှိကြသည်။ ထိုသို့ပြုမူခြင်းသည် ကျန်းမာရေးကိုများစွာ ထိခိုက်စေသည်။ နွေရာသီတွင်သောက်ရေအတွက် ညဘက်ကတည်းက သဲအိုးထဲတွင် ရေထည့်ထားသင့်သည်။ ထိုသို့ထည့်ထားလျှင် သဲအိုးထဲရှိရေသည် နေ့ခင်းဘက်တွင် ရေခဲရေကဲ့သို့အေးစိမ့်ပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီမှုရှိသည်။

နွေရာသီ အပူဒဏ်ကိုအံတုနိုင်ရန်သည် သဘာဝကပေးထားသော သစ်ရိပ်၊ ဝါးရိပ်များ သာလျှင် အကောင်းဆုံးဖြစ်သည်။ မိမိအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားမည် ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်သည်။ တောဝလေ့ ထန်းရွက်နှင့် သက်ငယ်တဲများသည် အပူဒဏ်ခံနိုင်သော အဆောက်အအုံများပင်ဖြစ်သည်။ တတ်နိုင်ပါက သက်ကြီးရွယ်အိုများနှင့်ကလေးများအတွက် ယာယီအပူရှောင်တဲများ ဆောက်လုပ်ပေးထားသင့်ပေသည်။



အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် အယ်နီညိုကြောင့်အပူလှိုင်းဖြတ်သဖြင့် သောက်သုံးရေ ရှားပါးပြတ်လတ်ကာ အသေအပျောက်များ ဖြစ်ပွားလျက်ရှိသည်။ မြန်မာနိုင်ငံတွင်မူ သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများ၊ ပရဟိတစိတ်ဓာတ်ပြည့်ဝကြသည့် အလှူရှင်များသည် သောက်သုံးရေရှားပါး ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းကူညီ ဖြေရှင်းပေးလျက်ရှိသည်။ သောက်သုံးရေအရေးပေါ်လိုအပ်လျှင် ဆက်သွယ်သတင်းပို့နိုင်မည့် ဖုန်းနံပါတ်များကိုလည်း ရုပ်သံမီဒီယာများမှတစ်ဆင့် နေ့စဉ်ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ပြည်သူများအတွက် စိတ်အေးချမ်းရပါသည်။

နည်းပညာများ အံ့မခန်းတိုးတက်လာသောကမ္ဘာကြီးတွင် အစွန်းရောက်ရာသီဥတုကို ကျွန်ုပ်တို့ လူသားများ ကြုံတွေ့ခံစားလာရပြီဖြစ်သည်။ သစ်ပင်များကို လွန်ကဲစွာခုတ်လှဲခြင်း၊ မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာထဲသို့ ဓာတုအဆိပ်အတောက်ပစ္စည်းများစွန့်ပစ်ခြင်း၊ မြေပေါ် မြေအောက်အပါအဝင် အာကာသထဲသို့ပင် နျူကလီးယားလက်နက်များ ပစ်ခတ်စမ်းသပ်ခြင်းစသည့် လူသားတို့၏ အတ္တပယောဂများကြောင့် ကမ္ဘာကြီးသည် တစ်နေ့တခြား ကျန်းမာရေးချူချာလာနေပြီဖြစ်သည်။ နွေရာသီတွင် အပူလှိုင်းဖြတ်ခြင်း၊ မိုးရာသီတွင် မိုးခေါင်ခြင်း၊ မိုးသည်းထန်ခြင်း၊ ဆောင်းရာသီတွင်အအေးလှိုင်းဖြတ်ခြင်းစသည့်အစွန်းရောက် ရာသီဥတုများကို ဆက်တိုက်ကြုံတွေ့လာကြရပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးအချိန်မီပြုပြင်သွားကြရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

ခြုံ၍တင်ပြရလျှင် 'အသက်ကိုဉာဏ်စောင့် ဥစ္စာကိုကံစောင့်" ဆိုသလိုပြင်းထန်လှသော အပူဒဏ်အောက်တွင် ကျန်းမာစွာဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများ မှန်ကန်ဖို့လိုပါသည်။ လူသားတို့သည်အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကို ဆက်တိုက်ကြုံတွေ့လာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်သည်။ အထူးသဖြင့် ယခုလိုပူပြင်းလှသော နွေရာသီတွင် အပူဒဏ်ကို ခံနိုင်ရန်အတွက် သဘာဝနည်းကိုသာ အသုံးပြုသင့်သည်။ ဆိုလိုသည်မှာ သဘာဝကျကျ နေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကို လွယ်ကူစွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲခေတ်မီ အီလက်ထရောနစ်ပစ္စည်းများ၊ သဘာဝလွန် အစားအသောက်များကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင် ရေရှည်တွင် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပါကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။

## ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုင်းရင်းဆေးသေတ္တာများ ပေးအပ်

**ဝါးခယ်မ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကျေးရွာများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် တိုင်းရင်းဆေးသေတ္တာများပေးအပ်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်တိုင်းရင်းဆေးကုဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာ စီမံချက်အရ ကျေးရွာနေ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရေးပေါ် အလွယ်တကူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ဖြန့်ဝေပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ၊ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ၊ စည်းကမ်းချက်များအား တက်ရောက်လာသော ဦးကြီးတော်၊ သဲကုန်းနှင့် တလိုင်းစုကျေးရွာအုပ်စုများမှ တိုင်းရင်းဆေးသေတ္တာ တာဝန်ခံများကို ရှင်းလင်းပြောကြားပေးပြီး တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## နတ်တလင်းမြို့နယ်တွင် သောက်သုံးရေအဆင်ပြေစေရန် ရေကန်များပြန်တူး

**နတ်တလင်း မေ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် သောက်သုံးအခက်အခဲရှိနေသော ကျေးရွာအုပ်စုများကို လာမည့်နွေရာသီကာလ၌ အဆင်ပြေစေရန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဝင်းနိုင်ထွန်းဦးဆောင် ပြီးရေရှားပါးမှု ပြဿနာကိုဒေသနေပြည်သူများ ရင်ဆိုင်မကြုံတွေ့စေရန် ရည်ရွယ်ချက်ဖြင့် နွယ်ခွေကျေးရွာအုပ်စု နွယ်ခွေကျောင်းကန်၊ ကျွန်းကတုတ်ကျေးရွာ၊ ကျောင်းကန်နှင့် ကျခတ်ဝါးရုံရွာသစ်မှ သောက်သုံးရေကန်များအား ဧပြီလ နောက်ဆုံးပတ်မှစတင်၍ တူးဖော်နေပြီဖြစ်ကြောင်း သိရသည်။

နတ်တလင်းမြို့နယ်မှာ မြို့ပေါ်ရပ်ကွက်များအပါအဝင် ကျေးရွာအုပ်စုပေါင်း ၈၄ အုပ်စုရှိရာ ယခု မိမိတို့ဌာနမှ ဆောင်ရွက်ပေးနေသောကျေးရွာများမှာ သောက်သုံးရေအခက်အခဲရှိနေသောနေရာများဖြစ်၍ ဦးစားပေးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လတ်တလောရေရှားပါးမှုကိုလည်း ရေကားများဖြင့် ပို့ဆောင်ပေးနေကြောင်း၊ ပြည်သူများသောက်သုံးရေ အဆင်ပြေစေရန် လူမှုရေးအဖွဲ့အစည်းများနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြောင်း၊ ယခု ရေကန်များကိုလည်းအနက် သုံးပေ၊ အကျယ်ပတ်လည် ပေ ၁၀၀ စီထပ်မံတူးဖော်နေကြောင်း ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ပြောသည်။ **ဝ၇၁**

## ဝမ်းတွင်းမြို့နယ်တွင်း သောက်သုံးရေများ ဖြန့်ဝေ

**ဝမ်းတွင်း မေ ၁**

အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်အတူ အပူရှိန်များ မြင့်တက်လာသောကြောင့် ဝမ်းတွင်းမြို့နယ် အတွင်းရှိ ကျေးရွာအချို့တွင် ရေကန်များခန်းခြောက်ခြင်း၊ မြေအောက်အဝီစိတွင်းများ ရေထွက်နည်းပါးမှုကြောင့် သောက်သုံးရေအခက်အခဲများ မရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ရေများသွားရောက်လှူဒါန်းနေကြောင်း သိရသည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဧပြီ ၂၈ ရက်က ပန်းကြိုင်ကျေးရွာအုပ်စု အိုးပြွန်ကန်ကျေးရွာ အိမ်ခြေ ၆၈၊ လူဦးရေ ၄၅၀ အတွက် သောက်သုံး ရေဂါလန် ၃၂၀၀ ဖြန့်ဝေခဲ့သည်။

မိမိတို့ကျေးရွာသည် ဝမ်းတွင်းမြို့နယ်၏ အနောက်တောင်ဘက်အစွန် တောင်ဘက်တွင် မိတ္ထီလာမြို့နယ် အနောက်ဘက်တွင် မလှိုင်မြို့နယ်တို့အကြားရှိပြီး ယခုကဲ့သို့ ကျေးရွာအရောက် ရေဖြန့်ဝေပေးသည့်အတွက်ကျေးဇူးတင်ကြောင်း အိုးပြွန်ကန်ကျေးရွာခေါင်းဆောင် ဦးကျော်သိန်းက ပြောသည်။ **ဌေးလှိုင်(ဝမ်းတွင်း)**

## ကယားပြည်နယ်ကန္တာရဝတီ Trade Center ဖွင့်လှစ်

**လွိုင်ကော် မေ ၁**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ဧပြီ ၂၉ ရက် နံနက် ၈ နာရီခွဲက ကယားပြည်နယ် ကန္တာရဝတီ Trade Center ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားရာ ယနေ့သည် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းသစ်တစ်ခု စတင်ဖောက်လုပ်သည့် နေ့ဖြစ်ကြောင်း၊ ပြည်နယ်၏ သဘာဝအလှနဲ့ ရိုးရာယဉ်ကျေးမှုတွေကြောင့် နိုင်ငံခြားခရီးသွားများက စိတ်ဝင်စားလာသည့် နေရာဒေသလည်းဖြစ်ကြောင်း၊ ယခုလို အခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် ကျွမ်းကျင်သူပညာရှင်များ ရေးဆွဲသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-N.E.S) မှာ ကယားပြည်နယ်က ခရီးသွားလုပ်ငန်း (Tourism sector) အား အကောင်အထည် ဖော်ခဲ့သည်မှာ အတော်အတန် အောင်မြင်မှုရမှာဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်အတူ ကုန်သွယ်ရေးကိုလည်း တစ်ချိန်တည်း တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းကြောင့် ယခုလို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့ကနေ ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကန္တရဝတီ ကုန်သွယ်မှုဗဟိုဌာနကို စတင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မိမိပြည်နယ်က ထွက်ရှိသော ကုန်ပစ္စည်းများ၏ သတင်းအချက်အလက်များအား ကမ္ဘာ့အရပ်ရပ်ကုန်သည်များဆီသို့ ကြော်ငြာပေးမည့်နေရာဖြစ်ကြောင်း၊ ဒေသခံကုန်သည်များ၏ လုပ်ငန်းအောင်မြင်စေရန် ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးသွားမည့် နေရာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးအောင်စိုးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားကာ ကန္တရဝတီ (Trade Center) ဖွင့်ပွဲ အခမ်းအနားကို ကယားပြည်နယ်ဝန်ကြီး ချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမော်မော်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်(တာဝန်)တို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် ဧည့်သည်တော်များက ကန္တရဝတီ Trade Center



အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် (တာဝန်)၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် သူနာပြုစွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**ဘားအံ မေ ၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် သူနာပြုစွမ်းရည်ပြိုင်ပွဲများကို ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ အရည်အသွေးမြင့်မားစေရေး၊ တပ်ဖွဲ့ဝင်အချင်းချင်း ချစ်ခင်ရင်းနှီးစေပြီး ပူးပေါင်းလိုစိတ်ရှိစေရေးအတွက် ရည်ရွယ်ပြီး ဧပြီ ၃၀ ရက် နံနက် ၉ နာရီက စတင်ကာ ဘားအံမြို့ သီရိလမ်းရှိ ပြည်နယ်ကြက်ခြေနီသိုလှောင်ရုံတွင် ကျင်းပပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် သဘာဝဘေးဒဏ်နှင့် မတော်တဆ ထိခိုက်မှုဖြစ်ပွားလာပါက ပြည်သူလူထုအား ရှေးဦးသူနာပြုစုနည်းများဖြင့် စနစ်တကျ ကူညီဆောင်ရွက်ပေးရာတွင် လုပ်ဆောင်ရမည့် သရုပ်ပြကွက်များကို ပေးထားသော ခေါင်းစဉ်အလိုက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ယှဉ်ပြိုင်ကြသည်။

အငယ်တန်းအဆင့်တွင် ဘားအံမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ၊ အကြီးတန်းအဆင့်တွင် ဘားအံမြို့နယ်၊ ကျေးရွာလေးရွာအပါအဝင် ဘားအံတက္ကသိုလ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ပြိုင်ပွဲဝင် ၁၂၅ ဦး ယှဉ်ပြိုင်ကြကြောင်းနှင့် ထူးချွန်ဆုများအား မေ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့တွင် အခမ်းအနားဖြင့် ထိုက်တန်စွာ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သတင်းစာရှင်းလင်းပွဲကျင်းပ

**စစ်တွေ မေ ၁**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းမီဒီယာများ၊ အဖွဲ့အစည်းများအား သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်အတွင်းရှိ သတင်းမီဒီယာများ၊ သတင်းစာဆရာများအဖွဲ့၊ စာရေးဆရာများအဖွဲ့များ၊ မြို့မိမြို့ဖများ၊ INGO၊ NGO များမှ တာဝန်ရှိသူများတက်ရောက်၍ သတင်းရယူခြင်း၊ မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစာရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးထွန်းဝေက မိမိတို့ဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းကာ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မီဒီယာများက သိရှိလိုသည့် မေးခွန်းများအား မေးမြန်းကြရာ DVB သတင်းထောက် ကိုအောင်က ကျေးရွာများသို့ ရေသယ်ပို့နေမှု၊ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေနေမှုအား နည်းလမ်းလေးသွယ်ဖြင့်ဆောင်ရွက်နေမှုအား သိရှိလိုသည့် မေးခွန်းများကိုလည်းကောင်း၊ စစ်တွေမြို့နယ်စာရေးဆရာများအသင်း ဥက္ကဋ္ဌ ဗဂျီးကျော်က ကျေးလက်ဦးစီးဌာနမှ တင်ဒါခေါ်ယူရာတွင် အင်ဂျင်နီယာသတ်မှတ်ချက်များကိုလည်း မည်သည့်အချိန်တွင်စတင်ကျင့်သုံးမည်နည်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား စစ်ဆေးမှု ရှိ/မရှိ မေးခွန်းအားလည်းကောင်း၊ RFA သတင်းထောက် ကိုမင်းသိန်းအောင်က ပုဏ္ဏားကျွန်းမြို့နယ် ပဒေသာကျေးရွာနှင့် ဆားပြင်ကြီးကျေးရွာတို့တွင် ရေကန်ရှိသော်လည်း ရေမရှိသည့်ကိစ္စအားမည်သို့ ဆောင်ရွက်သွားမည်ကိုလည်းကောင်း၊ စာရေးဆရာဖဒူစံရွှေက ပေါက်တောမြို့နယ် အချို့သောကျေးရွာများတွင် ရေရှားပါးမှု၊ ပဒူကျေးရွာတွင် ရေရှားပါးနေမှုအား ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ မေးခွန်းအားလည်းကောင်း၊ Sky Net မှ ကိုထွန်းထွန်းလွင်မှ ရက်(၁၀၀)စီမံကိန်းစတင်မည့်နေ့ပြီးဆုံးမည့်နေ့ ရက်(၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်း၊ ဘတ်ဂျက်လိုအပ်မှု ရှိ/မရှိ၊ ရေတို၊ ရေရှည်စီမံကိန်းများအားလည်းကောင်း၊ မြို့မိမြို့ဖအဖွဲ့ ဦးသန်းရွှေမှ ပုဏ္ဏားကျွန်းမြို့နယ် လက်ဝဲမြိုကျေးရွာ ရေလိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်းကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေအားလည်းကောင်း၊ INGOအဖွဲ့မှ ကိုစိုးနိုင်မှ ကျောက်တော်မြို့နယ် အောင်ဇေယျ၊ ပုံဇားကျေးရွာများရေရှားပါးမှုဆောင်ရွက်ပေးရန် ရှိ/မရှိမေးခွန်းအား လည်းကောင်း၊ MRTV NRC မှ အေးသန်းမောင်က ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်နေမှုများ ပြည်သူအတွက် အကျိုးဖြစ်ထွန်းမှုမည်မျှရှိသည်ကို သိရှိလိုသည်ကို မေးမြန်းခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းခဲ့ကြသော မေးခွန်းများကို ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးဦးထွန်းဝေက မေးခွန်းတစ်ခုချင်းစီအလိုက်ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက် (ရခိုင်)**

## ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကျင်းပ

**ကောလင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၁၆) ဆင်းပွဲကို ဧပြီ ၂၉ ရက် ညနေ ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၅၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၁ ရက်မှ ဧပြီ ၂၉ ရက်အထိ ကိုးရက်ကြာမြင့်ကြောင်း သင်တန်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနလုပ်ငန်းများ၊ တာဝန်များအား ရှင်းလင်းပို့ချခဲ့သည်။ **အောင်ကျော်စိုး(ကောလင်း)**

## မြစိမ်းရောင်စီမံကိန်း ကျေးရွာများရွေးချယ်ရေးညှိနှိုင်း

**တောင်တွင်းကြီး မေ ၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းကျေးရွာ စိစစ်ရွေးချယ်ရေးညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းက စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အခြေခံရမည့်အချက်များကို ရှင်းလင်းဆွေးနွေးကာ မြစိမ်းရောင်ကျေးရွာ ၁၀ ရွာအား ဦးစားပေးအဆင့်အလိုက် ရွေးချယ်ပေးခဲ့ကြသည်။

**၅၈၀**


SAMSUNG
Galaxy S7 edge | S7
လိုင်းဆွဲအား အကောင်းဆုံး
မြန်မာပြည်မှာ
လိုင်းဆွဲအားအကောင်းဆုံး
Rethink what a phone can do
telenor Special Package
အခမဲ့ 1 လစဉ် GB Data + 100 လစဉ် mins On Net Call × 3 လ
Capture App: 22 GB Data Storage Space (Free Unlimited Upload / Download Data within 3 months)
SAMSUNG Premium Care (1 year)
Quick Service
Delivery Service
VIP Hotline
Loan Set
Premium Care စတင်မိတ်ဆက်ခြင်းအထူးခံစားခွင့်
မတော်တဆ ဖုန်းမျက်နှာပြင်ထိခိုက်မှုရှိလျှင်
အောက်ဖော်ပြပါမှ တစ်ကြိမ် ခံစားခွင့် (၂၀၁၆ စက်တင်ဘာလ ၃၀ ရက်နေ့ အထိသာ)
- ဖုန်း ရှေ့မျက်နှာပြင်ကွဲခြင်း အတွက် (ပစ္စည်းခ ၅၀% သာ နှင့် ဝန်ဆောင်ခ အခမဲ့) သို့မဟုတ်
- ဖုန်း ကျောဘက်ကွဲခြင်း အတွက် (ပစ္စည်း နှင့် ဝန်ဆောင်ခ လုံးဝ အခမဲ့)
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၂၈) ကြိမ်မြောက် ထီဖေါက်ချိန် ၂၀၁၆ ခုနှစ်၊ မေ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ဏ - ၄၁၁၁၉၄

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

သ - ၇၅၈၉၉၉ လ - ၉၉၁၇၆၄

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဟ - ၃၂၈၂၈၁
ဏ - ၄၁၇၂၀၆
ဈ - ၆၅၇၄၇၈
ဃ - ၇၈၇၅၇၆
ဝ - ၈၇၉၉၆၂

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဃ - ၄၃၄၉၈၅
ဃ - ၄၈၀၃၁၈
သ - ၆၃၀၀၆၀
ဒ - ၆၄၉၅၃၃
ဝ - ၇၈၉၁၅၂
မ - ၈၃၅၃၁၈

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ဍ - ၁၁၃၉၈၁
လ - ၃၂၀၄၀၆
သ - ၃၃၂၂၂၄
န - ၃၇၉၅၄၂
ခ - ၄၄၂၆၆၉
ဟ - ၅၈၅၂၇၆
ရ - ၅၉၉၃၁၃

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဂ - ၁၈၁၇၄၃
တ - ၁၈၇၀၂၂
က - ၂၄၅၈၀၁
စ - ၂၆၈၄၆၇
ည - ၃၁၈၆၃၃
ရ - ၃၃၂၂၉၉
ဓ - ၃၇၈၆၉၆
ကခ - ၄၁၀၄၈၂
ဂ - ၄၆၄၃၅၃
ကခ - ၅၃၂၂၈၂
လ - ၅၇၉၇၂၄
ဠ - ၆၂၆၂၅၃
ထ - ၆၄၂၉၂၅
ဃ - ၇၂၄၂၈၄
ဋ - ၇၇၁၃၃၇
တ - ၈၆၈၃၀၀
ဠ - ၉၀၆၉၇၀
ဍ - ၉၀၈၅၄၆

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

ဓ - ၁၁၈၄၂၆
ကခ - ၁၈၁၃၁၅
လ - ၂၃၉၉၀၀
ပ - ၃၂၀၂၇၅
ဗ - ၃၄၀၀၅၈
ဂ - ၃၈၃၈၄၃
တ - ၄၄၆၃၈၀
စ - ၄၅၂၂၁၁
မ - ၅၀၀၉၆၄
ရ - ၅၀၉၃၆၂
ဟ - ၅၂၅၂၉၉
ဓ - ၅၄၅၅၃၂
သ - ၅၉၇၆၀၈
ဗ - ၆၅၁၅၀၉
ပ - ၆၉၈၃၇၈
ရ - ၇၉၂၃၃၈
ဗ - ၈၂၉၀၀၃
င - ၉၂၁၆၅၄
ဇ - ၉၂၄၆၉၃
ဒ - ၉၈၉၈၄၇

### ဆုတစ်ဆုချင်းကျပ်(၂၅)သိန်းဆုများ

န - ၁၅၉၂၆၁
ဒ - ၁၈၂၅၃၈
ဒ - ၁၈၄၇၁၈
ရ - ၂၅၉၅၅၈
ဂ - ၃၄၀၄၂၆
တ - ၄၀၄၂၀၁
အ - ၄၀၅၁၈၁
ဈ - ၄၂၀၇၉၆
န - ၄၆၄၀၀၈
ခ - ၄၈၂၈၆၆
ဇ - ၅၀၂၇၄၃
တ - ၅၂၄၆၄၆
ဏ - ၆၈၇၃၉၈
ဃ - ၇၃၈၅၄၁
စ - ၈၀၉၇၂၆
ဒ - ၈၈၄၁၅၆
န - ၉၂၂၂၀၃
ဖ - ၉၂၆၃၆၂
သ - ၉၂၇၄၆၈
ကက - ၉၃၁၉၀၈

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| တ | - ၁၀၁၂၄၁ | ထ | - ၅၀၈၈၀၇ |
| မ | - ၁၃၇၆၁၄ | ဟ | - ၅၂၉၈၆၀ |
| ခ | - ၁၇၄၀၃၆ | ဏ | - ၅၆၇၈၅၈ |
| ယ | - ၁၇၇၀၃၀ | န | - ၅၇၅၈၈၈ |
| ဒ | - ၂၀၉၆၄၄ | အ | - ၅၈၄၇၁၄ |
| င | - ၂၅၁၉၃၇ | ထ | - ၆၅၁၇၈၄ |
| ဏ | - ၂၉၃၁၄၇ | ဖ | - ၆၅၆၁၃၅ |
| အ | - ၃၃၀၄၀၁ | ကခ | - ၆၆၁၁၁၃ |
| ကက | - ၃၄၆၂၂၆ | တ | - ၇၁၁၈၈၉ |
| စ | - ၃၆၃၇၃၁ | ဇ | - ၇၇၁၄၁၁ |
| ည | - ၃၆၅၂၃၁ | ဃ | - ၈၁၅၈၁၀ |
| တ | - ၃၈၅၈၅၅ | ယ | - ၈၁၉၇၈၀ |
| ဠ | - ၃၉၃၂၅၀ | ပ | - ၈၆၉၆၅၃ |
| ဗ | - ၄၃၇၄၁၅ | ထ | - ၈၇၀၁၆၀ |
| ကခ | - ၄၄၃၇၀၃ | ဖ | - ၉၂၄၁၃၅ |
| ဠ | - ၄၈၇၃၀၄ | င | - ၉၅၇၅၉၈ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| မ | - ၁၁၄၉၀၀ | ဏ | - ၅၀၀၅၃၂ | ရ | - ၈၁၃၆၅၃ |
| င | - ၁၁၉၆၇၉ | ဇ | - ၅၆၂၄၇၉ | လ | - ၈၃၀၁၀၀ |
| ဍ | - ၁၃၀၆၂၅ | ဇ | - ၆၀၁၃၃၉ | ဃ | - ၈၃၆၃၅၈ |
| ဍ | - ၁၈၂၃၆၇ | ဍ | - ၆၀၃၁၉၅ | ဗ | - ၈၄၃၆၃၈ |
| ရ | - ၁၉၅၅၂၄ | င | - ၆၀၉၆၅၃ | ပ | - ၈၇၉၁၅၆ |
| န | - ၂၀၆၂၂၁ | ဂ | - ၆၁၄၃၄၄ | ဖ | - ၈၈၅၈၇၄ |
| ဖ | - ၂၅၃၀၀၃ | အ | - ၆၆၉၁၃၂ | ဏ | - ၈၉၁၂၇၆ |
| ဇ | - ၂၇၅၈၉၈ | င | - ၆၈၀၁၅၃ | က | - ၉၀၁၀၆၇ |
| ဟ | - ၃၁၉၈၇၃ | ဘ | - ၆၉၈၄၈၆ | ဘ | - ၉၀၄၅၄၂ |
| ယ | - ၃၃၀၆၇၆ | သ | - ၇၀၃၈၀၀ | ဃ | - ၉၀၅၄၇၆ |
| ဓ | - ၃၄၀၀၉၄ | ဈ | - ၇၀၆၂၅၆ | ကက | - ၉၃၅၅၆၆ |
| ဒ | - ၄၀၇၄၂၄ | ကခ | - ၇၁၇၃၂၄ | ဠ | - ၉၃၅၆၆၃ |
| အ | - ၄၁၃၂၆၈ | ဗ | - ၇၆၆၀၅၄ | ဏ | - ၉၃၆၄၅၁ |
| ည | - ၄၂၃၁၅၄ | ဆ | - ၇၈၁၆၂၅ | ဠ | - ၉၃၇၃၃၂ |
| ဍ | - ၄၃၅၄၁၃ | ဓ | - ၈၀၅၅၅၈ | ဇ | - ၉၆၉၁၃၉ |
| ဗ | - ၄၅၁၀၇၀ | တ | - ၈၀၉၈၉၉ | ပ | - ၉၉၅၁၀၄ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| တ | - ၂၄၃၃၄ | လ | - ၅၄၀၇၉ |
| တ | - ၂၇၅၀၁ | ဝ | - ၆၁၉၆၀ |
| လ | - ၄၀၀၃၂ | ဖ | - ၇၈၁၅၆ |
| န | - ၄၃၀၀၃ | ပ | - ၈၂၂၁၄ |
| ည | - ၄၇၉၆၃ | ဖ | - ၈၉၈၆၂ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| န | - ၁၆၀၂ | ဘ | - ၅၁၆၅ |
| ကခ | - ၁၈၉၈ | ဓ | - ၆၂၆၀ |
| ဍ | - ၂၄၃၅ | လ | - ၇၇၆၄ |
| ပ | - ၃၅၈၄ | ဒ | - ၈၉၈၃ |
| ဍ | - ၄၅၃၉ | င | - ၉၅၄၆ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | |
|---|---|
| အ | - ၂၀၄ |
| ဘ | - ၄၄၃ |
| ထ | - ၆၂၉ |
| ဈ | - ၈၇၄ |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ည | - ၂၈ |
| ပ | - ၃၅ |
| င | - ၄၄ |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၂၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ (၂၈၆၃၆၃၀) အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၅၇၂၇၂၆၀၀၀၀) ရရှိခဲ့ပြီး၊ ၎င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၄၃၆၃၅၆၀၀၀)ကို ဆုမဲပေါင်း (၃၅၂၅၉) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၊ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၂၉) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အက္ခရာလုံးရေ (၃၈)လုံး ကုန်စင်အောင်ရောင်းချ ရပါက ဆုမဲပေါင်း (၃၈၂၅၄)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကစ်မ်းမည့်သူများအနေဖြင့် (၃၂၉) ကြိမ် အတွက် ၃ -၅-၂၀၁၆ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိအမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မှုရင်းနှင့် မိတ္တူတင်ပြပြီး နံနက်(၁၁)နာရီ မှ မွန်းလွဲ (၂)နာရီအချိန်အတွင်း ငွေသားလက်ငင်း ပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကစ်မ်းနိုင်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၉- ၅- ၂၀၁၆ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မှုရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊(၆)လအတွင်းရိုက်ကူးထားသည့်မျက်မှန်မပါ ၂" × ၃" ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

ကြော်ငြာ


GOLDEN STAR ခရီးသွားလုပ်ငန်း
* ကျိုက်ထီးရိုး
* ရွှေသောင်သာ/ငွေဆောင်
Hotel
စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448,09-5036640

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားအသီးသန့်/ခရီးစဉ်များ
Ph: 209077, 209388

Ph:09 450024419
09 790629747

DADDY (အသင့်)
ဘားအံ-ကျုံတော်ရေတံခွန်
နေ့ချင်းပြန် ၃၅၀၀၀/- (စရိတ်ငြိမ်း)
မေ-၆ ထွက်မည်။




ကိုညာ KO NYAN
Car Rental & Travel Service
09-5078440,01-551649,01-209183

သင့်သွေးဖြင့်အသက်ကယ်ပါ


## နှစ်ထပ်ကွမ်းလူရည်ချွန်ရွေးချယ်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ အထက(၂)မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း) နဝမတန်း(က)မှ မောင်ဟိန်းထက်အောင်အား အဋ္ဌမတန်းနှင့် နဝမတန်း ပညာသင်နှစ်များတွင် ဘာသာစုံဂုဏ်ထူးနှင့် ပထမဖြင့် အောင်မြင်ရုံမက ဘက်စုံပညာထူးချွန်ဆုကို နှစ်ကြိမ်မြောက် ရွေးချယ်ခံရစေရန် ကျောင်းပညာအပြင် အားကစားနှင့် ဗဟုသုတအဖြာဖြာ သိမှတ်ဖွယ်ရာများကို သွန်သင်ဆုံးမလမ်းပြပေးပါသော ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်မှူး ရဲမြင့်အောင်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှ ဆရာ၊ ဆရာမများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ သင်ကြားပြသပေးသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါသည်။

ဘဘ - ဦးမောင်မောင်စိုး(ရန်ကုန်မြို့တော်ဝန်)-
ကြီးကြီး - ဒေါ်ခင်မြမြအောင်
ကြီးကြီး - ဒေါ်ဖြူဖြူဝင်း(၇-သံလွင်)
ဖေဖေ - Capt. မောင်မောင်မြင့်
မေမေ - ဒေါ်အေးအေးအောင်
ကိုကြီး - ဝေဖြိုးမောင် (Deck Cadet,PCL SHIP MANAGEMENT)

## ရန်ကုန်-လုပ်သားများကောလိပ် သတ္တဗေဒကျောင်းသား/ သူဟောင်းများ အစည်းအဝေးဖိတ်ကြားလွှာ

ရန်ကုန်-လုပ်သားများကောလိပ် သတ္တဗေဒအဓိကဘာသာရပ်တွင် ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများနှင့် ပညာသင်ယူခဲ့သော ကျောင်းသား၊ သူဟောင်းများ(ပညာသင်နှစ်အားလုံး)တို့၏ ဒုတိယအကြိမ် တွေ့ဆုံပွဲ ကျင်းပပြုလုပ်ရန် ပထမအကြိမ်အစည်းအဝေးကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၈-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - ရွှေမန်းကျောင်း၊ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။

ဆက်သွယ်ရန်

ဆရာဦးကျော်ဘုန်းလင်း-၀၉-၄၂၁၁၇၈၅၆၁၊ ကိုစိုးဦး(၁၉၉၄) ၀၉-၅၁၉၆၄၀၂၊ ကိုကျော်စိုးမိုး(၁၉၉၃) - ၀၉-၅၀၅၆၇၇၉၊ ကိုမင်းသူရအောင်(၁၉၉၆)-၀၉-၇၉၈၁၈၃၀၅၉၊ ကိုမြင့်လွင်(၁၉၉၃) ၀၉-၄၃၀၆၈၈၃၆၊ မမော်မော်ထွန်း(၁၉၉၆)-၀၉-၈၆၃၀၅၅၇၊ ကိုအောင်ချိုဝင်း(၁၉၉၄)-၀၉-၅၁၀၂၉၉၈


မြန်မာပြည်တွင် "ပထမဦးဆုံး" "တစ်ဦးတည်း"
"Organic" လက်မှတ်ရ
သဘာဝပေါ်ဆန်းမွှေးစစ်စစ်နှင့်ပဲဆီသန့်ဖြန့်ဖြူးရေး

ထမင်းကို အရသာရှိရှိ၊ ကောင်းကောင်း စားချင်သူများနှင့် တစ်နှစ်စာ ဆန်သိုလှောင်ချင်သူများအတွက် "သဘာဝ" Organic ပေါ်ဆန်းမွှေးရဲ့ အထူးအစီအစဉ် လာပါပြီရှင်. . .

Certified Organic ဆန် (၂၄)ပြည် တစ်အိတ်ဝယ်ပြီး
Slim Bag (၁)လုံး လက်ဆောင်ရယူပါ-
Promotion Period ၁-၅-၂၀၁၆ ရက်မှ ၁၀-၅-၂၀၁၆ရက်ထိ
Ph: 221834, 095150525, 09785150525


## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် အသင်းသားစုံညီအထူးအစည်းအဝေး(Extraordinary General Meeting) ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်၏ အသင်းသားစုံညီ အထူးအစည်းအဝေး (Extraordinary General Meeting)အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက် တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၉ - ၅ -၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ( ၂ း ၀၀ ) နာရီ
ကျင်းပမည့်နေရာ - ကုန်သည်စက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမ

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း


ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သင်္ဘောတင်ခြင်း၊ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့် . . .

**ပြည်ပပို့ကုန် သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း**
အပတ်စဉ်(၆၄)
သင်တန်းစရက် - ၇ - ၅ - ၂၀၁၆
သင်တန်းကာလ - ၇ပတ် (စနေ၊ တနင်္ဂနွေ - နံနက် ၇ မှ ၉:၁၅ နာရီ)

အလင်းသစ်စာပေ
အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-၈၇-၀၃၈၄၈

မြန်မာကော်ဇော-ကူရှင်
* ခန်းဆီးလိုက်ကာပိတ် နှင့် Blinds မျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့်ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။
အမှတ်-(၁၂၀)၊ မဟာဗန္ဓုလလမ်းနှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph : 291317/202921/09-8627489




KMD Institute
UNIVERSITY of GREENWICH · NCC education · ISO



University of Greenwich (UK) ၏ ကွန်ပျူတာသိပ္ပံဘွဲ့ ရရှိနိုင်မည့် အခွင့်အရေး

# L4DC
Level 4 Diploma in Computing

- တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများ နှင့် တက္ကသိုလ်တက်ရောက်နေသူများ UK နိုင်ငံမှ တိုက်ရိုက်ချီးမြှင့်သည့် University of Greenwich ၏ ပထမနှစ် ဒီပလိုမာသင်တန်းကို တက်ရောက်နိုင်ပါသည်။
- သင်တန်းတက်ရောက်နေစဉ်အတွင်း Microsoft professional certificate ရယူနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။
- သင်တန်းပြီးဆုံးပါက အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိရန် On Job Training များကိုလည်းပေးသွားမည်ဖြစ်ပါသည်။

ENROLL NOW !
6 May 2016 (M-F) 1:00PM - 4:30PM
7 June 2016 (M-F) 11:00AM - 2:30PM
11 June 2016 (S-S) 9:00AM - 4:00PM

L4DC [First Year] ➤ L5DC [Second Year] ➤ B.Sc (Hons) BIT [Final Year]

Hotline 01-700895
KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555
နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။



nurture preschool
We nurture tomorrow leaders
GETC










Emotional Development(EQ) · Intellectual Development(IQ) · Moral Development · Physical Development · Social Development

လစဉ်ကျောင်းအပ်လက်ခံနေပါပြီ ...

Weekend English Program
English 4 skills Plus
1. Cambridge Exam Preparation
2. Supplementary skills
3. Life skills for children

Communicative English
General English
FCE IELTS

| မြေနီကုန်း | လှိုင် | တာမွေ | စမ်းချောင်း | မရမ်းကုန်း | အင်းစိန် |
|---|---|---|---|---|---|
| 01-537895 | 01-530097 | 01-549590 | 09262963774 | 01-663960 | 09259822226 |
| 09262963776 | 09254148005 | 09254148006 | 09262963775 | 09259822220 | 09259822227 |



အိမ်ရာ နှင့် လူသုံးကုန်မျိုးစုံ အားအထူးဈေးနှုန်းများဖြင့် ပြသရောင်းချမည့်ပြပွဲကြီး
# YANGON HOUSING & LIFESTYLE EXPO
၅.၅.၂၀၁၆ မှ ၈.၅.၂၀၁၆ နံနက် (၉)နာရီ မှ ည (၆)နာရီ တပ်မတော်ခန်းမ
ပြခန်းများစတင်ရောင်းချနေပါပြီ။ ခုံစမ်းရန် – Smart Business Group Ph:01-656875,667473,09-73014777



GRAND STYLE YOUR PROJECT PARTNER




Special UP TO 60% Discount
Get Cash Voucher Ks 20,000
on every Purchase Ks 200,000
15 March - 15 May ,2016
Lighthouse · GRAND · FOX
www.grandstylemm.com
GrandStyleMM
Thiriyadanar Wholesale Market Compound



အမြန်ရောင်းမည်
Ph: 09-5192055, 09-73187280



ခရုံမြို့နယ်
09-6809893
09-5120620



မတ်လအတွင်းက မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ ခြေစမ်းကစားခဲ့စဉ်။

# လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဇွန်လဆန်း၌ ကျင်းပမည်

သတင်းနှင့်ဓာတ်ပုံ – ရှိုင်းထက်ဇော်

**ရန်ကုန် မေ ၁**

ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း၏ ပြင်ဆင်မှုအဖြစ် လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဇွန်လဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာအသင်းနှင့်အတူ ဗီယက်နမ်၊ ဟောင်ကောင်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

AYA Bank က စပွန်ဆာပေးမည့် လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဇွန်လဆန်းပိုင်းတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပြိုင်ပွဲအကြို ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှာ ပြိုင်ပွဲအကြို ပြင်ဆင်မှုများထဲမှတစ်ခုဖြစ်သည်။ ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများမှာ အာဆီယံဒေသအတွင်းမှ ထိပ်သီးအသင်းများဖြစ်သလို ဟောင်ကောင်အသင်းမှာလည်း အာရှဒေသတွင်း၌ တိုးတက်မှုရှိလာသည့် အသင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့သည် ၂၀၁၅ ခုနှစ် ကုန်ခါနီးက ဟောင်ကောင်တွင် ခြေစမ်းကစားခဲ့ရာ ဂိုးပြတ်ရှုံးနိမ့်ထားခဲ့ပြီး ယင်းခြေစမ်းပွဲမှာ လက်ရှိမြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

# လျှပ်စစ်ကြိုးများနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန် အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော လျှပ်ကာကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ် လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများလဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည်။



ဧပြီ ၃၀ ရက်မှစ၍ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်တွင် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများဦးစီး၍ ခုတ်ထွင်ရှင်းလင်းလျက်ရှိရာ အရှေ့ပိုင်းခရိုင်အတွင်း ဝန်ထမ်းအင်အား ၁၈၅ ဦးဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ကြွေသီးလဲလှယ်ခြင်း၊ ရွှေပေါက်ကံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ တာမွေ၊ တောင်ဥက္ကလာပမြို့နယ်များတွင် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖



နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး မိုးဟိန်းဦးစီး၍ ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များသည် မေ ၁ ရက် နံနက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး ပရဝဏ်တွင် ယမန်နေ့ညနေက တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပျက်စီးမှုများကို စုပေါင်းရှင်းလင်းဆောင်ရွက်နေကြသည်ကို တွေ့ရစဉ်။ လှိုင်သန်းတင့်(ရမည်းသင်း)




